# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၂)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံမှ ပြန်လည်ရောက်ရှိ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

သတင်းစဉ်

**နေပြည်တော် မတ် ၂၀**

ဩစတြေးလျနေသဟာယနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဩစတြေးလျ ဓနသဟာယနိုင်ငံ တပ်မတော်အထူးလေယာဉ်ဖြင့် ကင်ဘာရာမြို့မှ ဆစ်ဒနီမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၀၅ မိနစ်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဆစ်ဒနီမြို့မှ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး စန်းညွန့်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ည ၇ နာရီခွဲတွင် စင်ကာပူနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ်ရှိ ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီးအား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကြီးစားအဆင့်မြှင့်တင်ခြင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီးအား ရေသောက်စနစ်အကြီးစား အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စုပေါင်းအရှည်ပေ ၅၉၀၀၀ ရှိသည့် အဆိုပါဆင်သေလက်ဝဲမြောင်းမကြီးအား ယခုဘဏ္ဍာနှစ်တွင် အရှည်ပေ ၄၂၀၀၀ ကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ ကျောက်လိုင်နင်ဆောင်ရွက်မှုအပိုင်းတွင် အရှည် ၃၂၄၁၅ ပေရှိသည့်အနက် ယခုနှစ်တွင် အရှည်ပေ ၂၀၉၁၀ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်သေလက်ဝဲမြောင်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလမှ စတင်၍ လုပ်ဆောင်နေခြင်းဖြစ်ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ လုပ်ငန်းတွေကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်စက်ယန္တရားအင်အား၊ လူအင်အားတွေသုံးပြီး နေ့ရောညပါ ကြိုးစားဆောင်ရွက်နေပါတယ်၊ လက်ရှိမှာတော့

*စာမျက်နှာ ၅ ကော်လံ ၅* ❄



ဆင်သေရေလွှဲဆည်လက်ဝဲမြောင်းမကြီး ပြုပြင်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။




# ဖော်ထုတ်ထိန်းသိမ်းပြသသင့်သည့် အတိတ်သမိုင်း၏ အထောက်အထားများ

ဗီယက်နမ်-အမေရိကန်စစ်ပွဲကာလ ၁၉၆၈ ခုနှစ် မတ်လအတွင်းက တောင်ဗီယက်နမ်တွင် အမေရိကန်တပ်ဖွဲ့က ကျူးလွန်ခဲ့သည့် ၂၀ ရာစုနှစ်၏ ကမ္ဘာကျော်စစ်ရာဇဝတ်မှုတစ်ခုမှာ နှစ်ပေါင်း ၅၀ တင်းတင်းပြည့်သွားခဲ့ပြီဖြစ်သည်။ ထိုစဉ်က တောင်ဗီယက်နမ်နိုင်ငံ ကွမ်ငိုင်ပြည်နယ်ရှိ မိုင်လေ ခေါ် ရွာစုကလေးတွင် အမေရိကန်တပ်မဟာ ၁၁ ၊ ခြေလျင်တပ်ရင်း ၂၀၊ ပထမတပ်ရင်းမှ ချာလီတပ်ခွဲက ရှာဖွေ-ချေမှုန်း **(search and destroy)** စစ်ဆင်ရေး ပြုလုပ်ရင်း အပြစ်မဲ့ကျေးရွာသူ ကျေးရွာသားများဖြစ်သည့် သက်ကြီး ရွယ်အို၊ သားသည်မိခင်၊ ကလေးငယ်များနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးပါမချန် စုစုပေါင်း လူဦးရေ ၅၀၀ ကျော်ကို လက်နက်ကြီး လက်နက်ငယ်များဖြင့် နာရီပိုင်းအတွင်း သတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ဗီယက်ကောင်း ခေါ် ကွန်မြူနစ်ပြောက်ကျားများကို ရှာဖွေ သုတ်သင်ရန် ရည်ရွယ်ခဲ့သည့် အဆိုပါစစ်ဆင်ရေးတွင် အမှန်တကယ် သတ်ဖြတ်ခံရသူများမှာ လက်နက်မဲ့အရပ်သားများဖြစ်ကြပြီး နေအိမ်များကို မီးရှို့ခံခဲ့ရသည့်အပြင် အမျိုးသမီးငယ်များကိုပါ အုပ်စုဖွဲ့ အဓမ္မပြုကျင့်ခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြခဲ့ကြသည်။

စင်စစ်အားဖြင့် မိုင်လေရွာလူသတ်ပွဲ **(My Lai Massacre)**ဟု လူသိများခဲ့သည့် အမေရိကန်စစ်ဘက်၏ အဆိုပါစစ်ရာဇဝတ်မှုမှာ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နှစ်နှစ်ခန့်ကြာပြီးမှသာ ဝါရင့်သတင်းထောက်တစ်ဦးဖြစ်သူ ဆေးမွားဟက်ရှ်၏ ဖော်ထုတ်ရေးသားမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး အခြားလျှို့ဝှက်ထားရှိသော စစ်ရာဇဝတ်မှုများလည်း ရာနှင့်ချီ၍ ရှိနေခဲ့သည်ဟု သတင်းများက ဆိုခဲ့သည်။ အချိန်ကာလ၏ တိုက်စားမှုနှင့်အတူ အတိတ်၏ ပုံရိပ်များနှင့် နာကြည်းမှုများ တစ်စတစ်စ လျော့ပါးသွားခဲ့သလို တစ်ချိန်တစ်ခါက ရန်သူတော်တို့မှာ လက်ရှိအခြေအနေတွင်မူ အပြန်အလှန် အကျိုးစီးပွား ကိုယ်စီဖြင့် ပေါင်းသင်းဆက်ဆံနေကြပြီဖြစ်သည်။ သို့ရာတွင် ဗီယက်နမ်နိုင်ငံသည် စစ်၏ အနိဋ္ဌာရုံများကို ပြက်ပြက်ထင်ထင်ဖော်ပြကာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံခဲ့ရသည့် မိုင်လေရွာတွင် အထိမ်းအမှတ်နေရာနှင့် ပြတိုက်တို့ကို တည်ထောင်ခဲ့ပြီး သမိုင်း၏ ဖြစ်ရပ်မှန် အထောက်အထားများကို ထင်ရှားစွာပြသထားခဲ့သည်။

တစ်ဆက်တစ်စပ်တည်း ဖော်ပြလိုသည်မှာ မိမိတို့နိုင်ငံနှင့် မိမိတို့ပြည်သူများသည်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော် ဒုတိယကမ္ဘာစစ်ကာလအတွင်း နိုင်ငံခြားတပ်ဖွဲ့များက ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများကို ခံစားခဲ့ရပါလျက်နှင့် အထိမ်းအမှတ် အထောက်အထားတို့ ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ ပျောက်ကွယ်လုနီးနီး ရှိနေခြင်းပင်ဖြစ်သည်။ မိမိတို့မြေပေါ်တွင် စစ်ပွဲလာဆင်နွှဲရင်း သေဆုံးကျဆုံးခဲ့ကြသည့် နိုင်ငံတကာမှ တပ်ဖွဲ့ဝင်တို့၏ စစ်သင်္ချိုင်းများ အထင်အရှားတည်ရှိနေသည့်အပြင် အရိုးကောက်အဖွဲ့၊ စစ်ဘက်အကြွင်းအကျန်များ ရှာဖွေသည့်အဖွဲ့ စသည်ဖြင့် ယနေ့ထက်တိုင် လာရောက်နေကြဆဲဖြစ်သည့် အခြေအနေတွင် အိမ်ရှင် နိုင်ငံသားတို့၏ အထောက်အထားအထိမ်းအမှတ်တို့ ပျောက်ကွယ်နေရခြင်းဖြစ်သည်။

အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အုပ်စုဖွဲ့ အဓမ္မပြုကျင့်ခြင်း၊ လူနေအိမ်ခြေကျေးရွာများကို မီးရှို့ခြင်း၊ လုယက်ခြင်း စသည်တို့ကို လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်သည့်ပြစ်မှု၊ စစ်ရာဇဝတ်မှုများအဖြစ် ပြဋ္ဌာန်းထားရာ ဒုတိယကမ္ဘာစစ်အတွင်း ဝင်ရိုးတန်းနိုင်ငံများ ဖြစ်ကြသည့် ဂျာမနီ၊ ဂျပန်၊ အီတလီတို့မှ တပ်ဖွဲ့ဝင်များကရော မဟာမိတ်နိုင်ငံများဖြစ်သည့် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်အပါအဝင် နိုင်ငံများမှ တပ်ဖွဲ့ဝင်များကပါ လက်နက်မဲ့ပြည်သူများအပေါ် ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်။

မိမိတို့နိုင်ငံတွင်မူ ၁၉၄၂ ခုနှစ်အတွင်း ကိုလိုနီနယ်ချဲ့များ ဆုတ်ခွာထွက်ပြေးကြစဉ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများ၊ မြေလှန် မီးရှို့ခံရပြီး ရွာလုံးကျွတ်ပျောက်ကွယ်သွားခဲ့ရသည့် ဖြစ်ရပ်များ စသည်ဖြင့် ၎င်းတို့၏ စစ်ရာဇဝတ်ကျူးလွန်မှုများ ရှိခဲ့စေကာမူ ထင်ရှားသည့် အထိမ်းအမှတ်များ မတွေ့ရသလောက် ပျောက်ကွယ်နေခဲ့ပြီဖြစ်သည်။ အတိတ်သမိုင်း၏ ဖြစ်ရပ်မှန်များကို ခိုင်ခိုင်မာမာဖော်ထုတ်ခြင်း၊ ထင်ထင်ရှားရှားထိန်းသိမ်းပြသခြင်းသည် အနာဂတ်တွင် အလားတူအမှားမျိုး ထပ်မံ မဖြစ်ပွားစေရေးအတွက် သင်ခန်းစာယူနိုင်ရေးပင် ဖြစ်သည့်အလျောက် ဖော်ထုတ်ထိန်းသိမ်းပြသနိုင်ပါစေကြောင်း။ ။

# (၇၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး အဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ တပ်မတော်ကို **Standard Army** ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ် မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

# ဖျာပုံပြည်သူ့ဆေးရုံကြီး၌ အသည်း၊ အရိုး၊ အကြော အခမဲ့စမ်းသပ်ပေးမည်

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေပရဟိတအသင်း၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနီမလ ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ပြည်သူ့ဆေးရုံတွင် ထိုင်းနိုင်ငံ THE WORLD MEDICAL CENTER ဆေးရုံမှ အသည်းဆိုင်ရာ အထူးကုသမားတော် Dr. AKARAWUT JUMTRA TIRAT နှင့် အရိုးအကြောဆိုင်ရာ အထူးကုသမားတော် Dr. ADISORN PATRADUL တို့က မတ် ၂၄ ရက် နံနက် ၈ နာရီတွင် ဖျာပုံပြည်သူ့ဆေးရုံကြီး၌ ပြည်သူများအား ကုသိုလ်ဖြစ်စမ်းသပ်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အထူးကုသမားတော်ကြီးများသည် အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာများ ဆွေးနွေးခြင်း၊ အရိုးနှင့်ပတ်သက်သော ရောဂါဝေဒနာရှင်များအား အခမဲ့ဆွေးနွေးခြင်းများကို မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီမှ ၄ နာရီ အထိ နိုဗိုတယ်ဟိုတယ်၌ အခမဲ့စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ရာ ဖုန်း ၀၉-၄၂၁၁၆၅၁၆၄၊ ၀၁-၅၅၈၄၅၈ နှင့် ၀၉-၄၂၅၀၁၉၃၁၇ တို့သို့ မည်သူမဆို စာရင်းပေးသွင်းဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဆိပ်ကမ်းမြို့နယ်၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး မှုခင်းအသိပညာပေး

**ရန်ကုန် မတ် ၂၀**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်အတွင်း ပြည်သူများအကြား သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ အသိပညာ တိုးပွားရေး၊ ကြိုတင်ကာကွယ်ရေးနှင့် မဖြစ်ပွားစေရေး အသိပညာပေးမှု လုပ်ငန်းစဉ်များကို မတ် ၁၉ ရက်က ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဦးနှင့် အဖွဲ့ ဦးဆောင်ပြီး ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် မော်တင်လက်မှတ်ရုံ၌ ကျင်းပခဲ့သည်။ (ဓါတ်ပုံ)



**ပြစ်မှုပြစ်ဒဏ်များရှင်းလင်း**

အသိပညာပေးမှုတွင် ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက ပြည်သူများအကြား ဖြစ်ပေါ်လျက်ရှိသော သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ ဖြစ်စဉ်များအား ရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ ဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှပေးသည်။

ယင်းသက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး မှုခင်းအသိပညာပေးဟောပြောပွဲသို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး၊ ဆိပ်ကမ်းမြို့နယ် ခေတ္တစခန်းမှူး ရဲအုပ်ဟန်ထွန်းအောင်နှင့် အဖွဲ့၊ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်စောနှင့် ခရီးသွားပြည်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၀-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၂၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ . ၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၁ . ၅ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ . ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံရေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၀**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဗန္ဓုလခန်းမ၌ တွေ့ဆုံ၍ မိမိတို့ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန်အတွက် မိမိတို့ သဘောဆန္ဒအလျောက် တပ်မတော်တွင်းသို့ ဝင်ရောက် အမှုထမ်းနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ လိုအပ်လျှင် မိမိတို့၏ အသက်၊ ခန္ဓာကိုယ်ကိုပေးဆပ်ရသည်များရှိပြီး ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန်အတွက် လိုအပ်သည်များကို အမြဲတမ်းပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပူတာအိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

**ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်**

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေအမျိုးမျိုးကြောင့် တပ်မတော်အပေါ်မုန်းတီးမှုဖြစ်ပေါ်အောင် ဆောင်ရွက်မှုများရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ချိန်တွင် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် တပ်မတော်မှထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေချိန်တွင် လက်နက်ကိုင်ဖြေရှင်း၍ မရနိုင်ကြောင်း၊ မိမိတို့ တပ်မတော်သားများ အနေဖြင့် မိမိတို့နိုင်ငံကို ကာကွယ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေး တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ခရစ်ယာန်ဘာသာဝင်များအတွက် သမ္မာကျမ်းစာအုပ်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေများကိုလည်းကောင်း၊ တာဝန်ရှိသူများက တပ်ရင်းမှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ/ရသ စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအားလည်းကောင်း ပေးအပ်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပူတာအိုမြို့ရှိ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားများ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေ အဖွဲ့ဝင်များအား တွေ့ဆုံသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပူတာအိုနယ်မြေဒေသ တည်ငြိမ်အေးချမ်းချိန်တွင် သွားလာရေးခက်ခဲမှုမရှိသော်လည်း တည်ငြိမ်အေးချမ်းမှု မရှိချိန်တွင် သွားလာမှုခက်ခဲကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသစားဝတ်နေရေးဖူလုံအောင် နည်းလမ်းရှာ၍ ဆောင်ရွက်ရန်လိုကြောင်း ပူတာအိုဒေသအတွက် အရေးပေါ်အခြေအနေတွင်လမ်းပန်းဆက်သွယ်မှုပြတ်တောက်ပါက တပ်မတော်မှ ဦးစားပေးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ဒေသဝမ်းစာဖူလုံရေးအတွက် အလေးထားဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးရန်နှင့် စိုက်ဧကတိုးချဲ့နိုင်ရန်၊ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး တပ်မတော်စက်ရုံထုတ် အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မွန်းလွဲပိုင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်းအတွင်းရှိ Novogen Brown ဥစားကြက်များမွေးမြူထားရှိမှု၊ သဘာဝမြေဩဇာ(စူပါဘိုကာရှီ)ပြုလုပ်သုံးစွဲမှုနှင့် နို့စားနွား များမွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ၂၀၁၈ နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ခေါင်းဆောင်များ စည်းဝေး

**နေပြည်တော် မတ် ၂၀**

(၁၉)ကြိမ်မြောက်အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ(၂၀၁၈)နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Hotel Amara ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အာဆီယံတက္ကသိုလ်များ အားကစားကောင်စီဥက္ကဋ္ဌ Prof.Dr Mohd Said က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ဥက္ကဋ္ဌ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံတက္ကသိုလ်များအားကစားကောင်စီမှ နည်းပညာကော်မတီဥက္ကဋ္ဌ Mr.Lawrenz Sim က (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈)နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာလှတင့်က (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ(၂၀၁၈)၏ တိုးတက်မှုအစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(ပညာရေး)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်းက (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈)တွင် အသုံးပြုမည့် သင်္ကေတ၊ လာဘ်ကောင်နှင့် ဆောင်ပုဒ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဒေါက်တာ မြလေးစိန်က အားကစားပွဲတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈) ကျင်းပနိုင်ရေးနှင့်စပ်လျဉ်းသည့် အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။




အဆိုပါအစည်းအဝေးသို့ အာဆီယံတက္ကသိုလ်များ အားကစားကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို မတ် ၂၁ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိ

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍**
**သတင်းထုတ်ပြန်ချက်**
**သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၈)**

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့က အမျိုးသားလွှတ်တော်တွင် မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်လည်း မကြာမီ ဆွေးနွေးမည်ဟုသိရှိရပါသည်။ အဆိုပါ ဥပဒေကြမ်းသည် ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီဘဲ နိုင်ငံသားများ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ကို ထိပါးစေသည်ဟုဆိုကာ ပြည်သူများအကြား ကန့်ကွက်လှုပ်ရှားမှုများ ဖြစ်ပွားနေကြောင်းကိုလည်း သိရှိရပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)အပိုဒ် ၁၉ ၌ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၂၀ ၌ လူတိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၂၉၊ အပိုဒ်ခွဲ ၂ တွင်မူ မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

၃။ ထို့အတူပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICCPR) အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ ၌ လူတိုင်းတွင် မိမိ၏ ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် စွဲကိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၁၉၊ အပိုဒ် ခွဲ ၂ ၌ လူတိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၃ တွင်အဆိုပါ အခွင့်အရေးများကိုကျင့်သုံးရာ၌ ကန့်သတ်ချက် တစ်စုံတစ်ရာပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် ယင်းတို့သည် အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများကို လေးစားရန်အတွက်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူအေးချမ်းသာယာရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားအတွက် ကာကွယ်ပေးရန်အတွက်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရနှင့် လိုအပ်ချက်အရ ပြုလုပ်သည့် ကန့်သတ်ချက်မျိုးသာဖြစ်ရမည်ဟု ဖော်ပြထားပါသည်။

၄။ ထို့ပြင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICCPR) အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ တွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်စေမည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှုဆိုင်ရာ မည်သည့်ဟောပြောလှုံ့ဆော်မှုမျိုးကိုမဆို ဥပဒေအရ တားမြစ်ရမည်ဟုလည်း ဖော်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ ဒီမိုကရေစီ၏ အဓိကစံနှုန်းတစ်ရပ်ဖြစ်သော လွတ်လပ်စွာစုဝေးထုတ်ဖော် ပြောကြားခွင့်ကို မထိပါးစေရေးအတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရာတွင် အထက်ဖော်ပြပါ UDHR နှင့် ICCPR ပြဋ္ဌာန်းချက်များကို အလေးထားစဉ်းစားဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပွဲတော် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး



**တောင်ကြီး မတ် ၂၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို တက်ရောက်ဆွေးနွေးမှာကြားသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က ပွဲတော် စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီများအလိုက် အတွင်းရေးမှူးများက ပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က သတင်းနှင့်ပြန်ကြားရေးမှတ်တမ်းဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေး ပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသား လူမျိုးစုများအချင်းချင်း၊ စာပေနှင့် ယဉ်ကျေးမှုများ အပြန်အလှန် သိရှိနားလည်လာပြီး ရင်းနှီးချစ်ခင်မှုမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်း စေရန်မျှော်လင့်ပါကြောင်း၊ တစ်ဆက်တည်း နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာစေရေး အတွက် အထောက်အကူပြုနိုင်ရန် ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝေးရာကုန်းမြင့်သာယာ မီးပုံးပျံကွင်းတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့်ပစ္စည်းများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ဈေးဆိုင်ခန်းများ၊ ဖျော်ဖြေရေးစင်မြင့်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ)လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပ**

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၀ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲကို တောင်ကြီး တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ဖျော်ဖြေရေးများ၊ ဈေးရောင်းပွဲများကို တောင်ကြီးမြို့ အဝေးရာကုန်းမြင့်သာယာ မီးပုံးပျံကွင်းတွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး၏ ပင်လယ်ရေကြောင်း ဆက်သွယ်မှုနှင့် ပို့ဆောင်ရေးစကြံနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးသည် မတ် ၁၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃နာရီတွင် Rhapsody သင်္ဘောပေါ်ရှိ ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုများ ကာကွယ်တားဆီးနိုင်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲများသို့ မော်ရိုကိုနိုင်ငံ၏ မိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ကျွမ်းကျင်ပညာရှင်များ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးဆက်အောင် မော်ရိုကိုနိုင်ငံ Rhapsody သင်္ဘောပေါ်ရှိ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး၏ ပင်လယ်ရေကြောင်း ဆက်သွယ်မှုနှင့် ပို့ဆောင်ရေးစကြံနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ UNHCR ဌာနေကိုယ်စားလှယ်အား တွေ့ဆုံ ထွက်ပြေးတိမ်းရှောင်သူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် မတ် ၂၀**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiisr အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ပြန်လည်လက်ခံရေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုး ဆောင်ရွက်မည့်အစီအစဉ်၊ UNDP နှင့် UNHCR တို့မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ ပြန်လည်ဝင်ရောက်လာသူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်နှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်ရက်များတွင် ရေဆက်သွယ်ကစားလိုသူများ လျှောက်ထားနိုင်

**ရန်ကုန် မတ် ၂၀**
မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေကို ဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စိစစ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ မတ် ၁၃ ရက် (သင်္ကြန်အကြိုနေ့) မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့် လျှောက်ထားကြရမည်။ ယာယီရေဆက်သွယ်ခွင့် လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်)တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ၁၂ ထပ်တိုးချဲ့ရုံးသစ် ပဉ္စမထပ် (ဗိုလ်မြတ်ထွန်းလမ်းနှင့် (၄၆)လမ်းကြားကုန်သည်လမ်းပေါ်)ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရုံးခန်းတွင် အခမဲ့ ထုတ်ယူနိုင်ကြောင်း သိရသည်။

ခွင့်ပြုမိန့် လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် မြို့နယ်(ရေ/သန့်) တာဝန်ခံ၏ မှတ်ချက်ရယူပြီး တင်ပြလျှောက် ထားရမည်ဖြစ်ပါသည်။ ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဝန်ထမ်းများက ရေဆက်သွယ်သူများ လိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် ရေပိုက်လိုင်းများ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကို ဆက်သွယ်၍ ရေကစားခြင်းမပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ဆက်သွယ်၍ ရေကစားခြင်းလုံးဝ(လုံးဝ) မပြုရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



၂၀၁၇ ခုနှစ် သင်္ကြန်ကာလ ရန်ကုန်မြို့ရေကစားမှုမြင်ကွင်းကို တွေ့ရစဉ်။

# မွန်ပြည်နယ်ညွန်ကြားရေးမှူးရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၂၀**
(၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် မော်လမြိုင်မြို့ရှိ ကျိုက်မရောလမ်းမကြီး မင်းရွာကျေးရွာအုပ်စု ရွာသစ်ရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ရုံးအဆောက်အအုံသစ်ဆိုင်းဘုတ်ကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် အခမ်းအနား တက်ရောက်လာသူများက ရုံးအဆောက်အအုံသစ်အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ်က ရုံးဆောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ အဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊ အဆောက်အဦ အထူးအဖွဲ့(၁၃)က တာဝန်ယူပြီး စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၃၂ ဒသမ ၁ သန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၄/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၀**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ဆုံးဖြတ်ခဲ့**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ခုနစ်ခုနှင့် အတည်ပြုမိန့် ခုနစ်ခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကွမ်းလုံတံတားသစ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရန် စာချုပ်လက်မှတ်ရေးထိုး




**နေပြည်တော် မတ် ၂၀**
ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းပေါ်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့် တည်ဆောက်မည့် ကွမ်းလုံတံတားသစ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အကူအညီပေးရေးဆိုင်ရာ Exchange Letter အား လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ကွမ်းလုံတံတားသည် သံလွင်မြစ်ကို ဖြတ်ကူးသော တံတားကြီးတစ်စင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် တရုတ်ပြည်မကြီးနှင့် ဆက်သွယ်သော စီးပွားရေးမဟာဗျူဟာကျသည့် လမ်းမပေါ်တွင် တည်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းပြီးမြောက်ပါက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင် ကွမ်းလုံတံတားစီမံကိန်းနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ကြိုတင်ပြင်ဆင်ခဲ့ရာ ယခုအခါ တရားဝင်စီမံကိန်း အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ကြောင်း၊ စီမံကိန်းအရ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ယူနန်ပြည်နယ်တို့ ဆက်သွယ်သည့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ခြင်း၊ ကုန်စည်စီးဆင်းမှုတိုးမြင့်လာနိုင်ခြင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပိုမိုတင်ပို့လာနိုင်ခြင်းအပြင် မိုင်းတုံ၊ ချင်းရွှေဟော်ဒေသတွင် နေထိုင်သော ပြည်သူလူထုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်းအပြင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးကို အထောက်အကူပြုမည့်အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေကြေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ စသည့်အခြေခံအဆောက်အအုံများ ကူညီနိုင်သဖြင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီ-ကွမ်းလုံ- ချင်းရွှေဟော် လမ်းပေါ်ရှိ သံလွင်တံတား(ကွမ်းလုံ) တံတားသစ်အား စီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် Exchange Letter အား လက်မှတ်ရေးထိုးခြင်းဖြစ်ပါကြောင်း၊ တံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီ - ကွမ်းလုံ-ချင်းရွှေဟော်လမ်းပေါ်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် တည်ဆောက်မည့် ကွမ်းလုံတံတားသစ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Exchange Letter အား လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်တံတားမြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**ကျောက်တံတား မတ် ၂၀**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်တွင် ပြည်သူ့စကားဝိုင်း (Public Talk) ကို မတ် ၂၅ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကျောက်တံတားမြို့နယ် စာပေဗိမာန်ရုံးအစည်းအဝေး ခန်းမ(ဒုတိယထပ်)၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးမည်**

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ဦးနေဘုန်းလတ်(Blogger,Writer)၊ ဒေါက်တာနွေးနွေးအောင် (Happy World)၊ ဦးသက်ပိုင်ခ [CEO&Co.Founder (JOOFK)]၊ ဒေါ်ချိုလဲ့အောင်(Founder &CEO,Tree Food) တို့မှ "လူငယ်နှင့် စွန့်ဦးတီထွင်မှု"ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ Moderator အဖြစ် ဒေါ်ကြည်ပြာ (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)က ဆောင်ရွက်မည်ဖြစ်ပြီး ဆွေးနွေးပွဲတက်ရောက် လာသူများထဲမှ ပထမဆုံး Registration ပြုလုပ်သူ ၁၀၀ အား စာအုပ်များ မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

❄ ***ရှေ့ဖုံးမှ***

ဆောင်ရွက်နေတဲ့အပိုင်းရဲ့ ၆၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ၊ နောက်ထပ် ဒီဆင်သေလက်ဝဲတူးမြောင်းမကြီးရဲ့ ကျန်ရှိနေတဲ့ မြေကြီးလုပ်ငန်း၊ ကျောက်လိုင်နင်စီခြင်းလုပ်ငန်းနဲ့ တူးမြောင်းအဆောက်အအုံဆောင်ရွက်ခြင်းလုပ်ငန်း၊ လက်တံမြောင်းများနဲ့ ယင်းတို့နဲ့ ဆက်စပ်တဲ့ တူးမြောင်းအဆောက်အအုံလုပ်ငန်းတွေကိုလည်း လာမယ့် ဘဏ္ဍာနှစ်တွေမှာ ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ဦးစီးဆောင်ရွက်နေသည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါလုပ်ငန်းသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project- ADSP) အရ ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့်ဆောင်ရွက်သည့် သုံးနှစ်စီမံကိန်းဖြစ်ကြောင်း သိရသည်။ လက်ရှိဆောင်ရွက်ပြီးစီးသည့် အပိုင်းတွင်လည်း တောင်သူများအား စိုက်ပျိုးရေပေးဝေထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆင်သေလက်ဝဲမြောင်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးပါက လက်ရှိလက်ဝဲတူးမြောင်းမကြီး၏ ရေသောက်ရေိယာဧက ၇၅၀၀ ကို စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်မည့်အပြင် နောက်ထပ်ဧက ၉၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မည် ဖြစ်သဖြင့် ဒေသခံတောင်သူများအတွက် များစွာအကျိုးရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဆင်သေဆည်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဆင်သေလက်ဝဲတူးမြောင်းမကြီးသည် သဲဆန်သောမြေဖြစ်ခြင်း၊ တောင်ကုန်းတောင်ကြောများအား ဖြတ်သန်းဖောက်လုပ်ခဲ့ရခြင်းကြောင့် တူးမြောင်းအတွင်းသဲနုန်းများပို့လာခြင်း၊ ရေစိမ့်ယိုမှုများခြင်းတို့ကြောင့် စိုက်ပျိုးရေပေးဝေရာတွင် အခက်အခဲရှိလာသဖြင့် ယခုကဲ့သို့ အဆင့်မြှင့်တင် ပြန်လည်ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၀** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# မြေသိမ်းအက်ဥပဒေအရ မြေသိမ်းခြင်းဆိုသည်မှာ

**ကျော်ဝေစည်**

နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ နိုင်ငံတော်အတွင်းရှိမြေများသည် တည်ဆဲဥပဒေများအရ မြေအမျိုးအစားများစွာဖြင့် တည်ရှိနေသည်။ လယ်မြေ၊ ယာမြေ၊ ကိုင်းမြေ၊ ကျွန်းမြေ၊ ဓနိမြေ၊ ဥယျာဉ်ခြံမြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ တောရိုင်းမြေ၊ ဆည်မြောင်းမြေ၊ တာတမံမြေ၊ မြစ်ချောင်းနှင့် ရေအောက်မြေ၊ အင်းအိုင်မြေ၊ မြို့မြေ၊ ရွာမြေ၊ သာသနာမြေ၊ သုသာန်မြေ၊ ရေကန်မြေ၊ လမ်းမြေ၊ သတ္တုတွင်းမြေ၊ ကျွဲ၊ နွားစားကျက်မြေ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေစသည်တို့ ဖြစ်သည်။ မြေသိမ်းအက်ဥပဒေတွင်“မြေ”ဆိုသည်မှာ မြေမှရရှိသော အကျိုးအမြတ်နှင့် မြေတွင်စွဲကပ်နေသောအရာဝတ္ထုများ သို့မဟုတ် မြေတွင်စွဲကပ်နေသည့်အရာများနှင့် အမြဲတမ်းချည်နှောင်ထားရှိသည့် အရာများကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

### မြေသိမ်းအက်ဥပဒေ

နိုင်ငံတော်အစိုးရသည် အမျိုးအစားများစွာရှိသော မြေအသုံးချမှုများအတွက် မြေယာမူဝါဒများကို ချမှတ်ရသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မြေယာဖော်ထုတ်ခွင့်၊ မြေအသုံးချခွင့်များကို စည်းမျဉ်းစည်းကမ်းများသတ်မှတ်၍ ခွင့်ပြုရသကဲ့သို့ အများပြည်သူအကျိုးငှာမြေတစ်စုံတစ်ရာ လိုအပ်လာလျှင်လည်း ဥပဒေနှင့်အညီ မြေသိမ်းခြင်းကို ဆောင်ရွက်ရသည်။ သို့ရာတွင် မြေယာဖော်ထုတ်ခြင်း၊ မြေအသုံးချခွင့်ပြုခြင်းသည် မြေသိမ်းခြင်းနှင့် ရည်ရွယ်ချက်အားဖြင့်လည်းကောင်း၊ လုပ်ဆောင်ချက်အားဖြင့်လည်းကောင်း တူညီချင်းမရှိပေ။ နိုင်ငံတော်တွင် ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေသည် တည်ဆဲဥပဒေတစ်ရပ် ဖြစ်သည်၊ ဥပဒေ၏ မူရင်းအမည်မှာ The Land Acquisition Act;1894 ဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီဖြစ်သည်။ မြေအမျိုးအစားအမျိုးမျိုးကို သိမ်းယူနိုင်သည့် တစ်ခုတည်းသော မြေသိမ်း အက်ဥပဒေဖြစ်သည်။

မြေသိမ်းအက်ဥပဒေအရ မြေသိမ်းခြင်းဆိုသည်မှာ အများပြည်သူအကျိုးငှာ အလိုရှိသောမြေကို အဖိုးစားနားသတ်မှတ်၍ ဝယ်ယူခြင်းမဟုတ်သကဲ့သို့ မြေရယူလိုသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ သဘောဆန္ဒအရအလိုရှိတိုင်းသိမ်းယူခွင့်ရှိနေခြင်းလည်းမဟုတ်ပေ။ မည်သည့်မြေသိမ်းအမှုကိုမဆို နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးငှာ မြေသိမ်းယူရန် သဘောတူဆုံးဖြတ်မှသာ သိမ်းယူခွင့်ရှိသည်။ ထို့ပြင်မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှသာလျှင် မြေသိမ်းအက်ဥပဒေအရ မြေသိမ်းခြင်းဟု ဆိုရပါမည်။

### မြေသိမ်းကော်လိတ္တော်အရာရှိ

မြေသိမ်းအက်ဥပဒေအရ မြေသိမ်းလုပ်ငန်းကိစ္စအဝဝကို နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ယူဆောင်ရွက်ရသူမှာ မြေသိမ်းကော်လိတ္တော်အရာရှိဖြစ်သည်။ မြေသိမ်းကော်လိတ္တော်အရာရှိကို မြေသိမ်းအက်ဥပဒေအရ နိုင်ငံတော်အစိုးရက အထူးခန့်အပ်တာဝန်ပေးရသည်။ (Collector includes any officer specially appointed by the Governor to perform the functions of a collector under this Act.) စင်စစ်အားဖြင့် မြေသိမ်းကော်လိတ္တော်အရာရှိသည် မြေသိမ်းအက်ဥပဒေအရ မြေသိမ်းရန်နှင့် လျော်ကြေးငွေများပေးချေရန် မြေသိမ်းအမှုတစ်ခုချင်းအတွက် သီးခြားခန့်အပ်ခြင်းခံရသူဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြေသိမ်းကော်လိတ္တော်အရာရှိအဖြစ် ဆောင်ရွက်သူသည် မြေသိမ်းလုပ်ငန်းတစ်ရပ်လုံးကို နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ခံဆောင်ရွက်ရသူဖြစ်၍ ပြည်သူ့အုပ်ချုပ်ရေးအတွေ့အကြုံရှိပြီး တွေးခေါ်ဆင်ခြင်မှု အသိဉာဏ်မြင့်မားသည့် အကြီးတန်းအရာရှိတစ်ဦးဖြစ်သင့်သည်။

### မြေသိမ်းဆည်းရန် လျှောက်ထားခြင်း

မြေသိမ်းဆည်းရန်လျှောက်လွှာကို မြေတည်ရှိရာခရိုင်၏ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်သွင်းရသည်။ အကယ်၍ အလိုရှိသောမြေသည် ခရိုင်တစ်ခုထက်ပို၍ ပါဝင်တည်ရှိနေလျှင် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးအသီးသီးထံသို့ သီးခြားလျှောက်လွှာတစ်စောင်စီ တင်သွင်းရသည်။ လျှောက်လွှာတွင် သာမန်အားဖြင့် မြေသိမ်းဆည်းရန် နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းအကြီးအကဲ၏ အုပ်ချုပ်မှုဆိုင်ရာသဘောတူညီချက်နှင့် ဘဏ္ဍာရေးဆိုင်ရာသဘောတူညီချက်၊ သိမ်းဆည်းမည့်မြေတည်နေရာ၊ နယ်နိမိတ်၊ မြေအမျိုးအစား၊ မြေရေိယာကိုဖော်ပြသည့် သက်သေခံမြေပုံနှင့် မြေရာဇဝင်၊ သိမ်းဆည်းရန်ရည်ရွယ်သော မြေ၏ပိုင်ရှင်အမည် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူများ၏ အမည်နှင့် နေရပ်လိပ်စာများ၊ မြေကိုအသုံးပြုရန်ရည်ရွယ်ချက်၊ သိမ်းဆည်းရန် ရည်ရွယ်သော မြေ၏ပတ်ဝန်းကျင်ပြမြေပုံနှင့် အဆောက်အအုံများ အကွက်ချပုံစံ၊ လယ်ယာမြေဖြစ်ပါက လယ်ယာမြေကို အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်များစသည့် အချက်အလက်များပူးတွဲပါရှိရန် လိုအပ်သည်။

### မြေသိမ်းအမှုတွဲဖွင့်လှစ်ခြင်း

ခရိုင်အုပ်ချုပ်ရေးမှူးသည် လျှောက်လွှာနှင့်အတူ ပါရှိရမည့်အချက်အလက်နှင့် အထောက်အထားများပြည့်စုံပါက အမှုတွဲဖွင့်လှစ်ပြီးလျှင် တာဝန်ရှိသူများနှင့်အတူ မြေသိမ်းရန်အဆိုပြုထားသည့် မြေနေရာသို့သွားရောက်၍ အမှုတွဲတွင်ပါရှိသည့် မြေပုံ၊ အလား(၄)ရပ်များ၊ နယ်နိမိတ်၊ ကွင်းအမည်နှင့် ဦးပိုင်များ မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးသည်။ အလိုရှိသည့်မြေကို သိမ်းယူရာတွင် ဘာသာရေးအဆောက်အအုံများ၊ သင်္ချိုင်းဂူများ၊ သင်္ချိုင်းမြေများမပါစေရန်ကိုလည်း တတ်နိုင်သမျှရှောင်ရှားရသည်။ ထို့ပြင် မြေသိမ်းရန်ရည်ရွယ်ချက်သည် အများပြည်သူအကျိုးနှင့် သက်ဆိုင်ခြင်း ရှိမရှိကိုလည်းကောင်း၊ အခြားကန့်ကွက်ချက်တစ်စုံတစ်ရာရှိ မရှိကိုလည်းကောင်းစိစစ်၍ မိမိ၏တွေ့ရှိချက်များကို အစီရင်ခံစာရေးသားပြီး အမှုတွဲကိုသက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်အစိုးရထံသို့ ဆက်လက်ပေးပို့တင်ပြရသည်။

### နိုင်ငံတော်အစိုးရက ဆုံးဖြတ်ခြင်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း မည်သည့်နေရာဒေသတွင်ရှိသည့် မြေကိုမဆို အများပြည်သူအကျိုးငှာ မြေသိမ်းယူရန်လိုအပ်လျှင် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြော်ငြာရသည်။ တာဝန်ပေးအပ်ခြင်းခံရသည့် ကော်လိတ္တော်အရာရှိကလည်း ထိုမြေတွင် အကျိုးခံစားခွင့်ရှိသူတစ်ဦးချင်းထံသို့ ကန့်ကွက်လိုလျှင် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားစာပေးပို့ရသည်။ သိမ်းယူမည့်မြေနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူတစ်ဦးသည် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ခွင့်ရှိသည်။ ကန့်ကွက်ချက်သည် မြေတိုင်းတာခြင်း သို့မဟုတ် မြေဧရိယာနှင့် သက်ဆိုင်ပါကထိုပြဿနာကိုပြေလည်စေရန် ကန့်ကွက်သူနှင့်ကော်လိတ္တော်အရာရှိတို့၏ ရှေ့မှောက်တွင် ကျွမ်းကျင်သော မြေတိုင်းဝန်ထမ်းအား ထပ်မံတိုင်းတာစေရသည်။ ကန့်ကွက်ချက်သည်ခိုင်လုံသည်ဟု ထင်မြင်ပါက သိမ်းယူလိုသောမြေကို ပြောင်းလဲပြင်ဆင်ရန် မြေသိမ်းလျှောက်ထားသူနှင့် ညှိနှိုင်း၍ တတ်နိုင်သမျှပြင်ဆင်ပေးရသည်။ ယင်းသို့ အရေးယူဆောင်ရွက်မှုများ ပြီးစီးသည့်အခါမှသာ ကော်လိတ္တော်အရာရှိသည် မိမိ၏ဆောင်ရွက်ချက်များပါဝင်သည့်အစီရင်ခံစာကို နိုင်ငံတော်အစိုးရထံသို့ အဆုံးအဖြတ်ခံယူရန် အဆင့်ဆင့်ဆက်လက်တင်ပြသည်။ နိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်သည်။

### အများပြည်သူအကျိုးအတွက်ရည်ရွယ်ချက်ဖြစ်ခြင်း

အများပြည်သူအကျိုး (Public purpose)ဆိုသည်မှာ နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ပြန်တမ်းတွင် ထည့်သွင်းကြေညာလေ့ရှိသော ကျေးရွာသစ်ထူထောင်ခြင်းကဲ့သို့ လုပ်ငန်းများဖြစ်ကြောင်း မြေသိမ်းအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အများပြည်သူအကျိုး (Public purpose) ဆိုသော စကားရပ်သည် မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် အဓိကမောင်းနှင်အားဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အများပြည်သူအကျိုးဟုတ်သည် မဟုတ်သည်ကို မြေသိမ်းရန်ရည်ရွယ်ကြောင်း ကြေညာချက်မထုတ်ပြန်မီ အဆုံးအဖြတ်ပေးရပြီး အများပြည်သူအကျိုး အတွက် မြေသိမ်းရန်သဘောတူပါကထိုမြေကို အလိုရှိကြောင်း ကြေညာချက်ထုတ်ပြန်သည်။ ဤကြေညာချက်သည် မြေသိမ်းယူခြင်းအတွက် အပြီးသတ်သက်သေခံချက်ပင် ဖြစ်သည်။(The declaration is conclusive as well as authoritative.)

### နစ်နာကြေးနှင့် လျော်ကြေးသတ်မှတ်ပေးခြင်း

ကော်လိတ္တော်အရာရှိသည်သိမ်းယူရန် ရည်ရွယ်သည့်မြေနှင့်စပ်လျဉ်း၍ မြေ၏တန်ဖိုး၊ နစ်နာကြေးနှင့် လျော်ကြေးတို့ကို သတ်မှတ်ပေးရသည်။ ဤသို့ဆောင်ရွက်ရာတွင် သတိပြုရန်မှာ တင်ပြလာသည့် သက်သေခံချက်များအရ နိုင်ငံတော်အစိုးရနှင့် အကျိုးခံစားခွင့်ရှိသူတို့အကြား တရားဥပဒေနှင့်အညီ အမှုစီရင်ရသည့် တရားမတရားသူကြီးတစ်ဦးအနေဖြင့် ဆောင်ရွက်ရခြင်းမဟုတ်ဟူသော အချက်ပင် ဖြစ်သည်။ ၎င်း၏ တာဝန်သည်မြေတွင် အကျိုးခံစားခွင့်ရှိသူအားလုံး၏အကျိုးကို စောင့်ရှောက်ရန်နှင့် သိမ်းယူမည့်မြေ၏တန်ဖိုး (Market Value)၊ နှစ်ရှည်ပင်နှင့် သီးနှံလျော်ကြေးများ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ အခြားကုန်ကျစရိတ်များနှင့် အဆောက်အအုံဖျက်သိမ်းပြောင်းရွှေ့စရိတ်တို့ အပါအဝင် အထွေထွေသောခေါင်းစဉ်များအရ သတ်မှတ်ပေးရမည့်နစ်နာကြေးနှင့် လျော်ကြေးငွေပမာဏကို အစွမ်းကုန် သေချာအောင်ပြုလုပ်ရန်ဖြစ်သည်။

### ပွင့်လင်းမြင်သာစွာဆောင်ရွက်ရခြင်း

မြေသိမ်းအက်ဥပဒေတွင် သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ လျော်ကြေးငွေ၊ နစ်နာကြေးငွေများ သတ်မှတ်ပြီးသိမ်းယူခြင်း၊ လျော်ကြေးငွေကို သတ်မှတ်ပေးရခြင်းမရှိသေးသည့်တိုင် အရေးပေါ်ကိစ္စများအတွက် သိမ်းယူခြင်း၊ မြေကိုယာယီသိမ်းယူခြင်းဟူ၍ မြေသိမ်းယူခြင်းသုံးမျိုးကိုတွေ့ရှိရသည်။ မည်သည့်မြေသိမ်းအမှုတွင်မဆို အများပြည်သူသိရှိစေရန်နှင့် မြေတွင်အကျိုးခံစားခွင့်ရှိသူများကို အသိပေးရန် လိုအပ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခြင်း၊ သိမ်းယူမည့်မြေတွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အကြောင်းကြားခြင်း၊ အကျိုးခံစားခွင့်ရှိသူများအား လျော်ကြေးငွေတောင်းခံနိုင်ကြောင်းနှင့် လျော်ကြေးငွေနှင့် စပ်လျဉ်း၍ကန့်ကွက်ချက်များရှိကပေးပို့နိုင်ကြောင်း အကြောင်းကြားစာထုတ်ပြန်ခြင်းတို့ကို မြေသိမ်းအက်ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရသည်။

အချုပ်အားဖြင့် ဆိုရပါလျှင် နိုင်ငံတော်အတွင်းရှိ မြေဟူသမျှကို နိုင်ငံတော်က ပိုင်ဆိုင်ပါသည်။ နိုင်ငံတော်က ပိုင်သည်ဆိုသော်လည်း နိုင်ငံသားတစ်ဦးတစ်ယောက်ထံသို့ ဥပဒေနှင့်အညီ အသုံးပြုခွင့်ပေးထားသော မြေတစ်စုံတစ်ရာကို လွယ်လွယ်သိမ်းယူခြင်းမပြုသင့်ပါ။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခု၏ လိုအပ်ချက်ဖြစ်ရုံမျှဖြင့်လည်း သိမ်းယူခြင်းမပြုသင့်ပါ။ နိုင်ငံတော်အကျိုး သို့မဟုတ် အများပြည်သူအကျိုးငှာ အထူးလိုအပ်ချက်ရှိမှသာ လိုအပ်ချက်ထက်မပိုသော မြေဧရိယာကို ဥပဒေနှင့်အညီ သိမ်းယူသင့်ပါသည်။ ယင်းသို့ အများပြည်သူအကျိုးငှာမြေသိမ်းယူရာတွင် မြေသိမ်းခံရသူများ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များရရှိရေးကိုလည်း နည်းလမ်းတကျ ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

(ဤဆောင်းပါးသည် ၁၈၉၄ မြေသိမ်းအက်ဥပဒေအရမြေသိမ်းခြင်းကို ခြုံငုံသိရှိနိုင်ရန် မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များမှ အရေးကြီးသည့် အချက်များကို ဆီလျော်သလို ကောက်နုတ်ဖော်ပြခြင်းသာ ဖြစ်ပါသည်)

> **“မြေသိမ်းအက်ဥပဒေအရ မြေသိမ်းခြင်းဆိုသည်မှာ အများပြည်သူအကျိုးငှာ အလိုရှိသောမြေကို အဖိုးစားနားသတ်မှတ်၍ ဝယ်ယူခြင်းမဟုတ်သကဲ့သို့ မြေရယူ လိုသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ သဘောဆန္ဒအရ အလိုရှိတိုင်းသိမ်းယူခွင့်ရှိနေခြင်းလည်းမဟုတ်ပေ။ မည်သည့်မြေသိမ်းအမှုကိုမဆို နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးငှာ မြေသိမ်းယူရန် သဘောတူဆုံးဖြတ်မှသာ သိမ်းယူခွင့် ရှိ”**

## မတ်လထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင်ဆန်းသစ်ဝေဆာစွာ ထွက်ပြီ

နှစ်ပေါင်း ၄၀ ကျော်စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာ ပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ခေတ်မီ အကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(မတ်လ)ကိုပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မတ်လထုတ် သုတပဒေသာစာစောင်တွင် ဆရာကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ဦးဟန်ညွန့်(ဥပဒေ)၊ သန်းစော(စီပီအေ)၊ ဒေါက်တာကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ “မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး” မျက်နှာဖုံးဆောင်းပါးများ၊ ထင်ဇော်မှူးသင်၊ မောင်ပေါ်ထွန်း၊ အောင်စေ (World Peace)၊ အေးဖြူတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဇင်မင်း၊ စည်သူလှိုင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)တို့၏ နိုင်ငံတကာရေးရာဆောင်းပါးများ၊ ရည်ဝင်းလှိုင်၊ သောင်းထိုက်ဦး(သဃ်န်းကျွန်းကြီး)၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ကိုကိုအောင်(အလုပ်သမား)၊ မြသိန်းတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ရဲထက်ဇော်၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင် (ကျောက်ကြီး)ပါမောက္ခ ဦးသိန်းလှိုင်၊ စိုးစိုး(ပန်းတောင်း)၊ နွယ်နွယ်မာ၊ ဆောင်းဝင်းလတ်၊ ကိုရင်ကျော်၊ နေမျိုးနိုင်၊ မောင်ကျေးဇူး၊ မင်းထွေးနောင်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို စီစဉ်တင်ဆက်ထားသည်။ အဆိုပါ စာစောင်ကိုတစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေးနေပြည်တော် ဖုန်း-၀၆၇-၃၄၃၄၆၈၀၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးဖုန်း ၀၂-၃၀၁၈၆၊ မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံမှ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းအား လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြု

**နေပြည်တော် မတ် ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာတွင် ပြင်ဆင်ရန်လိုအပ်သည့် အပိုဒ်၊ အပိုဒ်ခွဲများမှ အပဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ ပြင်ဆင်ရန် အဆိုပြုချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက အသေးစိတ်ဆွေးနွေးခဲ့ပြီး ဖြစ်သဖြင့် မူလအဆိုပြုချက်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ တင်ပြခဲ့သည့် သဘောထားမှတ်ချက်များအတိုင်းသာ လွှတ်တော်မှ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ကြောင်းကို ညှိနှိုင်းသဘောတူညီခဲ့ကြပါကြောင်း။

### အတည်ပြု ပြဋ္ဌာန်းသင့်

ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ပြီး ဖြစ်သဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ မူလတင်ပြခဲ့သည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြပါကြောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကမန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြသည်။

### တိုးမြှင့်ကောက်ခံရရှိနိုင်မည့် အခွန်

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ချေးငွေ၏ အဓိကရည်မှန်းချက်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးအောင်မြင်လာရေး၊ သယ်ယူပို့ဆောင်မှုလွယ်ကူအဆင်ပြေ ချောမွေ့ရေးနှင့် ကျေးလက်နေပြည်သူဘဝ တိုးတက်လာစေပြီး ဆင်းရဲမှုလျှော့ချရေးအတွက် ဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ သဖန်းဆိပ်ဆည်၏ လက်ရှိရေပေးဝေနိုင်မှု အနေအထား၊ အဆင့်မြှင့်တင်မှုဆောင်ရွက်မည့် အစီအစဉ်၊ တိုးချဲ့ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်မည့် အစီအမံ၊ လက်ရှိ ရေခွန်ကောက်ခံရရှိမှု အနေအထား၊ ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပြီး တိုးမြှင့်ကောက်ခံရရှိနိုင်မည့် အခွန်အနေအထား၊ လက်ရှိ သဖန်းဆိပ်ဆည်ရေအပေါ် စိုက်ပျိုးထုတ်လုပ်နိုင်မှု GDP နှင့် တစ်ဦးချင်းဝင်ငွေ အနေအထားများ၊ ဆောင်ရွက်မည့် ဆည်လုပ်ငန်းနှင့် လယ်ယာမြေလုပ်ငန်းကိုလည်း ဆောင်ရွက်မည့် ပုံစံလုပ်ငန်းစဉ်များ ရှင်းပြသင့်သည်ကို အကြံပြုလိုပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဌာနမှဆောင်ရွက်မည် မဟုတ်ဘဲ ကန်ထရိုက်တာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ကန်ထရိုက်တာလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် အမည်ပျက်စာရင်းဝင် ကုမ္ပဏီများက မသမာသည့်နည်းနှင့် ဝင်ရောက်ရယူလိုသည်များ မပြုလုပ်နိုင်ရန် ကြိုတင်ကာကွယ်ရန် လိုအပ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလာသည့်အချိန် အဆင်ပြေချောမွေ့စေရန် လေ့လာဆန်းစစ်သင့်ပါကြောင်း၊ ယခု ချေးငွေဖြင့် ရထားလမ်း အဆင့်မြှင့်တင်ခြင်းဖြင့် တိုးလာနိုင်မည့် ရထားဝင်ငွေ၊ တွဲဆိုင်းများ ထပ်တိုးဆောင်ရွက်နိုင်မှု၊ ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်မှု စသည်တို့ကို ကြိုတင်မှန်းဆ တွက်ချက်မှုများလည်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က စိုက်ပျိုးရေးဝင်ငွေ တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်ယန်း ၃၀ ဒသမ ၄၆၉ ဘီလီယံရှိသည့် ချေးငွေကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဖန်းဆိပ်ဆည်ရေသောက်

> “ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဌာနမှဆောင်ရွက်မည်မဟုတ်ဘဲ ကန်ထရိုက်တာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ကန်ထရိုက်တာလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် အမည်ပျက်စာရင်းဝင် ကုမ္ပဏီများက မသမာသည့်နည်းနှင့် ဝင်ရောက်ရယူလိုသည်များ မပြုလုပ်နိုင်ရန် ကြိုတင်ကာကွယ်ရန် လိုအပ် ”



ဦးခင်ချို
လှိုင်းဘွဲ့မဲဆန္ဒနယ်မှ

စနစ် ရေယာဉကေ ငါးသိန်းခန့်အပေါ် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသော အိမ်ထောင်စု ခုနစ်သောင်းခန့်ကို အကျိုးပြုရန် ရည်ရွယ်ထားသည့် စီမံကိန်းဖြစ်သည်ဟု သိရပါကြောင်း။

### အလေအလွင့်နည်းအောင် စိစစ်ကြပ်မတ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၂)၊ အပိုင်း(၁)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် JICA မှ ဂျပန်ယန်း ၅၆ ဒသမ ၆၂၂ ဘီလီယံကို ချေးယူမည်ကို သိရှိရပါကြောင်း၊ ချေးငွေအနေဖြင့် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀ နှင့် ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်သည့်အပြင် အတိုးနှုန်းသည် တစ်နှစ် ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သောကြောင့် အတိုးနှုန်းသက်သာသည့် ချေးငွေဖြစ်သည့်အတွက် ချေးယူသင့်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ ထောက်ခံပေးပါရန် ထောက်ခံပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နှစ်စဉ်အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ရငွေနှင့် သုံးငွေများအပေါ် အလေအလွင့်နည်းနိုင်သမျှ နည်းအောင် စိစစ်ကြပ်မတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆိပ်ကြီး၊ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က စီမံကိန်းဆိုင်ရာ ဘတ်ဂျက်တွက်ချက်လျာထားမှုကို ကျစ်ကျစ်လျစ်လျစ် နီးနီးစပ်စပ်ဖြစ်စေလိုသည့်အတွက် အပိုဆောင်းအရန်ငွေကျပ် ၈၅ ဘီလီယံ တွက်ချက်လျာထားရခြင်းကို ဂဃနဏ ရှင်းလင်းပေးစေလိုပါကြောင်း၊ ယင်းစီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းပြောကြားချက်အရ စီမံကိန်းတစ်ခုလုံး၏ ငွေကြေးပြန်ပေါ်နှုန်း ၁၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ယင်းနှုန်းအတိုင်းဆိုလျှင် စီမံကိန်းရင်းနှီးမြှုပ်နှံမှုသည် ငါးနှစ်ဖြင့် အရင်းကျေမည့်သဘော ဖြစ်နေပါကြောင်း၊ အလွန်ကောင်းသည့် ရင်းနှီးမြှုပ်နှံမှုပြန်ရမှုဟု သတ်မှတ်ရမည်ဖြစ်သော်လည်း ယင်းတွက်ချက်မှုသည် လက်တွေ့နှင့် နီးစပ်မှု ရှိ၊ မရှိကို တွေးစရာဖြစ်နေပါကြောင်း။

ယင်းစီမံကိန်း ဆောင်ရွက်လိုက်ခြင်းအားဖြင့် စိုက်ဧက မည်မျှတိုးလာသည်၊ အောင်ဧက မည်မျှရှိသည်နှင့် အထွက်နှုန်း မည်မျှတိုးလာပြီး လယ်ယာထွက်ကုန်တန်ဖိုး မည်မျှပိုရလာသည်ကို သိရှိလိုပါကြောင်း၊ ကုန်ထုတ်လမ်းနှင့် လမ်းတံတားများ အဆင့်မြှင့်တင်လိုက်သည့်အတွက် စီမံကိန်း မဆောင်ရွက်မီ အနေအထားထက် သယ်ယူပို့ဆောင်စရိတ်များ မည်မျှသက်သာသွားသည်ကိုလည်း ပြည့်ပြည့်စုံစုံ သိလိုပါကြောင်း၊ သောင်တူးစက်ကဲ့သို့ အထူးလိုအပ်ချက်အရ ဝယ်ယူဖြည့်တင်းရသည့် စက်ကိရိယာများကို ကန့်ကွက်စရာမရှိသော်လည်း မိမိဝန်ကြီးဌာနတွင် ရပ်ထားရသည့် လယ်ထွန်စက်၊ ဘက်ဟိုး၊ ဘူဒိုဇာ စသည့် စက်ကိရိယာများရှိနေပါကြောင်း၊ ယင်းစက်ကိရိယာများကို ချေးငွေရရှိသဖြင့် ဝယ်ယူလိုက်သည်ကဲ့သို့ မဖြစ်စေရန် အရေးကြီးပါကြောင်း၊ ဝယ်ယူမည့် စက်ပစ္စည်းကိရိယာများ၏ အရေအတွက်နှင့် အမျိုးအမည်ကို အသေးစိတ် ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း။

### မှန်ကန်သည့် ချေးငွေတစ်ခုဖြစ်စေလို

မိမိအနေဖြင့် ယင်းစီမံကိန်းကို ကန့်ကွက်ခြင်း မဟုတ်သကဲ့သို့ စီမံကိန်းမှရရှိမည့် အကျိုးကျေးဇူးများကို အသိအမှတ်မပြုခြင်းလည်း မဟုတ်ပါကြောင်း၊ စီမံကိန်းသက်ရောက်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ဝမ်းမြောက်ဝမ်းသာလိုလားသကဲ့သို့ ယင်းချေးငွေဝန်ထုပ်ဝန်ပိုးကို ထမ်းရသည့် တစ်နိုင်ငံလုံးမှ ပြည်သူများအတွက် မှန်ကန်သင့်မြတ်သည့် ချေးငွေတစ်ခုဖြစ်စေလိုသည့် စိတ်ရင်းဖြင့် ထောက်ပြပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက် မြောက်နေ့ကျင်းပမည့်ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## Other Account ဆိုသည်မှာ

Other Account ၏ အမည်အပြည့်အစုံမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) - Union Fund Account- Other Account - UFA OA ဖြစ်ပါသည်။ လွယ်လွယ်ဖြင့် Other Account ဟုခေါ်ခြင်းသာ ဖြစ်ပါသည်။ ထိုစာရင်းမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ဌာနဆိုင်ရာ ငွေထုတ်စာရင်းဖြစ်သော MD Account (Ministries and Department Account) အပြင် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက်တောင်းခံ၍ ထပ်မံဖွင့်လှစ်သော အခြားစာရင်းရှင်များ ဖြစ်ပါသည်။

## ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၀**

ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဝန်ကြီးဌာနများအဖွဲ့(၁၆)ကြိမ်မြောက် ပုံမှန်ညှိနှိုင်းအစည်းအဝေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် M-Gallery ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် UNICEF , Child Protection Officer ဦးမြတ်မင်းသူက ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာဝန်ကြီးဌာနများ လုပ်ငန်းအဖွဲ့၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို မတ် ၂၀ နှင့် ၂၁ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၀**

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## လဟယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးသစ်ဖွင့်

**လဟယ် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက်က လဟယ်မြို့ ကျေးလက်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ လဟယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးခေါင်းပေါ့က ရုံးသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လဟယ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်ကို နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ နာဂဦးစီးအလုပ်အမှုဆောင် ဦးလော်ယုံ၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးဝင်းကျော်မျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ရုံးအဆောက်အအုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၇ ဒသမ ၃၂ ဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား ၆၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၂ ပေ RC အုတ်ညှပ် တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**လဟယ်(ပြန်/ဆက်)**

# စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပြဋ္ဌာန်း

**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ**
**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ။ )**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်**
**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်လက်၍ရေးသားသောအချက်** ဆိုသည်မှာ ရေးမှတ်ခံရသူများ၏ အမည်၊ အဘ အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဆိုသည်။

(ဂ) **ထပ်ဆင့်ရေးမှတ်ချက်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများ၏ မျက်နှာဖုံးတွင်ဖြစ်စေ၊ အတွင်းစာရွက်များ သို့မဟုတ် နောက်ဆက်တွဲ စာရွက်စာတမ်းများတွင်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိက ရေးသွင်းသည့် ရေးသွင်းချက်ကိုဆိုသည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မြေနှင့်မြေမှ ဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော၊ မြေ၌ စိုက်ထူစွဲကပ်ထားသော သို့မဟုတ် မြေ၌ စိုက်ထူစွဲကပ်ထားသည့်အရာ၌ အမြဲချည်နှောင်စွဲကပ်ထားသော အဆောက်အအုံနှင့် အရာဝတ္ထုများကို ဆိုသည်။ ယင်းစကားရပ်တွင် မြေ၌ ပေါက်လျက်ရှိသည့် သစ်ပင်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များမပါဝင်။

(င) **ရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှ တစ်ပါး အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(စ) **အငှားစာချုပ်** ဆိုသည်မှာ စိုက်ပျိုးရန်သော်လည်းကောင်း၊ နေထိုင်ရန် သော်လည်းကောင်း၊ လက်ရှိထားရန် သော်လည်းကောင်း၊ အခြား တစ်နည်းနည်း အသုံးပြုရန်သော်လည်းကောင်း ငှားရမ်းသည့် သဘောတူစာချုပ်ကို ဆိုသည်။

(ဆ) **အရွယ်မရောက်သေးသူ** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆိုသည်။

(ဇ) **ကိုယ်စားပြုသူ** ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင် အုပ်ထိန်းခွင့်ရသည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စား အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဈ) **ကိုယ်စားလှယ်** ဆိုသည်မှာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကိုယ်စားခန့်ထားခြင်းခံရသူ သို့မဟုတ် အခြားသူများနှင့် ဆက်ဆံရာတွင် သူတစ်ပါးအတွက် ကိုယ်စားပြုသူကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဏ) **စုံစမ်းစစ်ဆေးရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်း စာချုပ်စာတမ်းမှတ်ပုံတင် လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးရန်တာဝန်ရှိသည့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကို ဆိုသည်။

## အခန်း(၂)
## စာချုပ်စာတမ်းများ မှတ်ပုံတင်အရာရှိ အဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့ကို သတ်မှတ်ခြင်း

၄။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း၏ အကြီးအမှူးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ခရိုင်၏ စုံစမ်းစစ်ဆေးရေးမှူးဖြစ်သည်။

၇။ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသည့် ဦးစီးဌာနမှ အရာရှိသည် သတ်မှတ်ထားသော မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၈။ ဒုတိယဦးစီးမှူးအဆင့်အောက်မနိမ့်သော မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်၏ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိ ဖြစ်သည်။

## အခန်း(၃)
## စာချုပ်စာတမ်းမှတ်ပုံတင်ရုံးဖွဲ့စည်းတည်ထောင်ခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးကို မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ စုစည်း၍ ဖွင့်လှစ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ မြို့နယ်များမှအပ ကျန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လိုအပ်သည့် ဝန်ထမ်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ တာဝန်များကို ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အသုံးပြုသည့် မှတ်ပုံတင်စာအုပ်နှင့် အသုံးပြုသည့်ပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည်-

(က) ဦးစီးဌာနက သတ်မှတ်သော ပုံစံအရွယ်အစားနှင့် ဖော်ပြရမည့် အချက်များပါရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ တံဆိပ်တုံးများ၊ ရုံးတံဆိပ်တုံးများကို အသုံးပြုရမည်။

(ခ) ဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေသည့် သတ်မှတ်သော မှတ်ပုံတင်စာအုပ်များနှင့် ပုံစံများကို အသုံးပြုရမည်။

(ဂ) အသုံးပြုသော မှတ်ပုံတင်စာအုပ်များ၏ စာမျက်နှာတိုင်းတွင် ပုံနှိပ်အမှတ်စဉ်များကို အစဉ်လိုက် မှတ်သားထားရမည်။

(ဃ) ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ ထားရှိရမည်။

(င) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် အမှုတွဲများကို လုံခြုံစွာသိမ်းဆည်းနိုင်ရန် အမှုတွဲခန်း ဖွင့်လှစ်ထားရှိရမည်။

## အခန်း(၄)
## စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း

၁၆။ အောက်ပါစာချုပ်စာတမ်းများကို ဤဥပဒေအရ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်သည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အပိုင်ပေးသည့် စာချုပ်စာတမ်းများ၊

(ခ) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ် တစ်သိန်းနှင့်အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန်ပြုလုပ်သည့် သေတမ်းစာ မဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင် ခွင့်အပေါ် တရားရုံးကချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊

(ဂ) တန်ဖိုးငွေကျပ် တစ်သိန်းနှင့် အထက်ရှိသည့် ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံငွေချေးခြင်းမှတစ်ပါး ပေါင်နှံခြင်းကို ပေါင်နှံသူ လက်မှတ်ရေးထိုးပြီး အနည်းဆုံးအသိ သက်သေနှစ်ဦးက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့် ပေါင်နှံခြင်းစာချုပ်များနှင့် ပေါင်နှံခြင်း ဖျက်သိမ်းသော စာချုပ်များ၊

(ဃ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက် သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များ၊

(င) ကုမ္ပဏီအသင်းအဖွဲ့တို့က မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့် အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးစီးပွားကိုဖြစ်စေ ယုံမှတ်အပ်နှံသူသို့ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲအပ်ခြင်းပြုသည့် စာချုပ်စာတမ်းများ၊

(စ) ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်စာတမ်းများ၊

(ဆ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာသတ်မှတ်သည့် စာချုပ်စာတမ်းများ။

၁၇။ အောက်ပါစာချုပ်စာတမ်းများသည် ဤဥပဒေအရမှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း အမျိုးအစားများဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ ဖြစ်စေ၊ ယင်းနှင့် စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ် တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်စေရေး အတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက် သော်လည်းကောင်း၊ နောင်ကာလအတွက်သော်လည်းကောင်း ဖြစ်မြောက်စေရန် ပြုလုပ်သည့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့် စာချုပ်စာတမ်းများ၊

(ခ) အပေါင်တန်ဖိုး ငွေကျပ် တစ်သိန်းအောက်ဖြင့် ပေါင်နှံသော စာချုပ်စာတမ်းများ၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်နှစ်ထက်မပိုသော ကာလအတွက် ငှားရမ်းသည့် အငှားစာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်ပေါ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊

(င) သေတမ်းစာများ၊

(စ) မိသားစုစီမံခန့်ခွဲမှု စာချုပ်စာတမ်းများ၊

(ဆ) တရားရုံးကချမှတ်သည့် ဒီကရီများ သို့မဟုတ် အမိန့်များနှင့် အနုညာတခုံလူကြီးတို့၏ ဆုံးဖြတ်ချက်များ၊

(ဇ) တရားရုံးကဖြစ်စေ၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို လေလံတင်ရောင်းချပြီးနောက် ဝယ်ယူသူအား ထုတ်ပေးသည့် အရောင်းသက်သေခံလက်မှတ်၊

(ဈ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ဝေသည့် ဂရန်စာချုပ် သို့မဟုတ် ခွဲဝေပေးသည့် စာချုပ်စာတမ်းများ၊

(ည) အထက်ဖော်ပြပါ စာချုပ်စာတမ်းများအပြင် ပုဒ်မ ၁၆ ပါ မှတ်ပုံမတင် မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်ထားသည့် စာချုပ်စာတမ်းများမှတစ်ပါး အခြားစာချုပ် စာတမ်းများ။

၁၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများသည်-

(က) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းများဖြစ်ရမည်။

(ခ) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းမဟုတ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာ ပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

(ဂ) စာချုပ်ချုပ်ဆိုသူတို့က ပြည့်စုံစွာ ရေးသားလက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းများ ဖြစ်ရမည်။

(ဃ) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားလျှင် ယင်းသို့ ပြုလုပ်ထားသည့် နေရာအသီးသီး၌ စာချုပ်ချုပ်ဆိုသည့် ပုဂ္ဂိုလ်တို့၏ လက်မှတ်တို သို့မဟုတ် လက်မှတ်ရှည်ကို ရေးထိုးရမည်။

၁၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန် တင်ပြသည့်စာချုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပါရှိပါက ယင်းသို့ ဆောင်ရွက်ထားခြင်းကို မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၂၀။ သေတမ်းစာမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို မှတ်ပုံတင်သွင်းပါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းစာရင်းကို လွယ်ကူစွာ ခွဲခြားသိရှိနိုင်ရန် အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တည်နေရာတို့ကို ရှင်းလင်းစွာဖော်ပြရမည့်အပြင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းသည် မြေဖြစ်ပါက မြေနှင့် စပ်လျဉ်း၍ သက်သေခံနိုင်သော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားဝင်ထုတ်ပေးထားသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင်ပါရှိရမည်။

## အခန်း (၅)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ

၂၁။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို စာချုပ် ချုပ်ဆိုသည့်နေ့ရက်မှ စ၍သော်လည်းကောင်း၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကို အမိန့်ချမှတ်သည့်နေ့ရက်မှ စ၍သော်လည်းကောင်း ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။ သို့ရာတွင် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုအယူခံဝင်လျှင် မှတ်ပုံတင်ရန် တင်ပြရမည့်ရက်ကို နောက်ဆုံး အယူခံဝင်သည့်ရုံးက အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်ရေတွက်ရမည်။

၂၂။ စာချုပ်စာတမ်းတစ်ခုကို နှစ်ဦးထက်ပိုသူများက လက်မှတ်ရေးထိုး ချုပ်ဆိုကြသဖြင့် လက်မှတ်ရေးထိုးချိန်ကွဲပြားလျှင် နောက်ဆုံးလက်မှတ်ရေးထိုးသည့် နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပျော်ရွှင်နွဲ့ပျော် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်

## မင်းသန်းနိုင် (မုဒုံ)

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ၂၁-၃-၂၀၁၈ ရက်နေ့မှ ၂၅-၃-၂၀၁၈ ရက်နေ့အထိ တောင်ကြီးမြို့၌ ကျင်းပမည့် သတင်းများကို ကြားသိရသည့်အခါ ဝမ်းသာကြည်နူးဖြစ်ရသည်။**




### ဖော်ထုတ်မြှင့်တင်ပေးရန်လို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးစုများကို လေ့လာကြည့်ပါက ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် စာပေရှိသည့် တိုင်းရင်းသားလူမျိုးစုများလည်း ရှိသကဲ့သို့ စာပေမရှိသေးသည့် တိုင်းရင်းသားလူမျိုးစုများလည်း ရှိနေကြပါသည်။ သွေးချင်းညီအစ်ကို မောင်နှမများဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးစုအချို့တွင် စာပေယဉ်ကျေးမှုနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ အသီးသီးရှိကြသော်လည်း အချို့မှာ တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသကဲ့သို့ အချို့လူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ စာပေများ တိမ်မြုပ်ပျောက်

> “တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်၏ အနှစ်သာရသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်ပြသပြီး တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန်နှင့် လက်ရှိဆောင်ရွက်နေသည့် ၂၁ ရာစုပင်လုံ ညီလာခံက ဖော်ဆောင်နေသော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူပြုစေရန် ကျင်းပခြင်းလည်းဖြစ်”

ကွယ်မသွားစေရေးအတွက် အားပေးဖော်ထုတ်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံးရှိရန် လိုအပ်သကဲ့သို့ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုကိုလည်း အပြန်အလှန် လေးစားတန်ဖိုးထားကြရပါမည်။ မိမိယဉ်ကျေးမှုကို ကိုယ်တိုင်ထိန်းသိမ်းပြီး ဂုဏ်ယူရမည်ဖြစ်သလို အခြားသော တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေးစားကြရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ တိုင်းရင်းသားလူမျိုးစုများ စုစည်းပြီး စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော် ကျင်းပခြင်းသည် ပြည်ထောင်စုကြီးအတွင်းရှိ မတူကွဲပြားမှုမျိုးစုံဖြင့် ပျော်ရွှင်ဖွယ်၊ တန်ဖိုးထားဖွယ် အစုအဝေးကြီး တစ်ရပ်ဖြစ်နေသည်ဟု မြင်မိသည်။

### သွေးချင်းတို့ဌာနေ

တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန်တို့ကို ရည်ရွယ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို သွေးချင်းတို့ဌာနေ ရှမ်းပြည်နယ်တွင် ကျင်းပမည့်သတင်းမှာ တိုင်းရင်းသားများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

ရှမ်းပြည်နယ်တွင် ကျင်းပမည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်မှာ ရှမ်းပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားများထဲမှ တိုင်းလုံ (ရှမ်းကြီး)၊ ဂုံရှမ်း၊ တိုင်းခမ်းတီ၊ တိုင်းဆာ(ခေါ်) မိုင်းတာ၊ တိုင်းလိုင် (ရှမ်း)၊ တိုင်းနေ (ရှမ်း)၊ “ဝ” ၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ တအောင်း (ပလောင်)၊ ကိုးကန့်၊ ကချင်၊ ကယန်း၊ ယင်းနက်၊ ယင်းကျား၊ တောင်ရိုး၊ ထနော့၊ လီဆူ၊ အာခါ၊ လားဟူ၊ အဲန် တိုင်းရင်းသားလူမျိုးစုများ၏ စာပေဆိုင်ရာ စာတမ်း ၁၄ စောင်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်း ၂၆ စောင်ကို တင်သွင်းဖတ်ကြားကြမည်ဖြစ်ရာ တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ရရှိနိုင်မည့်ပွဲတော်ကြီး ဖြစ်လာပေမည်။

### မြည်းစမ်းခွင့် ရရှိကြမည်

ယင်းပွဲတော်တွင် ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းပြခန်း ၂၃ ခန်းနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ၊ ဖျော်ဖြေပွဲများကိုလည်း ငါးရက်တိုင် နေ့စဉ်ကပြဖျော်ဖြေကြမည်ဖြစ်ရာ ပွဲတော်တွင် နွှဲပျော်ကြမည့်သူများအနေဖြင့် တိုင်းရင်းသားစာပေစာတမ်းဖတ်ပွဲကို နားထောင်၊ ရိုးရာအသုံးအဆောင်ပစ္စည်းများကို ကြည့်ရှု၊ ရိုးရာ အစားအသောက်များကိုလည်း မြည်းစမ်းခွင့် ရရှိကြမည် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်၏ အနှစ်သာရသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်ပြသပြီး တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန်နှင့် လက်ရှိဆောင်ရွက်နေသည့် ၂၁ ရာစုပင်လုံ ညီလာခံက ဖော်ဆောင်နေသော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူပြုစေရန် ကျင်းပခြင်းလည်း ဖြစ်ပေသည်။ စာပေမရှိသေးသည့် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် စာပေဖြင့် မှတ်တမ်းမတင်ခဲ့သော်လည်း နှုတ်ဖြင့် မှတ်တမ်းတင်ခဲ့သော လက်ဆင့်ကမ်းပုံပြင် ဒဏ္ဍာရီများအပါအဝင် တိမ်မြုပ်လုနီးပါးဖြစ်နေသော တိုင်းရင်းသားလူမျိုးနွယ်စုများ၏ သမိုင်း၊ ဓလေ့ထုံးစံ၊ ရိုးရာအက၊ ဂီတ၊ လက်မှုပညာ စသည့် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများကိုလည်း ပြန်လည်ဖော်ထုတ်နိုင်မည့် အခြေအနေ၊ အခွင့်အလမ်းများ ပေါ်ထွက်လာနိုင်သည်ဟု မြင်ပါသည်။

### ပိုမိုခိုင်မာတိုးပွား

ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်းစာပေနှင့် ရိုးရာယဉ်ကျေးမှုများကို လေးစားဂုဏ်ယူတန်ဖိုးထားပြီး အချင်းချင်းအတွေ့အကြုံများ ဖလှယ်ခွင့်လည်း ရရှိကြမည်ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုများ၏ ချစ်ကြည်စည်းလုံးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုများ ပိုမိုခိုင်မာတိုးပွားလာမည်ဟုလည်း ယုံကြည်သည်။ ဆိုရပါလျှင် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှု၊ လေးစားမြတ်နိုးတွယ်တာမှုနှင့် နားလည်ယုံကြည်မှုများ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာတွင် ယခုကျင်းပမည့် “တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်သည်” ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ချစ်ခင်ရင်းနှီးမှု၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာမှုတို့ကို ပိုမိုတိုးတက်ဖြစ်ထွန်းစေပြီး တိုင်းရင်းသားလူမျိုးစုတို့၏ ဖြူစင်သော၊ ရိုးသားသော၊ ချစ်စရာကောင်းသော နှလုံးသားအလှပုံရိပ်များကိုလည်း မြင်တွေ့ကြရတော့မည် ဖြစ်ပါသည်။

# ဟွာဝေးနှင့် ကမ္ဘောဇဘဏ် အတူလက်တွဲဆောင်ရွက်ရန် စာချုပ်ချုပ်ဆို

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိကဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်သည် မတ် ၁၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှိန်းကျိန့်မြို့ရှိ ဟွာဝေးအပြည်ပြည်ဆိုင်ရာ ဌာနချုပ်တွင် ဟွာဝေးနှင့် သဘောတူလက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။




အဆိုပါ သဘောတူညီမှုကြောင့် အားလုံးပါဝင်နိုင်သော ဒစ်ဂျစ်တယ်ဘဏ္ဍာရေးဂေဟစနစ် တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများအနေဖြင့် ဘဏ္ဍာရေးစနစ်ကို ပိုမိုအသုံးပြုခွင့် ရရှိလာပြီး ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများ ရရှိနိုင်စေရန် ရည်ရွယ်ကြောင်း ကမ္ဘောဇဘဏ်မှ ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။

“ဘဏ်အကောင့်ရှိပြီး အသုံးပြုနေတဲ့ ပြည်သူတွေဟာ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်း၊ လျှပ်စစ်မီး ရရှိအသုံးပြုနိုင်တာက ၃၀ ရာခိုင်နှုန်းပဲ ရှိပေမယ့် ၉၀ ရာခိုင်နှုန်းသော ပြည်သူတွေမှာ စမတ်ဖုန်းကိုယ်စီ ရှိကြပါတယ်၊ ကျွန်တော်တို့ရဲ့ အိပ်မက်ကတော့ ၁၀ နှစ်အတွင်း စမတ်ဖုန်းအသုံးပြုပြီး ပြည်သူတွေ ရာနှုန်းပြည့် ပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်”ဟု ကမ္ဘောဇဘဏ်၏ အမှုဆောင်အရာရှိချုပ် Mike DeNoma က ပြောကြားသည်။

ကမ္ဘောဇဘဏ်၏ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ယခု ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးသာမက လူမှုဘဝတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း၊ ပြည်သူများအားလုံး အလွယ်တကူ အသုံးပြုနိုင်မည့် ပိုမိုကောင်းမွန်သည့် ဘဏ်စနစ်မှတစ်ဆင့် မြန်မာနိုင်ငံသားအားလုံး၏ လူနေမှုအဆင့်အတန်းများ မြင့်တက်လာစေမည့် အရေးကြီးသည့် အပြောင်းအလဲတစ်ခု ဖြစ်ခြင်းကြောင့် ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ထိပ်တန်းနည်းပညာ ကုမ္ပဏီဖြစ်သည့် ဟွာဝေး၏ အားသာချက်များဖြစ်သော သုတေသနနှင့် ဖွံ့ဖြိုးမှု၊ ခေတ်မီနည်းပညာများမှတစ်ဆင့် မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့် တန်ဖိုးများရရှိလာစေရန် ကမ္ဘောဇဘဏ်မှ မျှော်လင့်ထားကြောင်း ကမ္ဘောဇဘဏ်လီမိတက်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Huawei Myanmar ၏ CEO Mr.Zhang Liman က “မြန်မာနိုင်ငံဟာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နယ်ပယ်ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်လာဖို့ အလားအလာများစွာရှိနေပါတယ်၊ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံမှာ အားလုံးပါဝင်နိုင်သော ဘဏ္ဍာရေးစနစ် ဖြစ်ထွန်းလာမှုကို အရှိန်မြှင့်ပေးမယ်လို့ ယုံကြည်ပါတယ်၊ ကျွန်တော်တို့ရဲ့တီထွင်ဆန်းသစ်မှုတွေနဲ့ ဘဏ္ဍာရေးနည်းပညာသစ်များဟာ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ လူနေမှုဘဝသာမက နိုင်ငံရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကိုလည်း မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၁ -၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၉း၂၅ - **ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(၃၆)

၁၁း၂၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၁၄း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင် နှင့်မားဘုရင်** (ရေသူမနတ်မိမယ်) (အပိုင်း-၄)

**ညပိုင်း**

၁၆း၃၅ - (၇၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၇း၂၀ - “ကြယ်ပွင့်တို့ရဲ့ ရင်ခုန်သံနှင့်အတူ”

၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၃)

၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

၂၀း၃၅ - **မြန်မာ့ရော်ဘာသမိုင်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းမှုနှင့် ရော်ဘာကဏ္ဍ အရေးပါပုံ**

- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်မားဘုရင်** (ရေသူမနတ်မိမယ်) (အပိုင်း-၅)

- ဂီတသမား၊ဂီတစကား “တေးရေးမော်ဆရာကြီးနဲ့ တေးဆို ကဝေမယ်တို့ရဲ့ တေးသီချင်းများ” (အပိုင်း-၂) (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

- နိုင်ငံခြားဇာတ်လမ်းတွဲ **အေးအတူပူအမျှ** (အပိုင်း-၂၇)

## လှိုင်းအမြင့် သုံးပေမှ ငါးပေခန့် ရှိနိုင်

**နေပြည်တော် မတ် ၂၀**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

▼ ကျော်ဖုံးမှ

သဘောတူညီချက်တွင် မြန်မာဘက်ခြမ်း၌ ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာသူများအတွက် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေး စခန်းကိုလည်းကောင်း၊ ရေလမ်းမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ငါးခူရ ယာယီလက်ခံရေးစခန်းကို လည်းကောင်း၊ ကြားစခန်းအဖြစ် လှဖိုးခေါင်ကြားစခန်းကို လည်းကောင်း ဖွင့်လှစ်ပြီး လက်ခံရေးစခန်း တစ်ခုစီတွင် ရက်သတ္တပတ် တစ်ပတ်လျှင် ၅ ရက် လက်ခံဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ သတ်မှတ်ပုံစံများ ဖြည့်စွက်ပေးပို့ရန်နှင့် ပြန်လည်လက်ခံရေး စတင်ဆောင်ရွက်ရန် ဖြစ်ကြောင်း နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

**မြန်မာနိုင်ငံဘက်က စတင်၍အဆိုပြု**

ယင်းနောက် ကနဦး စတင်ဆောင်ရွက်နိုင်ရန် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် စိစစ်ပြီး အစ္စလာမ်ဘာသာဝင် ၇၅၀ စုစုပေါင်း ၁၂၅၈ ဦးတို့၏ အချက်အလက်အပြည့်အစုံကို မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းစာရင်းတွင် ပါဝင်သော ဟိန္ဒူဘာသာဝင် ၅၀၈ ဦးမှာ ၎င်းတို့၏ ဆန္ဒအလျောက် ပြန်လာလိုသဖြင့် ဟိန္ဒူဘာသာရေး ခေါင်းဆောင်များမှတစ်ဆင့် နိုင်ငံတော်အစိုးရထံ တင်ပြခဲ့ခြင်းဖြစ်ပြီး ဤသို့ ကနဦး ၁၂၅၈ ဦး အမည်စာရင်းနှင့် အချက်အလက်များ ပေးအပ်ခဲ့ခြင်းမှာ ပြန်လည်စိစစ် လက်ခံရေး လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံဘက်က စတင်၍ အဆိုပြုခဲ့ခြင်းဖြစ်သည်။

**အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ**

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဘင်္ဂလားဒေ့ရှ် ခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပထမအသုတ်အနေဖြင့် ပြန်လည်လွှဲပြောင်းပေးမည့် အစ္စလာမ်ဘာသာဝင် အိမ်ထောင်စု ၁၆၇၃ စု၊ လူဦးရေ ၈၀၃၂ ဦး၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကိုယ်ရေးအချက်အလက်များ စိစစ်ရန်ခက်ခဲ**

ပြည်ထဲရေးဝန်ကြီး၏ ခရီးစဉ်တွင် ပေးအပ်ခဲ့သော လူဦးရေ ၈၀၃၂ ဦး၏ ကိုယ်ရေးအချက်အလက်များမှာ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှု ဟုတ်၊ မဟုတ် စိစစ်၍ မရနိုင်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်များ မရရှိနိုင်ခြင်း၊ ပုံစံပါအချက်အလက်များ မှန်ကန်ကြောင်း ကာယကံရှင်မှ လက်မှတ်ရေးထိုးထားသည့် (သို့မဟုတ်) လက်ဗွေရိုက်နှိပ်ဖော်ပြထားသည့် အချက်အလက်များ မပါရှိခြင်း၊ ပုံစံ ခေါင်းစဉ်ကိုက်ညီမှု မရှိခြင်း၊ ပုံစံနံပါတ်နှင့် ဖြည့်သွင်းရက်စွဲများ မပါရှိခြင်း၊ အိမ်ထောင်ဦးစီး၏ ထင်ရှားသော အမှတ်အသားနှင့် လက်ဗွေများ မပါရှိခြင်း၊ မြန်မာနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယခင်ကိုင်ဆောင်ခဲ့သည့် လက်မှတ်နှင့် နံပါတ်များ ရှိ၊ မရှိ ဖော်ပြမထားသဖြင့် စိစစ်၍ မရနိုင်ခြင်း၊ အိမ်ထောင်ဦးစီး၏ မိဘများ မြန်မာနိုင်ငံ၌ နေထိုင်ခဲ့သည့် နေရပ်လိပ်စာ မပါရှိ၍ ဆက်စပ်ရှာဖွေရန် ခက်ခဲခြင်း၊ ဆန္ဒအလျောက် ပြန်လာလိုသူ၏ ဓာတ်ပုံနှင့် ယခင်မြန်မာနိုင်ငံ၌ နေထိုင်ခဲ့စဉ်က ပြုစုထားသော အိမ်ထောင်စုအလိုက် ဓာတ်ပုံတို့ကို ခေတ်မီ နည်းပညာဖြင့် စစ်ဆေးရန် ဆောင်ရွက်ထားသော်လည်း ပေးပို့လာသော ဓာတ်ပုံများ၏ အရည်အသွေး မပြည့်မီမှုကြောင့် တိုက်ဆိုင်စစ်ဆေး၍ မရနိုင်ခြင်း၊ ဖြည့်သွင်းရမည့် ပုံစံ၌ လက်မှတ်ရေးထိုးရမည့်နေရာ၊ လက်ဗွေရိုက်နှိပ်ရမည့်နေရာများ ဖော်ပြထားသော်လည်း ယခုအခါ လက်မှတ်ရေးထိုးထားခြင်း၊ လက်ဗွေရိုက်နှိပ်ထားခြင်း မရှိ၍ အတင်းပြန်ပို့ရန် ဆောင်ရွက်နေသည်ဆိုသည့် သတင်းစကားကို မှား၊ မှန် ဆုံးဖြတ်၍ မရသည့် ပုံစံဖြစ်နေခြင်း၊ အိမ်ထောင်စုစာရင်းဝင် တစ်ဦးချင်း အဘအမည်၊ အမိအမည် မပါရှိ၍ အခြားသူများ ရောနှောပါရှိလာနိုင်ခြင်း၊ အိမ်ထောင်စုဝင် သားသမီးများ၏ မွေးရပ်မဖော်ပြထား၍ မသက်ဆိုင်သူများ ပါရှိလာနိုင်ခြင်း၊ ကိုင်ဆောင်သည့် လက်မှတ်နံပါတ်များ မဖော်ပြထားခြင်းကြောင့် မိမိဘက်မှ မှတ်တမ်းများနှင့် တိုက်ဆိုင် စစ်ဆေးရန် အခွင့်မရှိခြင်း၊ အခြား တင်ပြလိုသည့် အထောက်အထားများ ပူးတွဲတင်ပြထားသည့် အနေအထား မရှိ၍ စိစစ်မှုတွင် အထောက်အကူမဖြစ်ခြင်း၊ နှစ်နိုင်ငံ သဘောတူထားသော ပုံစံတွင် မိသားစုဝင် တစ်ဦးချင်း၏ ဓာတ်ပုံနှင့် လက်ဗွေများ ရိုက်နှိပ်ရန် ပါရှိသော်လည်း ယခု ပေးပို့လာမှုတွင် ဓာတ်ပုံနှင့် လက်ဗွေများ မရရှိခြင်း၊ မိသားစုဓာတ်ပုံပါသော်လည်း ထင်ရှားမှုမရှိခြင်း၊ ပြန်လည်စိစစ် လက်ခံရေးအဖွဲ့မှ စိစစ်လက်ခံသူများ လက်မှတ်ရေးထိုးမှု မပါရှိ၍ နောင်တွင် ရှုပ်ထွေးမှုများစွာ ဖြစ်လာနိုင်ခြင်းတို့ကြောင့် ယင်း ၈၀၃၂ ဦး၏ ကိုယ်ရေးအချက်အလက်များမှာ စိစစ်ရန် ခက်ခဲနေသဖြင့် သတ်မှတ်ပုံစံအတိုင်း အချက်အလက်များ ပြည့်စုံစွာပေးပို့ရန် ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်အကြောင်းကြားခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၁)

**Verification Form of Resident of Myanmar**

**Head OF Family Photo**

**Sr. No**

**Date**

| | |
|---|---|
| **Name Of The Head Of Family** | **4. Other Name (If Any)** |
| **Gender** ........ | **6. Age/Date Of Birth (Optional)** ........ |
| **Place Of Birth** ........ | **8. Address In Myanmar** ........ |
| **Father's Name** ........ | **10. Father's Address In Myanmar** ........ |
| **1. Mother's Name** ........ | **12. Mother's Address In Myanmar** ........ |
| **3. Spouse's Name** ........ | **14. Spouse's Address In Myanmar** ........ |
| **5. Visible Mark (Optional)** ........ | **16. Occupation** ........ |
| **7. Current Holding Card No.** | **18. Numbers Of Family Member** |

**Family Photo**

**Declaration:**

1. I apply to return and live in Myanmar voluntarily without any threat or encouragement.
2. If permission is granted to me to enter Myanmar, I will abide by the existing laws of Myanmar.

**Signature**

**Address In Bangladesh**

**Date For all Entry In Bangladesh**

**Finger Print of Left Thumb** | **Finger Print of Right Thumb**

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၂)

List Of Family Member/ Dependents

1. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

2. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

3. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၃)

List Of Family Member/ Dependents

4. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

5. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

6. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၄)

List Of Family Member/ Dependents

7. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

8. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

9. (a) Full Name ........
(b) Father's Name ........
(c) Mother's Name ........
(d) Date Of Birth/Age ........
(e) Place OF Birth ........
(f) Gender ........
(g) Visible Mark (if any) ........
(h) Relationship ........
(i) Current Holding Card No. (if any) ........
(j) Document Information (if any) ........
(k) Other Documents (if any) ........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

*စာမျက်နှာ ၁၀ မှ*

တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံအကြား သဘောတူညီထားသော သတ်မှတ်ပုံစံ မဟုတ်သည့် လူဦးရေ ၈၀၃၂ ဦးအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက် (Agreement on Return of Displaced Persons from Rakhine State) အောင်မြင်စေရန် အချက်အလက်များ မှန်ကန်မှု ရှိ မရှိ အိမ်ထောင်စုဓာတ်ပုံများနှင့် ရွာအမည်၊ လူတစ်ဦးချင်းအမည်ကို အနီးစပ်ဆုံးတိုက်ဆိုင်စိစစ်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသည့် အစုလာမ်ဘာသာဝင် ၈၀၃၂ ဦး အနက် ၃၆၃ ဦးသာ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်၍ အသိပေးအကြောင်းကြားခဲ့သည်။

**၅၅၆ ဦး စိစစ်နိုင်**

ကျန်ရှိသူများအား အတတ်နိုင်ဆုံးကြိုးစား၍ အထောက်အထားအချက်အလက်များ မှန်ကန်ခြင်း ရှိ မရှိ စိစစ်မှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မတ်လ ၁၉ ရက်အထိ စိစစ်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သူ ၁၉၃ ဦး ထပ်မံစိစစ်နိုင်ခဲ့သည်။ စိစစ်မှုများ ဆက်လက်ဆောင်ရွက်ရာတွင် ထပ်တိုး ၁၉၃ ဦးဖြစ်သဖြင့် ဘင်္ဂလားဒေ့ရှ်မှ ပေးပို့လာသော ၈၀၃၂ ဦးအနက် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည်ဟု စုစုပေါင်း ၅၅၆ ဦး စိစစ်နိုင်ခဲ့ပြီးဖြစ်သည်။


**အထောက်အထားများတိုက်ဆိုင်စိစစ်**

အချက်အလက်များ စိစစ်ရာတွင် ဓာတ်ပုံ၊ လက်ဗွေ စသည်တို့ကို ကွန်ပျူတာ ဆော့ဖ်ဝဲလ်ဖြင့် လူတစ်ဦးလျှင် စိစစ်ရန် ကြာမြင့်ချိန် နှစ်မိနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခဲ့သော်လည်း ပေးအပ်လာသော အချက်အလက်များမှာ ဓာတ်ပုံ၊ လက်ဗွေ၊ နေရပ်လိပ်စာ ပြည့်စုံမှုမရှိသဖြင့် အထောက်အထားများ တိုက်ဆိုင်၍ အတတ်နိုင်ဆုံး ကြိုးစားစိစစ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**လက်ခံနိုင်ရန် အသင့်ပြင်ဆင်ထား**

ထပ်မံစိစစ်ရရှိလာသော ၁၉၃ ဦး၏ အမည်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဆင့် ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး ၈၀၃၂ ဦးအား အချက်အလက်များ တိုက်ဆိုင်စစ်ဆေးစိစစ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကာ လက်ရှိအချိန်ထိ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သည်ဟု စိစစ်ရရှိသူ ၅၅၆ ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လွှဲပြောင်းလာလျှင် ပြန်လည်စိစစ်လွှဲပြောင်း လက်ခံနိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## နှစ်နိုင်ငံ သဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၅)



10.(a) Full Name ..........
(b) Father's Name ..........
(c) Mother's Name ..........
(d) Date Of Birth/Age ..........
(e) Place OF Birth ..........
(f) Gender ..........
(g) Visible Mark (if any)
(h) Relationship ..........
(i) Current Holding Card No. (if any)
(j) Document Information (if any)
(k) Other Documents (if any)

Photo (Optional)

Finger Print of Left Thumb (Above 5 years of age) Finger Print of Right Thumb (Above 5 years of age)

Board Of Verification In Myanmar

Signature | Signature ..........
Name .......... | Name
Designation .......... | Designation
Department .......... | Department ..........

Signature | Signature ..........
Name .......... | Name ..........
Designation .......... | Designation
Department .......... | Department

Notes

## ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည်ပေးပို့လာသော (သတ်မှတ်ပုံစံ မဟုတ်သည့်) အချက်အလက်များ ထည့်သွင်းထားပုံ



Family-wise list of Myanmar Residents taking shelter in Bangladesh after 09 October 2016 and 25 August 2017

U-B-046

DIP Reg. No. 16020171212113802

01. Name of the Head of Family ... FATAN
02. Address In Myanmar (a) Township ... AKYAB MAUNGDAW
(b) Village (Local) KATIR ... MAUNGDAW
03. Place of Birth ... MYANMAR
04. Father's Name ... AMIN
05. Mother's Name ... BODUJAL
06. Gender ... MALE
07. Camp Name /Number ... KUTCHIPPARO
08. Date of arrival ... 03/08/2017
09. Age/Date of Birth ... 55
10. Number of Family Members 06
11. Family Counting Number 249267

| Sl. No. | Name of family members present in the camp | DIP Registration No. | Fathers Name | Relation to HoF | Sex M-1/ F-2 | Date/Year of Birth |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 1 | NUR JAHAN | 16020171212114004 | MD: SAMUL | WIFE | 02 | 45 |
| 2 | MD: AIYUB | 10420171224115108 | MD: FATAN ALI | SON | 01 | 25 |
| 3 | MD: AJAS | 16020171212114416 | MD: FATAN | SON | 01 | 17 |
| 4 | RIAJ | 16020171212112661 | MD: FATAN | SON | 01 | 16 |
| 5 | RAFIK | 16020171212114155 | MD: FATAN | SON | 01 | 14 |
| 6 | | | | | | |
| 7 | | | | | | |


U-B-046

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ရဲတပ်ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် မတ် ၁၅ ရက် နံနက် ၉ နာရီ ၃၅ မိနစ်မှ နံနက် ၁၁ နာရီ မိနစ် ၅၀ အထိ နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ၊ မတ် ၁၈ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီ ၂၅ မိနစ်အထိ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၁၈.၃.၂၀၁၈ ရက် ၀၉၀၀ မှ ၁၁၂၅ နာရီထိ မောင်တောမြို့နယ် နမ(၂) နယ်နိမိတ်မှတ်တိုင် (၃၆)မှ (၃၈)ထိ နှစ်နိုင်ငံ နှစ်ဘက်ညှိနှိုင်းလှည့်ကင်းဆောင်ရွက်မှု နေရာပြမြေပုံ**




**နတ်မြစ်တစ်လျှောက် လှည့်ကင်းဆောင်ရွက်**

နှစ်နိုင်ငံလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်ထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၅၅ ထိ (၁၄)ကြိမ်၊ မတ် ၁၁ ရက်တွင် နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ ထိ (၁)ကြိမ်၊ မတ် ၁၅ ရက်တွင် နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ ထိ (၁)ကြိမ်၊ မတ် ၁၈ ရက်တွင် နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ ထိ (၁)ကြိမ် စုစုပေါင်း (၁၇)ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း မတ် ၅ ရက်တွင် နတ်မြစ်တစ်လျှောက် နှစ်နိုင်ငံ ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်နိုင်ခဲ့သည်။

နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း Coordinated Patrol ကို မတ် ၁၉ ရက်မှ ၂၇ ရက် အတွင်း နယ်ခြားမှတ်တိုင် ၃၈ မှ ၄၂ အထိလည်းကောင်း၊ မတ် ၂၇ ရက် နောက်ပိုင်းတွင် နယ်ခြားမှတ်တိုင်အမှတ် ၄၂ မှ ၄၅ အထိ လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



မောင်တောဒေသတွင် သတင်းရယူနေကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များကို တွေ့ရစဉ်။

# မောင်တောဒေသအတွင်း ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ စုစုပေါင်း ၁၅ကြိမ် သတင်းရယူနိုင်ခဲ့

**နေပြည်တော် မတ် ၂၀**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအား ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ သတင်းရယူနိုင်ရေး နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များအနေဖြင့် ၂၀၁၆ ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် (၈) ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၆)ကြိမ် စုစုပေါင်း (၁၅)ကြိမ် သတင်းရယူနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးရထားစီးမည့် ခရီးသည် နှလုံးရောဂါကြောင့် အမောဖောက်၍ အရေးပေါ် ပြုစုကုသ

**ရန်ကုန် မတ် ၂၀**

ရန်ကုန်ဘူတာကြီး၌ ရထားစီးရန် စောင့်ဆိုင်းနေသည့် ခရီးသည်တစ်ဦး အမောဖောက်၍ အရေးပေါ်ကုသမှုပြုခဲ့ရကြောင်း သိရသည်။

ရန်ကုန်ဘူတာကြီး အမှတ်-၁ စင်္ကြံအတွင်း အထက်တန်းခရီးသည်များ နားနေသည့်ထိုင်ခုံပေါ်တွင် မန္တလေးသို့ သွားရောက်ရန် ရထားစောင့်ဆိုင်းနေသောခရီးသည် ဒေါ်မြင့်မြင့်ထွေး(၃၈ နှစ်) ကန့်လန့်ကျေးရွာ မင်းလှမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူသည် မတ် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က နှလုံးရောဂါကြောင့် အမောဖောက်နေသဖြင့် ရထားရဲတပ်ဖွဲ့အမှတ်- ၁၃ တပ်ခွဲ ရန်ကုန်ရထားရဲစခန်းမှ ရဲဒုတပ်ကြပ် အောင်အောင် ဦးစီးပါ နှစ်ဦးတို့သည် ရန်ကုန်ဘူတာကြီးရှိ မြန်မာ့မီးရထားဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ရာ တာဝန်ခံဆရာဝန် ဒေါက်တာနွဲ့နွဲ့ခိုင်က လက်ခံဆေးကုသပေးခဲ့ပြီးနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်း ပို့အပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကွမ်းလုံမြို့ ကောင်းခါးစစ်ဆေးရေးစခန်းတွင် ယာဉ်များစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီက ကွမ်းလုံမြို့ ကောင်းခါး ရှာဖွေစစ်ဆေးရေးစခန်းတွင် ကျောက်ခေါ်ဟွ(ခ)အား ခေါ်မောင်းနှင်ပြီး သိန်းထိုက်(ခ)ကိုထိုက် လိုက်ပါလာသည့် မော်တော်ယာဉ်ရောက်ရှိလာ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉၈၅၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် ည ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စု လသာကျေးရွာနေ အဒူရော်ရှီး၏နေအိမ်ကိုရှာဖွေရာ နေအိမ်အောက်ထပ် သစ်ပုံများကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ကျောက်တန်း-နောင်တရား သွားကားလမ်း ကျောက်တန်းကျေးရွာအနီးတွင် မောင်ငွေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း။

ထို့အတူ ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန့်နောင်ကူးတို့ဆိပ်သွားလမ်း၊ မန့်နောင် ကျေးရွာအဝင်လမ်းတွင် လီဖူရှိန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ (ဘိန်းစိမ်းအလေးချိန် ၁၈ ကီလို)ကို လည်းကောင်း။

မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် တောင်ကြီးမြို့နယ် မဲတောင်းကျေးရွာအနီး မဲတောင်းကျေးရွာလမ်းမပေါ်တွင် ခွန်ထွန်းအေး (ခ) ခွန်ထွန်းအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျောက်ခေါ်ဟွ(ခ) အားခေါ်နှင့် သိန်းထိုက်(ခ)ကိုထိုက်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မိတ္ထီလာမြို့တွင် စွပ်ပြုတ်ဆိုင် မီးလောင်

**မိတ္ထီလာ မတ် ၂၀**

မိတ္ထီလာမြို့ မြို့မရပ်ကွက် ဂရင်းရုပ်ရှင်ရုံ နှင့် မျက်နှာချင်းဆိုင်ရှိ OK စွပ်ပြုတ်ဆိုင်တွင် မတ် ၂၀ ရက် ညနေ ၄ နာရီခန့်က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် နှစ်စီးဖြင့် ငြိမ်းသတ်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးကိုလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်အပေါ်ထပ်တစ်ခုလုံးနီးပါး မီးသင့်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ စွပ်ပြုတ်ဆိုင်ရှင်ဖြစ်သူအား မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မတ္တရာမြို့နယ် ကုန်းတန်းကြီးကျေးရွာရှေ့ ဧရာဝတီမြစ်ကမ်း၌ လင်းပိုင်အသေတစ်ကောင်တွေ့

**နေပြည်တော် မတ် ၂၀**

**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကုန်းတန်းကြီးကျေးရွာရှေ့ ဧရာဝတီမြစ်ကမ်းတွင် မတ် ၂၀ ရက်က သက်ကြီးအရွယ် ဧရာဝတီလင်းပိုင် အသေတစ်ကောင်တွေ့ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) - WCS မှ သိရသည်။**

ယခု သေဆုံးလျက်တွေ့ရှိသည့် လင်းပိုင် (အမ)သည် ခန္ဓာကိုယ်အလျား ခုနစ်ပေ၊ သုံးလက်မရှိပြီး အချို့သွားများမှာ တိုတုံး၍ အချို့သွားများမှာ မရှိသောကြောင့် အသက် (၃၀မှ ၄၀) နှစ် ဝန်းကျင်ရှိသော သက်ကြီးကောင်အရွယ်ဟူ၍ WCS က သုံးသပ်ထားသည်။ ဧရာဝတီလင်းပိုင်အများစုသည် နှစ် ၃၀ မှ ၅၀ အထိ သက်တမ်းရှိကြောင်းလည်း သိရသည်။



အဆိုပါ ဧရာဝတီလင်းပိုင်၏ အရွယ်အစားနှင့် သွားများကို လေ့လာခြင်းအားဖြင့် သက်ကြီးကောင် အဆင့်ရောက်ရှိနေပြီဖြစ်သောကြောင့် သဘာဝအတိုင်း သက်တမ်းကုန်ဆုံး၍ သေဆုံးနိုင်သည် ဖြစ်နိုင်သကဲ့သို့ အစာအိမ်အတွင်း ငါးအစာအပြည့် တွေ့ရသောကြောင့် လူ့ပယောဂကြောင့် သေဆုံးခြင်းလည်း ဖြစ်နိုင်ကြောင်း ၎င်းအဖွဲ့က သုံးသပ်သည်။ အဆိုပါ လင်းပိုင်၏ ခန္ဓာကိုယ်ပေါ်တွင် သိသာထင်ရှားသော ဒဏ်ရာများ မတွေ့ရှိရကြောင်း သိရသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနှင့် အသိပညာပေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာန၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ကင်းလှည့် ပညာပေးလုပ်ငန်းများ၊ ဘက်ထရီရှော့တိုက်လုပ်ငန်းများကို ထိရောက်စွာ အရေးယူမှုများကြောင့် တရားမဝင်ရှော့တိုက်ငါးဖမ်းဆီးမှုများ လျော့ကျလာသည်ကို တွေ့ရှိနေရပြီဖြစ်သည်။

သို့သော်လည်း ဒေသခံများက ဧရာဝတီလင်းပိုင်သေတွေ့ရှိရာ အနီးတစ်ဝိုက်တွင် ညအချိန်၌ ဘက်ထရီရှော့တိုက်လှေများ လာရောက်ဆောင်ရွက်မှုရှိ၍ ဘက်ထရီရှော့တိုက်မှုကြောင့် သေဆုံးခြင်းလည်း ဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

မည်ကဲ့သို့ သေဆုံးသွားသည်ကို သိရှိသုံးသပ်နိုင်ရန်အတွက် အဆိုပါ လင်းပိုင်သေ၏ ကိုယ်တွင်းအင်္ဂါအချို့ကို ခွဲစိတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း WCS မှ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်း၍ မန္တလေးမှ ဗန်းမော်အထိ ဧရာဝတီလင်းပိုင် ကောင်ရေ သုတေသနစစ်တမ်းပြုလုပ်ရာ၌ ယခုနှစ်တွင် ၇၆ ကောင် တွေ့ရှိထားသည်။ ယခုတစ်ကောင် သေဆုံးသွားသည့်အတွက် ဧရာဝတီမြစ်တစ်လျှောက်တွင် ဧရာဝတီလင်းပိုင် ၇၅ ကောင်ခန့် ကျင်လည်ကျက်စားနေကြောင်း WCS ၏ စစ်တမ်းများအရ သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

# ရေပူစစ်ဆေးရေးအဖွဲ့က ဆိုင်ကယ်များစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းမိ

**နေပြည်တော် မတ် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၂၆၀၊ သွင်းကုန် ၈၆၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများ အားစစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၇၇၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၁၃၅ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၉၁၄ သန်းခန့်အား ဖမ်းဆီး ရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် CANDAR မော်တော်ဆိုင်ကယ်နှစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ ရှာဖွေစစ်ဆေးခဲ့ရာ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၃၅ ပြား၊ ၂၆၄ ဒသမ ၄၅ ဂရမ်၊ ဘိန်းဖြူဟု ယူဆရသော ဖြူ၊ ဝါရောင် အမှုန့် ၁၂၁ ဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၅၆၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ် ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ Dala United အသင်း၊ MIC အသင်း၊ Brotherhood Utd အသင်း၊ VUC အသင်း၊ Saka အသင်းနှင့် VUC Youth အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ယနေ့တွင် အုပ်စု (ဆ၊ ဇ၊ ဈ) ပွဲစဉ်များ ကျင်းပခဲ့ပြီး Dala United အသင်းက ရွှေပြည်သာအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ MIC အသင်းက Futsal Club Brother အသင်းကို ၂၇ ဂိုး- သုံးဂိုး၊ Brotherhood Utd အသင်းက ရွှေသီဟအသင်းကို ခြောက်ဂိုး-သုံးဂိုး၊ VUC အသင်းက Winner အသင်းကို ၁၂ ဂိုး-တစ်ဂိုး၊ Saka အသင်းက Sports Idiots အသင်းကို ခုနစ်ဂိုး-ခြောက်ဂိုး၊ VUC Youth အသင်းက KWC အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ MFF Open Cup ဖူဆယ်ပြိုင်ပွဲဝင် အသင်းတစ်သင်းဖြစ်သော Myo Chit Youth အသင်းမှ ကစားသမားဖြစ်သူ ချစ်မင်းအောင်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့သောကြောင့် ယနေ့ကျင်းပသည် ပွဲစဉ်များမတိုင်မီတွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်စီ ငြိမ်သက်ခဲ့ကြသည်။ ယနေ့ကျင်းပသည့် ပွဲများအတွက် ပွဲစဉ်အလိုက် တစ်ဦးချင်း အကောင်းဆုံးဆုများကို Dala United အသင်းဂိုးသမား ချမ်းမြေ့ဝင်းသန်း၊ MIC အသင်းမှ ဟိန်းမင်းစိုး၊ Brother Hood Utd အသင်းမှ ကျော်ကျော်ခိုင်၊ VUC အသင်းမှ စိုးလင်းထိုက်၊ Saka အသင်းမှ ပြည့်ဖြိုးအောင်နှင့် VUC Youth အသင်းမှ ထက်မြတ်တို့က ရရှိခဲ့သည်။ **ရဲရင့်ရှိုင်း**

# ဟောင်ကောင်ဖိတ်ခေါ်ဖလား ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ယူ-၁၅ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် မတ် ၂၀**

မြန်မာယူ-၁၅ လူငယ်လက်ရွေးစင်အသင်းသည် မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ဟောင်ကောင်၌ ကျင်းပမည့် Jockey Club International Youth (U15) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၁၅ လူငယ်လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ** - ဦးစည်သူဝင်း၊ **နည်းပြချုပ်** - တာကူမူ (ဂျပန်)၊ **လက်ထောက်နည်းပြ** - ဦးလင်းရောင်၊ **ဂိုးနည်းပြ** - ဦးကိုကို၊ အားကစားသမားများအဖြစ် **ဂိုး**-ဟိန်းထက်စိုး (ပုသိမ်အကယ်ဒမီ)၊ ထက်အာကာဝင်း (မန္တလေးအကယ်ဒမီ)၊ **နောက်တန်း** - အောင်ပိုင်ဇော်၊ ကောင်းဇော်ဘို၊ ဖြိုးမင်းပိုင် (ပုသိမ်အကယ်ဒမီ)၊ ထွန်းထွန်းဝင်း (မန္တလေးအကယ်ဒမီ)၊ မျိုးမြင့်ထွေး ( တပ်မတော်အကယ်ဒမီ)၊ **အလယ်တန်း**- စခန့်အောင်ပြည့်၊ ကောင်းမြတ်နိုင်ထွန်း၊ ဝေယံလင်းသူ၊ သူရသော်၊ စိုင်းဇေယျ၊ ဇေယျာဖြိုး (ပုသိမ်အကယ်ဒမီ)၊ သူရအောင်၊ ကောင်းခန့် (မန္တလေးအကယ်ဒမီ)၊ **ရှေ့တန်း**- ရန်နိုင်ထွန်း၊ ထက်မြက်လွင် (မန္တလေး အကယ်ဒမီ)၊ မင်းခန့်သူ၊ စိုးမြတ်မင်း (ပုသိမ်အကယ်ဒမီ) နှင့် မိုးဆွေ(မန္တလေး)တို့ ပါဝင်ကြသည်။ မြန်မာယူ-၁၅ အသင်းသည် မတ် ၂၃ ရက်တွင် ဟောင်ကောင်ယူ-၁၅ အသင်း၊ မတ် ၂၄ ရက်တွင် မလေးရှား ယူ-၁၅ အသင်း၊ မတ် ၂၅ ရက်တွင် စင်ကာပူ ယူ-၁၅ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

❍ *ကျောဖုံးမှ*

သိမ်ဖြူလူငယ်အသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် သုံးပွဲဆက် အနိုင်ရခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်အတူ ရာနှုန်းပြည့်နိုင်ပွဲရထားသည်။ တပ်မတော် (လေ) အသင်းမှာမူ ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။ သုံးပွဲဆက် အနိုင်ရထားသည့် သိမ်ဖြူလူငယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှာ ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေးများလာခဲ့သည်။ ဆဋ္ဌမနေ့ပွဲစဉ်များကို မတ် ၂၁ ရက်(**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် All Star အသင်း၊ နံနက် ၁၁ နာရီတွင် သိမ်ဖြူလူငယ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း**

❖ *ကျောဖုံးမှ*

နေသွေးဦး (မြန်မာ)မှာလည်း ထိုင်း ဘိလိယက်ကစားသမား အီခရာဗီကို လေးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ အခြားပွဲများတွင် ရူပီရှာ (အိန္ဒိယ) က ဇော်သန်းထိုက် (မြန်မာ)ကို လေးပွဲ ပြတ်၊ ဟာရီရာ (အိန္ဒိယ)က ခင်မောင်ဦး (မြန်မာ) ကို လေးပွဲ-နှစ်ပွဲ၊ လက်ရှိချန်ပီယံ အက်ဗာနီ (အိန္ဒိယ)က မင်းစည်သူ ထွန်း (မြန်မာ) ကို လေးပွဲပြတ်၊ ပေါက်စ (မြန်မာ)က ယိုတက်ရှင် (စင်ကာပူ) ကို လေးပွဲပြတ် အနိုင်ရခဲ့သည်။ စနူကာ အမျိုးသားပြိုင်ပွဲတွင် အောင်ဖြိုး(မြန်မာ) က ရှိုအာဗီခန်း( အိန္ဒိယ)ကို လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရပြီး မျိုးမင်းသိန်းမှာမူ ကီဝေချောင်(ဟောင်ကောင်)ကို လေးပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ အမျိုးသမီး စနူကာ ပြိုင်ပွဲတွင် အုပ်စုပွဲစဉ် ခြောက်ပွဲကျင်းပပြီး မြန်မာကစားသမားများ ဖြစ်သည့် သန္တာမောင်မှာ မိုဟာမန်ဒီ(အီရန်)ကို နှစ်ပွဲပြတ်၊ နွေးနွေးလှိုင်က ပါရီဆာ (အီရန်)ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲများတွင် လက်ရှိကမ္ဘာ့ချန်ပီယံများ အပါအဝင် နာမည်ကြီး ကစားသမားများအစုံအလင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဘိလိယက်ပြိုင်ပွဲတွင် ၂၀ ၊ စနူကာအမျိုးသားပြိုင်ပွဲတွင် ၂၄ ဦး၊ အမျိုးသမီးပြိုင်ပွဲတွင် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲစတုတ္ထနေ့ကို မတ် ၂၁ ရက် (ယနေ့) နံနက် ၁၀ နာရီမှ စ၍ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အခမဲ့ဝင်ရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်း-ညီမြတ်သော်တာ**

# နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းခံရသည့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ အတွက် ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လည်းကောင်း၊

၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ(၃)နှစ်ဆက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ **(၃)နှစ်ဆက် "နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်-ပထမဆု)"** ကို လည်းကောင်း၊

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ်ချီးမြှင့်ခဲ့သည့် အာဆီယံအဖွဲ့အစည်း နှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံထူးချွန် စံပြစီးပွားရေး လုပ်ငန်းရှင်ဆု)"** ကို လည်းကောင်း၊

အင်္ဂလန်နိုင်ငံ၊ World Finance မှ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် (၃)နှစ်ဆက် ပေးအပ်ချီးမြှင့်ခဲ့သော အာရှတိုက်အတွက် **"Banker of the Year in Asia (စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံး ဘဏ်ဥက္ကဋ္ဌဆု)"** နှင့် အခြား နိုင်ငံတကာဆု အမြောက်အမြား ကိုလည်းကောင်း၊

နာယကအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် **ကျပ်ငွေ(၁၃၈)ဘီလီယံကျော်** ကို လှူဒါန်းခဲ့ခြင်းများအတွက် နိုင်ငံ့အကျိုးပြု အရပ်သားပုဂ္ဂိုလ် ဒကာကြီး **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဒကာကြီးကဲ့သို့ နိုင်ငံ့အကျိုးပြု ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွန်းလာပါစေကြောင်း၊ နိုင်ငံနှင့်ပြည်သူအကျိုး၊ ဘာသာသာသနာ အကျိုးကိုလည်း ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

**အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိနှင့် သံဃာတော်များ**
**ကမ္ဘာ့ဗုဒ္ဓသာသနာပြု ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူ၊ တောင်ကြီးမြို့နှင့် တပည့်သာဝကများ။**


**အမည်ပြောင်း**
ဦးမြတ်စံ၏ သမီး အထက(၃) တာမွေမှ မစိန်မြအား မစိန်စိန်မြ ၁၂/တမန(နိုင်)၀၃၆၁၅၀ ဟု ပြောင်းလဲခေါ်ပါရန်။
**မစိန်စိန်မြ**

**ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပုံစံ"ဃ"ထောက်ခံချက် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၈ဂ/၂၂၉၃ Pyit Toing Htaung Jeep (S/W)ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်မြင့် ၁၂/ဒဂန(နိုင်)၀၂၇၁၆၁ မှ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံ ပုံစံ'ဃ'ပျောက်ဆုံး၍ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပုံစံ'ဃ'ထောက်ခံချက်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မင်္ဂလာပွဲအား ဖျက်သိမ်းခြင်း
ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ မောင်ရန်နိုင်ဦးနှင့် မစန်းအိအိထွေးတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ကျွန်မ မစန်းအိအိထွေး ၁၂/ဒပန(နိုင်)၀၃၉၈၃၀ မှ ၂၁-၄-၂၀၁၈ ရက်တွင် ကျင်းပမည့် မင်္ဂလာပွဲအား ဖျက်သိမ်းပါကြောင်း။
**မစန်းအိအိထွေး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
ဦးရီယန်ဆွမ်း၏သား ချင်းပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးတွင် လ/ထ ညွှန်ကြားရေးမှူး(ဘတ်ဂျတ်)အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးဗန်ရီထန်းနှင့် ဦးဗန်ဂိုထန်း ၄/ဖလန(နိုင်) ၀၀၇၉၁၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဗန်ရီထန်း(ခ)ဦးဗန်ဂိုထန်း**

## ပျောက်ဆုံးကြောင်း
Royal United Co.,Ltd, No.(5)(26th) Street, Between (64x65) Street, Mahar Zayar Bone Ward, Aung Myay Tharzan T/S, Mandalay ၏ RE-Export Registration မှတ်ပုံတင်ကတ်(RE-0616/2017)( 4-12-2017) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၅၉၅၅၄၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် ၁၈၊ ကျောက်တောင်ရပ်၊ ဦးပိုင်အမှတ် (၂၉-ခ)၊ မြေဧရိယာ ၀ဒသမ ၀၇၉ ဧကရှိ မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဌေး ၈/သရန(နိုင်) ၀၀၂၆၂၇ ထံမှ စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ပိုင်ရှင်အမည်ပြောင်းခြင်း၊ မြေငှားဂရန် သက်တမ်းတိုးခြင်းများဆောင်ရွက်လိုပါသဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောအထားမှုရင်းများဖြင့် အောက်ဖော်ပြပါ လိပ်စာသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဒေါ်အေးအေးဝင်း ၈/သရန(နိုင်)၀၀၂၈၀၂**
**အမှတ် ၂၄၊ လမ်းမတော်လမ်း၊ ရွှေဘုံသာလမ်း၊ သရက်မြို့၊**
**မကွေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၄၈၁၄၃၆၁**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်-၁/၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(Mini Budjet)(ဧပြီလမှ စက်တင်ဘာလအထိ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ကျောက်စရစ်၊ သဲ၊ သစ်၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံနှင့် ဒီဇယ်ဆီများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုအပ်ပါသည်။
(၁) တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်ဖြူခရိုင်ရုံးတွင် ၁၉-၃-၂၀၁၈ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၃-၄-၂၀၁၈ ရက်၊ မွန်းလွဲ ၂နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၄-၂၀၁၈ ရက်၊ နံနက် ၉ နာရီ
(၄) **တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျောက်ဖြူခရိုင်၊
အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်(သို့) ဖုန်း-၀၄၃-၄၆၀၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**တင်ဒါကော်မတီ**

**အမည်ပြောင်း**
ဦးမျိုးအေး၏ သမီး မြန်အောင်မြို့ အမက တာကြီးတန်း တတိယတန်း(A)မှ မပြည့်မှူးသော်အား မရှင်မင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။
**မရှင်မင်းသန့်**

## အမည်ပြောင်း
ဦးမိုးမင်းဝင်း၏သမီး အမက (၃) မူလွန်၊ စတုတ္ထတန်း(ကံ့ကော်)မှ မရွှေရည်ဝင်းလက်၏ အမည်မှန်မှာ မရွှေရည်ဝင်းဖြစ်ပါကြောင်း။
**မရွှေရည်ဝင်း**

## ဖခင်အမည်မှန်
အထက(၂)ဗဟန်း၊ ဆဋ္ဌမတန်း(J) မှ မသက်သက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးမင်းဝင်း ဖြစ်ပါကြောင်း။
**ဦးမိုးမင်းဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၉၅/၄၇၀၀၉ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဧပြီ ၁ ရက်တွင် စတင်မည်



**ဆိုးလ် မတ် ၂၀**
တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် လာမည့် ဧပြီ ၁ရက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၀ ရက်တွင် ပြောခဲ့သည်။ ယခုပြသမည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုဆိုင်ရာ စွမ်းရည်များသည် ယခင်နှစ်များက ကဲ့သို့ပင်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပုံမှန်အားဖြင့် ဖေဖော်ဝါရီ သို့မဟုတ် မတ်လတွင် ကျင်းပလေ့ရှိကြောင်း၊ သို့သော်လည်း ယခုနှစ်တွင်မူ ပြုံချမ်းအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲကြောင့် အနည်းငယ် နှောင့်နှေးခဲ့ရကြောင်း သိရသည်။

တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၂၉၀၀၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၁၅၀၀တို့ ဖိုးအီးဂဲလ် ဟုခေါ်သည့် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးအရာရှိများက ပြောကြားခဲ့သည်။ တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၁၀၀၀နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၂၀၀ တို့သည် ကီးရီဆော့ဗ်ဟုခေါ်သည့် ကွန်ပျူတာအသုံးပြုစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တစ်လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်နေစဉ်အတွင်း အမေရိကန်လေယာဉ်တင်သင်္ဘောများနှင့် ဗုံးကြဲလေယာဉ်များကို ဖြန့်ကြက်ခြင်းရှိ၊ မရှိ လတ်တလောတွင် မသိရသေးကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံက အဆိုပါစစ်ရေးလေ့ကျင့်မှုကို အပြင်းအထန် ဆန့်ကျင်ကြောင်းသိရသော်လည်း ယခုလတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း အနေဖြင့် တောင်ကိုရီးယား သံအဖွဲ့များနှင့် တွေ့ဆုံခဲ့သည့်အပေါ် နူးညံ့ပျော့ပျောင်းသည့် သွင်ပြင်လက္ခဏာကို ပြသခဲ့ကြောင်း သိရသည်။

ဧပြီလနှောင်းပိုင်းတွင် ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးမှုရှိသည်ဖြစ်ရာ တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် အချိန်ကို ပြန်လည်ချိန်ညှိသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြောက်ကိုရီးယားနှင့် အမေရိကန်တို့အကြား နျူကလီးယားကင်းစင်ရေးဆွေးနွေးမှုဆိုင်ရာ အစည်းအဝေးတစ်ရပ်ကိုလည်း လာမည့် မေလနှောင်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကာ့ဒ်မျိုးနွယ်စုများအား တိုက်ထုတ်မည့်စစ်ဆင်ရေးကို ဆီးရီးယားမှ အီရတ်အထိ တိုးချဲ့သွားနိုင်ကြောင်း တူရကီပြောကြား

**အန်ကာရာ မတ် ၂၀**
တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်သည် အခြားသော ကာ့ဒ်မျိုးနွယ်စုများ ထိန်းချုပ်ထားသည့် ဒေသများဖြစ်သည့် ဆီးရီးယားမြောက်ပိုင်းနှင့် အီရတ်မြောက်ပိုင်းတို့တွင် တူရကီက စစ်ဆင်ရေးတိုးချဲ့သွားမည်ဖြစ်ကြောင်း တနင်္လာနေ့က ပြောကြားခဲ့သည်။

အန်ကာရာမြို့တော်၌ ပြုလုပ်သည့်အခမ်းအနားတစ်ခုတွင် မိန့်ခွန်းပြောကြားရာ၌ သမ္မတအာဒိုဂန်က တူရကီတပ်ဖွဲ့ဝင်များသည် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)အဖွဲ့ကို အီရတ်ရှိ ဆင်ဂျာ၌ အချိန်မရွေး နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေး ဆင်နွှဲသွားနိုင်ကြောင်း၊ အကယ်၍ အီရတ်အစိုးရက အဆိုပါဒေသမှ စစ်သွေးကြွများကို မောင်းထုတ်ရန် တွန့်ဆုတ်နေပါက တူရကီက အချိန်မရွေး ထိုးစစ်ဆင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယား၌ လုပ်ဆောင်နေသည့် စစ်ဆင်ရေးကို မန်ဘစ်ဂျ်၊ အင်အယ်လ်အာရပ်၊ တယ်အက်ဘ်ရက်ဒ်၊ ရက်စ်အယ်လ်အင်နှင့် ကွာမစ်ရှ်လီတို့ရှိ အကြမ်းဖက်အုပ်စုများ ပပျောက်သွားသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။ ယင်းစစ်ဆင်ရေးကို အမေရိကန်တပ်ဖွဲ့ဝင်များ တပ်စွဲထားရာ ယူဖရိတ်မြစ်အရှေ့ဘက်အထိ တိုးချဲ့သွားမည်ဖြစ်သည်ဟု ဆိုသည်။

အန်ကာရာက ကျောထောက်နောက်ခံပေးထားသည့် လွတ်လပ်သောဆီးရီးယားတပ်မတော် အင်အားစုများသည် ဆီးရီးယားမြောက်ပိုင်း အာဖရင်ဒေသကို ဝိုင်ပီဂျီလက်မှ ပြန်လည်ရယူခဲ့ပြီးနောက် တစ်ရက်အကြာတွင် သမ္မတအာဒိုဂန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ဆင်ဟွာ**







## ဗြိတိန်ခွဲထွက်မှု အပြောင်းအလဲကာလဆိုင်ရာ သဘောတူစာချုပ် ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ ချုပ်ဆို

**လန်ဒန် မတ် ၂၀**
ဥရောပသမဂ္ဂနှင့်ဗြိတိန်တို့သည် ကောင်းမွန်သည့်သဘောတူစာချုပ် ချုပ်ဆိုရန် ယခင်ကထက် ပိုမိုနီးကပ်လာခဲ့ပြီဖြစ်ကြောင်း ဗြိတိန်ခွဲထွက်ရေးဆိုင်ရာ အတွင်းဝန်ဒေးဗစ်ဒါဗီက ဥရောပသမဂ္ဂဆိုင်ရာ ဗြိတိန်ခွဲထွက်ရေးညှိနှိုင်းမှုအဖွဲ့အကြီးအကဲ မိုက်ကယ်ဘာနီယာနှင့်အတူ ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သဘောတူစာချုပ်ကို တိကျပြတ်သားသည့်ခြေလှမ်းတစ်ခုဟု ကြွေးကြော်ခဲ့ပြီး ဘာနီယာနှင့် ဒေးဗစ်တို့သည်အပြောင်းအလဲကာလဆိုင်ရာ သဘောတူစာချုပ်အတွက် ကြီးမားသည့်အစိတ်အပိုင်းတစ်ခုအထိ သဘောတူညီထားပြီဖြစ်ကြောင်း သို့သော် မြောက်အိုင်ယာလန် နယ်စပ်ကိစ္စကဲ့သို့ ဖြေရှင်းရမည့်အကြောင်းအရာများ ကျန်ရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုင်ယာလန်နိုင်ငံနှင့် တင်းမာသည့် နယ်စပ်ပြဿနာဖြစ်ပွားမှုမရှိအောင် ရှောင်ရှားရန်အတွက် မြောက်အိုင်ယာလန်ကို ဥရောပသမဂ္ဂ၏ စည်းမျဉ်းများနှင့်ကိုက်ညီစေရန် ဆက်လက်ထိန်းသိမ်းပေးမည့် ဖြေရှင်းမှုကိုဆောင်ရွက်ရန် ဗြိတိန်က သဘောတူညီခဲ့ကြောင်း စာချုပ်အရ သိရသည်။

မြောက်အိုင်ယာလန်သည် ဥရောပသမဂ္ဂ၏အစဉ်အလာဓလေ့ထုံးတမ်းအတွင်း ဆက်လက်ရှိနေမည်ဖြစ်သည်ဟု ဆိုသည်။ နိုင်ငံသားများ၏အခွင့်အရေးအနေဖြင့် အပြောင်းအလဲကာလအတွင်း ဗြိတိန်သို့ရောက်ရှိနေကြသည့် ဥရောပသမဂ္ဂ၏ပြည်နယ် ၁၂ ခုတို့မှ ဥရောပနိုင်ငံသားများသည် ဗြိတိန်ခွဲထွက်မှုမတိုင်မီ ရောက်ရှိနေကြသည့် နိုင်ငံသားများကဲ့သို့ပင် တန်းတူ အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း စာချုပ်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## နှစ်နိုင်ငံ ဆက်ဆံရေးအတွက် ဂျပန်သို့ အလည်အပတ်သွားရောက်ရန် တရုတ်ဝန်ကြီးချုပ်စဉ်းစားနေ



**ပေကျင်း မတ် ၂၀**
တရုတ်ဝန်ကြီးချုပ် လီခချန်သည် ယခုနှစ်၏ပထမနှစ်ဝက်တွင် ကျင်းပမည့် တရုတ်-ဂျပန်- အာအိုကေခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ရင်း ဂျပန်သို့တရားဝင်အလည်အပတ်ခရီးစဉ် သွားရောက်ရန် စဉ်းစားနေကြောင်း ပြောကြားခဲ့သည်။

ဆက်ဆံရေး တိုးတက်လာသည့် လက္ခဏာများရှိခဲ့ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျပန်သို့လာရောက်ရန် မိမိအား ဖိတ်ခေါ်ခဲ့သည်ဟု လီက တရုတ်ထိပ်တန်း ဥပဒေပြုလွှတ်တော် နှစ်စဉ်အစည်းအဝေး ပြီးဆုံးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစေရေးအတွက် ဂျပန်အနေဖြင့်ပိုမို ပါဝင်ဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။ ခေါင်းဆောင်ပိုင်းအပြန်အလှန် အလည်အပတ်လာရောက်မှုများသည် ဆက်ဆံရေးအခြေအနေကို လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိစေကာ နှစ်နိုင်ငံဆက်ဆံရေး အခြေခံအုတ်မြစ်ကို ခိုင်မာတောင့်တင်းစေရန် ကူညီပေးကြောင်း ဝန်ကြီးချုပ်လီက ပြောသည်။ **ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## သမ္မတရှီ ပြန်လည်အရွေးခံရသည့်အတွက် မြောက်ကိုရီးယားခေါင်းဆောင် ဝမ်းမြောက်ကြောင်းဖော်ပြ

**ပြုံယမ်း မတ် ၂၀**

တရုတ်သမ္မတရှီကျင့်ဖျင်အား အမျိုးသားပြည်သူ့ကွန်ဂရက်က ပြန်လည်ရွေးချယ်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက ကြေးနန်းစာပေးပို့ခဲ့ကြောင်း မြောက်ကိုရီးယားသတင်းမီဒီယာက ဖော်ပြခဲ့သည်။

လက်ရှိအာဏာရပါတီမှ ထုတ်ဝေသည့် သတင်းစာရိုဒေါင်ဆင်မန်၌ တနင်္ဂနွေနေ့ကဖော်ပြခဲ့မှုတွင် ခေါင်းဆောင်ကင်က နှစ်နိုင်ငံရင်းနှီးဆက်ဆံမှုသည် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိလိမ့်မည်ဟု စွဲမြဲယုံကြည်ကြောင်း ပြောကြားခဲ့သည်ကို ကိုးကားဖော်ပြခဲ့သည်။

သို့သော်ခေါင်းဆောင်ကင်ပေးပို့ခဲ့သည့် မက်ဆေ့ချ်သည် သမိုင်းကြောင်းဆိုင်ရာ ချစ်ကြည်ရင်းနှီးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရည်ညွှန်းထားခြင်း မပါရှိပေ။ မြောက်ကိုရီးယားသည် လွန်ခဲ့သည့်ငါးနှစ်အကြာက သမ္မတရှီရွေးချယ် ခံခဲ့ရစဉ်ကကဲ့သို့ ဖော်ပြချက်မျိုးကို အသုံးပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနှင့် ဆွေးနွေးပွဲများကို ဂျပန်သေချာပေါက် ကျင်းပသွားမည်

**တိုကျို မတ် ၂၀**

ဂျပန်နိုင်ငံသည် ရုရှားနှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမို ကောင်းမွန်တိုးတက်စေရန်နှင့် နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို စာရင်းရှင်းရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတဗလာဒီမာပူတင် တနင်္ဂနွေနေ့သမ္မတရွေးကောက်ပွဲတွင် လေးကြိမ်မြောက်အနိုင်ရရှိခဲ့ပြီးနောက် တနင်္လာနေ့တွင် အစိုးရဝန်ကြီးများအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါက သတင်းထောက်များအားပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နှင့်ရုရှားတို့သည် ပစိဖိတ်ဒေသတွင်း၌ အဓိကမိတ်ဖက်များဖြစ်ကြပြီး ဒေသတွင်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် လွန်စွာအရေးကြီးကြောင်းနှင့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံတို့သည် တည်ငြိမ်သည့်ဆက်ဆံရေးကိုတည်ဆောက်နေပြီး ပူးပေါင်းဆောင်ရွက်မှုများပိုမိုလေးနက်စေရန် ကြိုးပမ်းခဲ့ကြကြောင်း ပြောကြားခဲ့သည်။

ဂျပန်သည် ရုရှားကထိန်းချုပ်ထားသည့် ကျွန်းလေးကျွန်းနှင့်ပတ်သက်၍ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းရန် နိုင်ငံ၏အခြေခံကျသည့် မူဝါဒအောက်တွင် ရုရှားနှင့် အတူဆွေးနွေးပွဲများ ကျင်းပသွားရန် ဆက်လက်ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အနာဂတ်ဆုံးဖြတ်ချက်တွေ ချမှတ်ခွင့်ရရှိသွားတဲ့ သမ္မတပူတင်

*ကလျာမိုးမြင့်*




တနင်္ဂနွေနေ့က သမ္မတရွေးကောက်ပွဲမှာ ခိုင်လုံတဲ့မဲအရေအတွက်နဲ့ အနိုင်ရရှိခဲ့ပြီးချိန်မှာ ရုရှားသမ္မတဗလာဒီမာပူတင်ဟာ နောက်ထပ်ရုရှားခေါင်းဆောင်အဖြစ် ခြောက်နှစ်စာတာဝန်ထမ်းဆောင်ဖို့ ဖြစ်လာခဲ့ပါပြီ။ မဲတွေအားလုံးနီးပါးကို ရေတွက်လိုက်တဲ့အခါ မဲအရေအတွက်ရဲ့ ၇၆ ရာခိုင်နှုန်းကို ၎င်းကရရှိထားပြီလို့ ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆိုပါတယ်။ အဓိက အတိုက်အခံ ခေါင်းဆောင် အလက်စီနာဗယ်လ်နီကတော့ ယှဉ်ပြိုင်ပွဲအတွင်းမှာ ပါဝင်နိုင်ခြင်းမရှိအောင် တားဆီးခံလိုက်ရပြီဖြစ်ပါတယ်။

**ပြည်သူတွေအသိအမှတ်ပြုလက်ခံ**

မဲအရေအတွက်များရဲ့ ကနဦးရလဒ်တွေကိုကြေညာ လိုက်ပြီးတဲ့နောက် မော်စကိုမှာ ပြုလုပ်တဲ့လူထုစုဝေးမှုအတွင်း မိန့်ခွန်းပြောကြားခဲ့စဉ်မှာ မစ္စတာပူတင်က ဆန္ဒမဲပေးကြတဲ့ပြည်သူတွေဟာ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အကြာက ရရှိခဲ့တဲ့အောင်မြင်မှုတွေကို အသိအမှတ်ပြုလက်ခံလိုက်တာပဲလို့ ပြောကြားခဲ့ပါတယ်။သတင်းထောက်တွေနဲ့ အမေးအဖြေပြုလုပ်တဲ့အချိန် နောက်ထပ်သက်တမ်း ခြောက်နှစ်အတွက်ရော ထပ်ပြီးယှဉ်ပြိုင်အရွေးခံဦးမလားဆိုတဲ့ မေးခွန်းကို ပူတင်က သဘောကျစွာ ရယ်မောခဲ့ပါတယ်။

"ခင်ဗျားတို့ မေးလိုက်တဲ့မေးခွန်းဟာ တော်တော်လေး ရယ်စရာကောင်းနေပြီ။ ကျွန်တော်အသက်တစ်ရာပြည့်တဲ့အချိန်အထိ ဒီနေရာမှာရှိနေဦးမယ်လို့ ထင်နေကြတာလား၊ မဖြစ်နိုင်ပါဘူး"လို့ ပူတင်ကဖြေကြားခဲ့ပါတယ်။သမ္မတပူတင်ရဲ့ အောင်ပွဲရရှိနိုင်တဲ့ အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့်ကြိုတင်ခန့်မှန်းတွက်ချက်ပြီးသားဖြစ်သလို ဒီအနေအထားဟာ ၎င်း ၂၀၁၂ခုနှစ်မှာ ယှဉ်ပြိုင်တုန်းက ရရှိခဲ့တဲ့ မဲအရေအတွက်ရဲ့ ၆၄ ရာခိုင်နှုန်းထက် သိသိသာသာ ကျော်လွန်မြင့်တက်လာတဲ့ အနိုင်ရရှိမှုမှတ်တမ်းတစ်ခုလည်းဖြစ်ပါတယ်။

**အခိုင်မာဆုံးအခွင့်အာဏာကို ပေးအပ်ခဲ့ပြီဖြစ်**

မစ္စတာပူတင်ရဲ့ အနီးဆုံးယှဉ်ပြိုင်ဘက် ကွန်မြူနစ်သန်းကြွယ်သူဌေး ပါဗယ်လ်ဂရူဒီနင်ကတော့ မဲရလဒ် ၁၂ ရာခိုင်နှုန်းရရှိခဲ့ပါတယ်။ ယှဉ်ပြိုင်ပွဲအတွင်းမှာ ရုပ်သံအစီအစဉ်ထုတ်လွှင့်တင်ဆက်သူဟောင်း Ksenia Sobchak နဲ့ အမျိုးသားရေးဝါဒီသမားစစ်မှုထမ်းဟောင်း ဗလာဒီမာဇီရင်နော့ဗ်စကီတို့လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရလဒ် ၂ ရာခိုင်နှုန်းနဲ့ ၆ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြပါတယ်။ မဲထည့်ဝင်သူအရေအတွက်ဟာ ၆၀ရာခိုင်နှုန်းစီ အသီးသီးရရှိခဲ့ကြပါတယ်။ မစ္စတာပူတင်ရဲ့ ယှဉ်ပြိုင်မှုက ၎င်းကိုအခိုင်အမာဆုံးနဲ့ အဖြစ်နိုင်ဆုံး လုပ်ပိုင်ခွင့်အာဏာကို ပေးအပ်မယ့်ကြီးမားတဲ့ မဲထည့်ဝင်သူအရေအတွက် ပမာဏကို မျှော်လင့်နိုင်တဲ့ အခွင့်အရေးတစ်ခုပါ။ သမ္မတရဲ့မဲဆွယ်စည်းရုံးမှုအဖွဲ့က ဒါကို အံ့သြလောက်တဲ့ အောင်ပွဲတစ်ခုလို့ ချီးမွမ်းခဲ့ကြပါတယ်။

**အနာဂတ်ဆုံးဖြတ်ချက်များ ချမှတ်နိုင်တော့မည်**

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီးဖြစ်တဲ့ မဲရလဒ်ရာခိုင်နှုန်းဟာ စကားတစ်ခွန်းကို ကိုယ်တိုင်ပြောပြလိုက်သလိုပါပဲ။ ဒါဟာ သမ္မတပူတင်က ချမှတ်ဖို့လိုအပ်နေတဲ့ အနာဂတ်ဆုံးဖြတ်ချက်တွေအတွက် အခွင့်အာဏာရရှိမှုကြီးဖြစ်တယ်။ ဆုံးဖြတ်ချက် ချမှတ်စရာတွေလည်းအများကြီးရှိနေတယ်လို့ ပူတင်ရဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်တာဖက်စ်သတင်းအေဂျင်စီသို့ ပြောကြားခဲ့ပါတယ်။

တချို့နေရာတွေမှာဆိုရင် ဒေသစတိုးဆိုင်မှာ အခမဲ့အစားအသောက်တွေပေးတာနဲ့ ဈေးနှုန်းလျှော့ချတာတွေလိုမျိုး မဲရုံတွေအနီးမှာ ကမ်းလှမ်းထားတာတွေရှိခဲ့ပါတယ်။ မဲရုံတွေကနေ ရိုက်ကူးထားတဲ့ ဗီဒီယိုမှတ်တမ်းတွေဟာ ရုရှားနိုင်ငံတစ်လွှားက များစွာသော မြို့ကြီးတွေနဲ့ မြို့ငယ်တွေမှာ မသမာမှုတွေရှိတယ်ဆိုတာကို ပြသနေပါတယ်။ ဗီဒီယိုဖိုင်အချို့မှာ ရွေးကောက်ပွဲအာဏာပိုင်တွေက မဲစာရွက်တွေကို ပုံးတွေထဲ အတင်းထိုးသိပ်ထည့်နေတာကို တွေ့ရပါတယ်။

**မသမာမှုများရှိကြောင်းဖော်ပြ**

မစ္စတာနာဗယ်လ်ဟာ ငွေအလွဲသုံးစားပြုလုပ်မှု ကျူးလွန်ခဲ့တယ်ဆိုပြီး ရွေးကောက်ပွဲ အတွင်းကနေ ထုတ်ပယ်ခံလိုက်ရပါတယ်။ ၎င်းကတော့ ဒါဟာ ကရင်မလင်နန်းတော်က လုပ်ကြံစွပ်စွဲတာလို့ ပြောခဲ့ပါတယ်။ သတင်းတွေထွက်ပေါ်လာမှုကို ပထမဆုံးတုံ့ပြန်ခဲ့ရာမှာ နာဗယ်လ်လီက ၎င်းရဲ့ဒေါသတွေကို မချုပ်ထိန်းနိုင်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီလဟာ ခရစ်ယာန်ဥပုသ် လရာသီဖြစ်တယ်။ ဘယ်တော့မှ စိတ်မဆိုးမိဖို့နဲ့ အသံကျယ်ကျယ်လောင်လောင် မထွက်မိဖို့ စောင့်ထိန်းလိုက်တယ်။ နောက်တစ်နှစ်မှာ ထပ်ပြီးကြိုးစားမယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

မဲပေးကြတဲ့နေ့အတွင်းမှာ လွတ်လပ်သော ရွေးကောက်ပွဲစောင့်ကြည့်မှုအဖွဲ့ Golos က အောက်ပါအချက်တွေ အပါအဝင် တွေ့ရှိရသမျှ မသမာမှုတွေရာနဲ့ချီပြီး အစီရင်ခံစာဖော်ပြခဲ့ပါတယ်။

- မဲပေးမှု စတင်မဖွင့်လှစ်မီကတည်းက မဲပုံးတချို့တွေထဲမှာ မဲစာရွက်တွေကို တွေ့ရတာ၊
- မဲပေးမှုကို လေ့လာစောင့်ကြည့်သူတွေက တချို့မဲရုံတွေဆီကို မဝင် ရောက်ဖို့ တားဆီးခံရတာ၊
- တချို့ပြည်သူတွေဟာ အတင်းအကျပ်မဲထည့်ဖို့ ဖိအားပေးခံရတယ်လို့ သံသယဖြစ်ဖွယ် တွေ့ရှိရတာ၊

ဒါဂျက်စတန်မှာ ရွေးကောက်ပွဲအာဏာပိုင်တစ်ဦးက ၎င်းဟာ မဲပုံးတွေကို ကာဆီးပိတ်ဆို့နေတဲ့ အမျိုးသားတွေပါဝင်သော လူတစ်အုပ်ကြောင့် ၎င်းရဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ဖို့ အဟန့်အတားဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဗဟိုရွေးကောက်ပွဲကော်မရှင် အကြီးအကဲ အယ်လာပမ်ဖီလိုဗာက အခုအချိန်ထိတော့ ပြင်းထန်တဲ့ စည်းကမ်းချိုးဖောက်မှုတွေ မှတ်တမ်းတင်ခဲ့တာ မရှိဘူးလို့ ပြောပါတယ်။

ရောက်ရှိလာသမျှတိုင်းကို ကျွန်ုပ်တို့ တတ်နိုင်သမျှခွဲခြမ်းစိစစ်ပြီး စောင့်ကြည့်စစ်ဆေးမှုတွေလုပ်ခဲ့တယ်။ ကံကောင်းစွာနဲ့ အခြေအနေတွေဟာ ကောင်းမွန်တဲ့ အနေအထားဖြစ်ခဲ့တယ်လို့ ၎င်းက ချီးဖောက်မှုတွေနဲ့ ပတ်သက်ပြီး ကော်မရှင်အစည်းအဝေးတစ်ခုမှာ ပြောဆိုခဲ့ရပါတယ်။ ရွေးကောက်ပွဲအတွင်း မသမာမှုတွေမှာ ပါဝင်တဲ့သူ မှန်သမျှကို ဖမ်းဆီးမယ်လို့လည်း ၎င်းက ကြိုတင် သတိပေးထားပြီးဖြစ်ပါတယ်။

**ခရိုင်းမီးယားရဲ့ပထမဆုံးသော မဲပေးမှုဖြစ်**

ခရိုင်းမီးယားဒေသကို ရုရှားက ယူကရိန်းဆီကနေ သိမ်းပိုက်ရယူလိုက်တဲ့အချိန်ကစပြီး တနင်္ဂနွေနေ့က မဲပေးမှုဟာ ခရိုင်းမီးယားမှာ ပထမဆုံးသော မဲပေးမှုပါပဲ။ သမ္မတ ပူတင်ဟာ အဲဒီသိမ်းပိုက်မှု လေးနှစ်ပြည့်နှစ်ပတ်လည်အတွက် ပြုလုပ်တဲ့ လူထုစုဝေးမှုမှာ မိန့်ခွန်းပြောဆိုဖို့ အစီအစဉ်ဆွဲခဲ့ပြီး အဲဒီနေ့ဟာ ရွေးကောက်ပွဲကျင်းပတဲ့ နေ့ရက်နဲ့ တိုက်ဆိုင်စွာ တစ်ရက်တည်းဖြစ်နေခဲ့ပါတယ်။

ခရိုင်းမီးယားဒေသကို ကျူးကျော်သိမ်းယူမှုဟာ ရုရှားနဲ့ အနောက်နိုင်ငံတွေ အကြားမှာ တင်းမာမှုတွေပေါက်ပွားလာစေခဲ့ပြီး ကိယက်ဗ်အတွက်လည်း ခါးသီးတဲ့ အကြိတ်အနယ်ယှဉ်ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ပါတယ်။ ယူကရိန်းမှာနေထိုင်ကြတဲ့ ရုရှားနိုင်ငံသားတွေ အနေနဲ့ တနင်္ဂနွေနေ့ရွေးကောက်ပွဲမှာ ပါဝင်ဆင်နွှဲခွင့် မရခဲ့ဘူး။

ဘာကြောင့်လဲဆိုတော့ ရုရှားသံတမန်ရေးရာမစ်ရှင် ဆောင်ရွက်ခွင့်တွေ ယူကရိန်းက ပိတ်ပင်ထားတာကြောင့်ပါ။ ဘယ်လိုပဲဆိုဆို သမ္မတပူတင်အတွက်ကတော့ ဒီနေ့ဟာ အနာဂတ်ဆုံးဖြတ်ချက်တွေကို ချမှတ်ခွင့်ရသွားတဲ့နေ့ရက်တစ်ရက်ပဲ မဟုတ်ပါလား။ ။

**ကိုးကား-အေအက်ဖ်ပီ၊ ဘီဘီစီ**

> "တနင်္ဂနွေနေ့က မဲပေးမှုဟာ ခရိုင်းမီးယားမှာ ပထမဆုံးသော မဲပေးမှုပါပဲ၊ သမ္မတပူတင်ဟာ အဲဒီသိမ်းပိုက်မှု လေးနှစ်ပြည့်နှစ်ပတ်လည်အတွက် ပြုလုပ်တဲ့ လူထုစုဝေးမှုမှာ မိန့်ခွန်းပြောဆိုဖို့ အစီအစဉ်ဆွဲခဲ့ပြီး အဲဒီနေ့ဟာ ရွေးကောက်ပွဲ ကျင်းပတဲ့နေ့ရက်နဲ့ တိုက်ဆိုင်စွာ တစ်ရက်တည်းဖြစ်နေ"

# သိုင်းခြုံရစ်ဝိုင်း မြူမှုန်ဆိုင်းသည့် ပတ္တမြားမြေမှ နှစ် ၈၀၀ ဆီသို့

*မောင်ယဉ်ကျေး*

ဝန်းကျင်တစ်ခုတောင်ပတ်လည်ကာဆီးပြီး မြူခိုးတို့က ရစ်ဝိုင်းထားသည့်အတွက် လွမ်းစရာ့ပန်းချီကား တစ်ချပ်နှယ်ပင်....။

သို့မို့ကြောင့်ထင်...ခမောက်တစ်လုံးအား ပက်လက်လှန်ထားသည့်အသွင်ဖြင့် တည်ရှိနေသည်ဟု အဓိပ္ပာယ်ရသော ရှမ်းဘာသာဖြင့် မိန်းကု(ပ)မှသည် မိုးကုတ်မြို့ဖြစ်လာသည်ဟုလည်းကောင်း၊ အခြားမှုကွဲများတွင် ကောက်ကွေ့နေသော မြို့ "မိန်းကွတ်" ဆောင်းရာသီတွင် ရေခဲလေ့ရှိတတ်သည့် အလွန်အေးသောမြို့ "မိန်းကတ်" မိုးချုပ်စောသောမြို့ဟူ၍ အမျိုးမျိုးတင်စားခေါ်ဝေါ်ခဲ့ကြသည့် မိုးကုတ်မြို့လေးမှာ ပတ္တမြားမြေဟူသည့် အလွန်လှပသောအမည်နာမဖြင့် ကမ္ဘာတိုင်ကျော်ကြားလှပေသည်။


ဓာတ်ပုံ-အောင်သန့်နိုင်

## ကျောက်နီများ တွေ့ရှိရာနေရာ

"ကိတ်-နဂါး-ကြွက် သုံးစဖော်ယှက်၊ ကျောက်မျက်ရတနာပေါ်ထွက်လာ၊ ဂန္ဓာလတိုင်းသမိုင်းပွင့်ဆန်းပင်သဖန်းဟု မော်ကွန်းထိုးထုတ်မြို့မိုးကုတ်"ဟူသည့် မြို့တည်ရေးတဘောင်အရ မြန်မာသက္ကရာဇ် ၅၇၉ နှစ်၊ မိုးမိတ်စော်ဘွားကြီး သိုဟန်ဖက်လက်ထက်တွင် ရှမ်းတိုင်းရင်းသားမုဆိုးသုံးဦးသည် တောလည်ထွက်ရင်း မျက်စိလည်ကာ လမ်းစလည်းပျောက်၊ မိုးလည်းချုပ်နေပြီဖြစ်သည့်အတွက် တောင်ခြေရင်းတစ်ခုရှိ သဖန်းပင်ကြီးတစ်ပင်အောက်တွင်တစ်ညတာ နားခိုအိပ်စက်ကြလေသည်။ နံနက်မိုးသောက်သည့်အခါ ဆူညံနေသည့်အသံများကြောင့် ကြည့်ရှုလိုက်ကြရာ ၎င်းတို့နှင့် မနီးမဝေးရှိ ပြိုကျနေသော တောင်ကြားတစ်ခုပေါ်တွင် ကျီးနှင့် စွန်များဝဲပျံအော်ဟစ်နေကြခြင်းဖြစ်ကြောင်း တွေ့ရှိကြရာ ထူးခြားချက်တစ်ခုဖြစ်နိုင်သည်ဟု ယူဆပြီး သွားရောက်ကြည့်ရှုကြသည်တွင် ထွက်ပြူစနေရောင်အောက်တွင် အသားတစ်များပမာနီရဲတောက်ပနေသည့် ကျောက်များအား ၎င်းတို့၏ အစားအစာထင်မှတ်ကာ အော်ဟစ်နေကြခြင်းဖြစ်ကြောင်း သိရှိရပြီး လှပသည့်ကျောက်နီများအား ရသလောက်တစ်နိုင်စီသယ်ပိုးလာခဲ့ကြကာ မိမိတို့၏အရှင်သခင်ဖြစ်သော စော်ဘွားကြီးထံ ဆက်သကြလေသည်။ စော်ဘွားကြီးမှ ထိုကျောက်နီများသည် အဖိုးထိုက်တန်သည့် ရတနာများဖြစ်ကြောင်း သိရှိသဖြင့် ရှမ်းမုဆိုးသုံးဦးအား ဆုတော်လာဘ်တော်များချီးမြှင့်ကာ အဆိုပါ ကျောက်နီများတွေ့ရှိရာနေရာအား လိုက်လံပြသစေလေသည်။

## မိုးကုတ်အစ သဖန်းပင်က

ယင်းနောက် ထိုနေရာတွင် "ဟိန်"ခေါ်အကြီးအမှူးတစ်ဦးနှင့်အတူ နောက်လိုက် ၃၀ တို့အား နှစ်စဉ်ငွေတော် ၃၀၀ ချီးမြှင့်ထောက်ပံ့ကာ စောင့်ရှောက်စေလေသည်။ အဆိုပါဟိန်အရာရှိနှင့် နောက်လိုက် ၃၀ တို့သည် ပတ္တမြားမြေစတင်တွေ့ရှိသည့် ရှမ်းမုဆိုးသုံးဦး ညအိပ်နားခိုခဲ့ကြသည့် သဖန်းပင်ကြီးအနီးတွင် စတင်ရွာတည်နေခဲ့ရာ သဖန်းပင်ရွာဟု ယနေ့တိုင် အထင်အရှားရှိနေပြီး " မိုးကုတ်အစ သဖန်းပင်က"ဟု ဒေသခံတို့က ဆိုစမှတ်ပြုကြလေသည်။

မိုးကုတ်မြို့ဟု ဆိုလိုက်သည်နှင့် မြန်မာလူမျိုးတိုင်း၏ မျက်စိထဲတွင် ပတ္တမြားငမောက်၊ လှော်ကားတင်ကြီး၊ လှော်ကားတင်လေးဟူသည့် ပြည်တန်ပတ္တမြားကြီးများကို ပြေးမြင်ယောင်ကြသည်ဖြစ်သလို ထင်ရှားကျော်ကြားလှသည့် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ဦးခိုက်ပူဇော်ကြမြဲ ဖြစ်လေသည်။ ရာဇဝင်တွင် ထင်ရှားသည့် နန်းစဉ်ပတ္တမြားကြီးများ ထွက်ရှိခဲ့သလိုပင် ယနေ့မျက်မှောက်ခေတ်တိုင်အောင်ပင် နဝတ ပတ္တမြားကြီးကဲ့သို့သော အဖိုးအနဂ္ဃထိုက်တန်သည့် ပတ္တမြား၊ နီလာ၊ မြ၊ ပြောင်ခေါင်းစိမ်း၊ သလင်း စသည့် ရတနာမျိုးစုံ ထွက်ရှိသည့် မိုးကုတ်ရတနာမြေတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကာ ရတနာရှာဖွေသူများဖြင့် စည်ဆက်မပြတ် သက်ဝင်လှုပ်ရှားလျက်ရှိပေသည်။

## မျှော်လင့်ချက်ရောင်ခြည်များ

ကျောက်မျက်တူးဖော်မှုလုပ်ငန်းတွင် တွင်းလုံး၊ လေးပင်၊ ကိုးပင်၊ မျော၊ လူး၊ လက်ကြား၊ အင်းပြဲစသည့် ရိုးရာနည်းဖြင့် တူးဖော်သည့် လက်တွင်းများမှသည် ခေတ်မီစက်ကြီးများဖြင့် တူးဖော်သည့်လုပ်ငန်းကြီးများအထိ နည်းမျိုးစုံဖြင့် ရတနာရှာဖွေနေကြသလို ယုတ်စွအဆုံးခေတ်မီစက်ကြီးများဖြင့် ခဲတောင်များအား ခွဲကာထုတ်လုပ်သည့် လုပ်ငန်းကြီးများမှ စွန့်ပစ်မြေဖြစ်သည့် ခဲစာထုခြင်း၊ ရေနီမြောင်းတစ်လျှောက် သံဆန်ခါတစ်ချပ်ဖြင့် ခနဲဆေးခြင်းများမှ ထမင်းစားကျောက်မှသည် သိန်းကြီးကျောက်အထိ မိမိတို့ကံအလိုက် ကျောက်ကြီးကျောက်ကောင်းများ ရရှိတတ်ကြသည်မို့ မျှော်လင့်ချက်ရောင်ခြည်များ ယှက်သန်းနေသော ရတနာမြေလည်းဖြစ်ပေသည်။ ရှေးယခင်များကဆိုလျှင် မြက်ခေါင်းလန်ကျောက်များကိုပင် အလွယ်တကူရရှိတတ်သည့် ထူးခြားသော မိုးကုတ်မြို့ဟု ဆိုရပေမည်။ သို့မို့ကြောင့်လည်း ဤဒေသတွင်နေထိုင်ကြသည့် ရှမ်း၊ လီဆူ၊ ပလောင်၊ ဗမာစသည့် ဒေသခံတိုင်းရင်းသားများအပြင် နီပေါ( ဂေါ်ရခါး)၊ ဆစ်(ပန်ချာပီ)စသည့် လူမျိုးခြားများပင်လျှင် မိမိတို့ ကိုးကွယ်ရာဘာသာအလိုက် ဘာသာရေးကိုအထူးအလေးထားကာ အလှူအတန်းလည်း ရက်ရောကြပေသည်။ မိုးကုတ်မြို့၏ ထင်ရှားသည့် ရွှေဂူကြီးဘုရား(မိုးကုတ်မြို့တွင် ပထမဦးဆုံး တည်ထားတော်မူသည့်ဘုရား)၊ ချမ်းသာကြီးဘုရား၊ ဖောင်တော်ဦးစေတီ၊ ကျောက်ပြာသာဒ်ဘုရားစသည့် ဘုရားစေတီများတွင် ဥပုသ်သီတင်းပြုသူများဖြင့် တရားဓမ္မသံစည်ဝေနေသလို မိုးကုတ်ဘိုးဘိုးကြီး၊ ကျောက်ကုလား ဘိုးဘိုးကြီး စသည်ဖြင့် မိမိတို့ယုံကြည်အားထားရာ ရိုးရာနတ်မင်းများထံတွင် ကျောက်ကြီးကျောက်ကောင်းများရရှိစေရန် ဆုတောင်းသံများဖြင့်လည်း ထုံမွမ်းလျက်ရှိနေပေသည်။

## ရှားပါးစာရင်းဝင်

မိုးကုတ်ဒေသသည် ရတနာမြေဟု ထင်ရှားသလို အဆိုပါရတနာမြေပေါ်တွင် ပေါက်ရောက်ရသည်မို့ထင့် ဒေသထွက်သီးနှံများကလည်း အထူးပင်အရသာရှိလှပေသည်။ အဖိုးတန်ပြောင်ခေါင်းစိမ်းကျောက်ထွက်ရှိသည့် ပြောင်ခေါင်းကျေးရွာမှထွက်ရှိသည့် သစ်တော်သီးဆိုလျှင် ယခုလို ပြည်ပမှ ခေတ်မီနည်းဖြင့် မျိုးစပ်ထားသည့် ပန်းသစ်တော်များ မပေါ်ထွန်းမီကပင် အလုံးကြီးကြီး အရည်ရွှမ်းရွှမ်း၊ အသားနူးညံ့စွာဖြင့် အလွန်ပင်အရသာရှိနေပေသည်။

မိုးကုတ်ဒေသတွင်သာ တွေ့ရှိရသည့် "အလောင်းစည်သူမှျစ်"ခေါ် မှျစ်တစ်မျိုးမှာ တစ်ခါစားဖူးလျှင် တစ်သက်မမေ့မရအောင်ပင် အရသာထူးခြားလှပြီး ယခုဆိုလျှင် ရှားပါးစာရင်းဝင်ပင် ဖြစ်ပေသည်။ ရှမ်းပြည်နယ်တစ်လွှားတွင် ပင်စိမ်းသီးထွက်ရှိသည့် နေရာဒေသများ အများအပြားရှိသော် လည်းမိုးကုတ်ဒေသထွက် ပင်စိမ်းသီးအား ရိုးရာနည်းအတိုင်း ထုတ်လုပ်ထားသည့် မက်ခေါက်သီးအူပေါက်ဟုခေါ်သည့် ပင်စိမ်းသီးပေါင်းမှာ အလွန်ပင်အရသာရှိလှပေသည်။ ထို့အတူ မိုးကုတ်လက်ဖက်သည်လည်း ပထမတန်းစားထဲတွင် ပါဝင်သလို အထူးသဖြင့် ပလောင်တိုင်းရင်းသားအများစုနေထိုင်ကြသည့် ဗမွန်ရွာထွက်ဗမွန်လက်ဖက်ခြောက်ကား အဖိုးတန်နတ်သစ်ရွက်ပင်ဖြစ်လေသည်။

## မိုးကုတ် ဒေသအစားအစာ

ထို့အပြင် အရောအနှောကင်းသည့် ပဲသန့်သန့်ဖြင့် သန့်ရှင်းစွာဆောင်ရွက်ထားသည့် ဝမ်းသဖိုးခေါ် တို့ဟူးပျော့၊ တို့ဟူးမာတို့သည်လည်း လူအများနှစ်ခြိုက်ကြသည့် မိုးကုတ်ဒေသအစားအစာတစ်မျိုးဖြစ်ပြီး ရှေးယခင်ကဆိုလျှင် ပဲနှင့်ပြောင်းဖူးကို အချိုးအဆနှင့်ရောစပ်ကာ ကိုယ်တိုင်ကြိတ်(ဒေသအခေါ်တို့ဟူးထိုး) ကြပါသည်။ ယနေ့ခေတ်လို ရောင်းတန်းပဲမှုန့်များကို မသုံးကြသည့်အတွက်လည်း လတ်ဆတ်ချိုမြိန်ခြင်း ဖြစ်နိုင်ပါသည်။ မိုးကုတ်ဝက်သားချဉ်နှင့် ရွှေညောင်ပင်မှျစ်ချဉ်တို့ကလည်း မိုးကုတ်မြို့၏ နာမည်ကျော်အစားအစာများပင် ဖြစ်လေသည်။

ဒေါ်နန်းကြည့်တောင်၊ ပင့်ကူတောင်၊ တောင်မဲတောင်၊ မြို့မြင်တောင်၊ ကျေးနီတောင်စသည့် ပင်လယ်ရေမျက်နှာပြင်အထက် ပေငါးထောင်ကျော်မှ ခုနစ်ထောင်ကျော်အထိ မြင့်မားသည့်တောင်တန်းကြီးများ ဝန်းရံနေရာ မိုးကုတ်မြို့၏ တစ်နေ့တာသက်ဝင်လှုပ်ရှားမှုတွင် "ထာပွဲ" ကလည်း မပါမဖြစ်သောပြယုဂ်တစ်ခုပင်ဖြစ်သည်။ "ထာ" ခေါ်ကြေးလင်ပန်းကလေးများထဲတွင် တောက်ပဝင့်ကြွားနေသည့် ကျောက်မျက်ရတနာများအား ရောင်းဝယ်မှုကို အကြောင်းပြုလျက် ပေါ်ပေါက်လာသည့် ထာပွဲသည် မိုးကုတ်မြို့၏ ပင်မစီးပွားရေးတစ်ရပ် ဖြစ်လေသည်။ ရှေးယခင်က "ထာ" ပွဲအားယခုပတ္တမြားရပ်ဟု ခေါ်တွင်သည့် တစ်နေကုန်ရောင်းချသည့်ထာပွဲနှင့် မိုးကုတ်မြို့(အနောက်ပိုင်း) ကျပ်ပြင်ရှိ နံနက်အစောဖွင့်လှစ်သည့် အောင်သစ်လွင်ထာပွဲ၊ ညနေပိုင်းဖွင့်လှစ်သည့် ပန်းမထာပွဲတို့တွင် နေရောင်တွင် ကျောက်ပွင့်လှလှလေးများကို ထောင်ကြည့်ကာ "ပနာ"ကြည့်သူများ၊ တံဆိပ်စည်းကြ၊ တံဆိပ်ဖွင့်ကြဖြင့် ကျောက်မျက်ရတနာ ရောင်းဝယ်သူတို့နှင့် စည်ကားသက်ဝင်လှပေသည်။ ယခင်က ဆိုလျှင် မင်းတံတားထာပွဲ၊ ညောင်ပင်ကြီးထာပွဲတို့ပါ ရှိခဲ့သော်လည်း ယနေ့ချိန်ခါတွင်တော့ ထာပွဲသုံးနေရာလောက်သာ ကျန်တော့ပြီဖြစ်သည်။

## ထူးချွန်သူများကို မွေးထုတ်ပေး

ပတ္တမြားမြေမိုးကုတ်မြို့သည် အဖိုးတန်ရတနာများနည်းတူ စာပေနှင့် အနုပညာနယ်ပယ်တွင်လည်း ထူးချွန်သူများကို မွေးထုတ်ပေးခဲ့ပြန်ပါသည်။ စာရေးသူလက်လှမ်းမီသလောက်ဆိုလျှင် လေသူရဲတစ်ဦး၊ မောင်ထွန်းဦး(မိုးကုတ်)စသည့် စာပေပညာရှင်များ၊ ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဗိုလ်၊ ဝတ်မှုံရွှေရည်၊ ဖွေးဖွေး၊ ခင်လေးနွယ်၊ ရီဝေယံ၊ မိုးထက်မြင့်(အဲ့လာပြောတာ) စသည့် ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များ ဖြစ်ကြသည်။

စော်ဘွားကြီး သိုဟန်ဖက် လက်ထက်မှ အစပြုကာ ပေါ်ထွန်းလာခဲ့သည့် ရတနာမြေမိုးကုတ်မြို့သည် မကြာမီရက်ပိုင်းအတွင်း နှစ် ၈၀၀ ပြည့်တော့မည်ဖြစ်သည့် သက်တမ်းရှည်မြို့တစ်မြို့ ဖြစ်သည်။ ယခုလာမည့် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ မိုးကုတ်မြို့ နှစ် ၈၀၀ ပြည့်ပွဲတော်အား အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ရာ သာယာလှပသည့် မိုးကုတ်အင်းစောင်းတွင် အပန်းဖြေအနားယူကာ သန့်ရှင်းလတ်ဆတ်သော မိုးကုတ်အစားအစာများအား မြိန်ရှက်စွာ သုံးဆောင်၍အတူတကွပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပါရန် ဖိတ်မန္တက ပြုအပ်ပါတယ်ခင်ဗျား။ ။



နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက မတ် ၁၇ ရက်တွင် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု စက်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၀၀ အား သောက်ရေသန့် ၂၀လီတာဘူးကြီးအလုံး ၁၀၀ ကို အိမ်တိုင်ရာရောက်လှူဒါန်းနေစဉ်။ ဇော်ဘီ


လိုက်နာရန်

- ဆေးလိပ်ဖြတ်ပါ။
- ဖုန်၊ အမှုန့်၊ မီးခိုး၊ အငွေ့များကို တတ်နိုင်သလောက်ရှောင်ရှားပါ။
- ရောဂါဖြစ်လာလျှင် နားလည်တတ်ကျွမ်းသူများထံ စောစီးစွာပြသကုသပါ။
- ညွှန်ကြားသောဆေးဝါးများကို ပုံမှန်သုံးစွဲပါ။


# ဇီးကုန်းပြည်သူ့ဆေးရုံသစ်ကြီး မကြာမီဖွင့်လှစ်တော့မည်

**ပဲခူး မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ရန်ကုန်ပြည်လမ်း ပြည်သူ့ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသော ပြည်သူ့ဆေးရုံသစ်ကြီး၏ ဆောက်လုပ်မှုလုပ်ငန်းများ ပြီးစီး၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့ ခုတင် ၅၀ ဆံ့နှစ်ထပ်ပြည်သူ့ဆေးရုံသစ်ကြီးကို ၂၀၁၇ ခုနှစ် ဇွန်လမှစပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ခွင့်ပြုငွေကျပ်သန်း ၃၃၀ဖြင့် ACE ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် လုပ်ငန်းများခေတ္တရပ်တန့်ထားခဲ့ရာမှ ယခုပြန်လည် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခင်ဆောက်လုပ်ပြီးစီးခဲ့သော ခုတင် ၅၀ ဆံ့နှစ်ထပ်ဆောင်နှင့် ယခုဆေးရုံသစ်ဖွင့်လှစ်ပြီးပါက စုစုပေါင်း ခုတင် ၁၀၀ ဖြင့် ဒေသခံပြည်သူများနှင့် အနီးနားပတ်ဝန်းကျင်ရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။



**ကိုသက် (ဇီးကုန်း)**

# ရှင်ဥပဂုတ္တ မထေရ်မြတ်ဇာတ်ကားတွင် မထေရ်မြတ်၏ မိခင်အဖြစ် လီလီကျော်ခိုင် သရုပ်ဆောင်ရိုက်ကူး



အကယ်ဒမီ ဝါဝါဝင်းရွှေ၏ ကမ်းလှမ်းမှုကြောင့် ရှင်ဥပဂုတ္တမထေရ်မြတ်၏ မိခင်အဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့သူ၊ Stars & Models Agency မှ စင်တင်မင်းသမီးဖြစ်သူ လီလီကျော်ခိုင်အနေဖြင့် ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးနေသော "ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး" ထေရုပ္ပတ္တိအကြောင်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ရိုက်ကူးပူဇော်တင်ဆက်မှုတွင် အထူးသရုပ်ဆောင်အဖြစ် ပါဝင်ထားကြောင်း သိရသည်။

"ဒီကားကြီးမှာ ညီမပါဝင်ဖြစ်တာကတော့ အန်တီဝါဝါဝင်းရွှေက ဒီလိုဇာတ်ကားတစ်ကား ဖန်တီးဖို့ရှိတဲ့အတွက် သရုပ်ဆောင်မလားဆိုပြီး ကမ်းလှမ်းခဲ့ပါတယ်၊ ကျွန်မနဲ့လည်း ဇာတ်ရုပ်က ကိုက်ညီမှုရှိမယ်လို့ အန်တီက ယူဆပုံရပါတယ်၊ ကျွန်မအတွက်ကတော့ အခက်အခဲအများကြီးရှိပါတယ်၊ ကိုယ်က အနုပညာမှာ တက်သစ်စဖြစ်တဲ့အတွက် အတွေ့အကြုံ အားနည်းပါတယ်၊ သင်ယူရတာ တွေလည်း အများကြီးရှိခဲ့တယ်"ဟု လီလီကျော်ခိုင်က ပြောကြားသည်။

အဆိုပါသရုပ်ဆောင်မှုတွင် ဒါရိုက်တာဟိန်းစိုး၊ ဒေါ်ဝါဝါဝင်းရွှေ၊ ဒါရိုက်တာ ဗန်းကြီးစသည့် ဆရာသမားသုံးဦးစလုံးက စကားလုံး ပြောဆိုပုံမှအစ သင်ကြားပေးကြကြောင်းသိရပြီး ယခုဇာတ်ကားသည် ပုံမှန်ရိုက်ကူးနေကျ ဇာတ်ကားမဟုတ်ဘဲ စကားသုံးနှုန်းပုံများတွင် ရှေးခေတ်ဘုရင်စနစ်အသုံးအနှုန်းများကိုလည်း ထည့်သွင်းထားခြင်းကြောင့် လေယူလေသိမ်းမှအစ သတိထားသင်ယူလေ့လာရကြောင်းသိရသည်။

ထို့ပြင် အဝတ်အစားပိုင်းတွင်လည်း ရှေးခေတ် ဝတ်စားဆင်ယင်ပုံကို ဝတ်ဆင်ရခြင်းဖြစ်ပြီး ချည်ထည်များကို အဓိကအသုံးပြုထားကြောင်း လီလီကျော်ခိုင်က ပြောသည်။ "ဒီဇာတ်ကားက ရာဇဝင်မှာလည်း ရှိနေတဲ့ ဇာတ်မျိုးဖြစ်တာကြောင့် သရုပ်ဆောင်မှုအပိုင်းမှာ မလွဲချော်အောင် သတိထားထိန်းသိမ်းရပါတယ်၊ ယဉ်ကျေးမှု ဝန်ကြီးဌာနက ပညာရှင်တွေနဲ့လည်း ဆွေးနွေးတိုင်ပင်တာမျိုးတွေ လုပ်ခဲ့ရပါတယ်၊ ဘယ်လိုနေရာမှာ ဘယ်လို အဝတ်အစားဝတ်မယ်ဆိုတာကအစ သူတို့နဲ့ ညှိနှိုင်းပြီးမှ ရိုက်ကူးတင်ဆက်တာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

လီလီကျော်ခိုင်သည် အဆိုပါဇာတ်ကားအတွင်း ကလေးတစ်ဦး၏ မိခင်နေရာတွင် သရုပ်ဆောင်ရသည့်အတွက် မိခင်၏ ပြောဆိုနေထိုင်ပုံများနှင့် သားသမီးများအပေါ်ထားရှိသည့် စိတ်နေစိတ်ထား မျက်လုံးအနေအထားမှ အစလေ့လာထားရကြောင်း၊ မင်းသမီးအနေဖြင့် သရုပ်ဆောင်ရခြင်းကြောင့် လုပ်ကွက်လည်းများကြောင်း၊ ပေးအပ်လာသည့် တာဝန်ကို ယုံကြည်စွာအပ်နှင်းနိုင်ရန်အတွက်လည်း အကောင်းဆုံးကြိုးစားထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ အကယ်ဒမီဝါဝါဝင်းရွှေ၊ ဦးဟိန်းစိုး၊ ဗန်းကြီး၊ ဝင်းထွန်းဝင်းတို့ ပူးပေါင်းရိုက်ကူးပြီး ဇာတ်လမ်း သန့်လျှင် မင်းကြည်လှိုင်၊ ဇာတ်ညွှန်း အကယ်ဒမီ မြင့်ဦးဦးမြင့်၊ သရုပ်ဆောင် အကယ်ဒမီ ရန်အောင်၊ ရဲအောင်၊ ဆုပန်ထွာ၊ ဝါဇင်၊ လီလီကျော်ခိုင်၊ လူမုန်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ကိုလင်း**

၂၀၁၇ ခုနှစ်ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကျင်းပရန် ရက်ပိုင်းသာလိုတော့ပြီး အကယ်ဒမီအတွက် တစ်ကြိုပေးနေသည့် အနုပညာရှင်များလည်း ထွက်ပေါ်လျက်ရှိနေသည်။ ရုံကြီးကား ၅၃ ကားမှ ရင်ခုန်စရာအကယ်ဒမီ ဆုကြီးကို မည်သည့်အနုပညာရှင်က ဆွတ်ခူးမည်ဆိုသည်နှင့် ပတ်သက်၍ အနုပညာရှင်အချို့၏ အမြင်များကိုလည်း ဖော်ပြပေးလိုက်ပါသည်။



**အကယ်ဒမီ သက်မွန်မြင့်**

အမှန်အတိုင်းပြောရရင် ကလေးကလည်း ငယ်တော့ ရုပ်ရှင်ကားတွေကို အချိန်ပေးပြီး သေသေချာချာ မကြည့်ဖြစ်တဲ့ နှစ်ပါ။ ဒါပေမယ့် တာတေကြီးကိုတော့ သွားကြည့်ဖြစ်တယ်။ အဲဒီမှာကိုနေတိုး သရုပ်ဆောင်တာ ကောင်းတယ်။ ကျွန်မက အမှန်ပြောရရင် သရဲကြောက်တတ်တယ်။ အဲဒီကားကိုကြည့်တော့ မျက်လုံးကိုမှိတ်၊ နားကိုပိတ်ပြီး ကြည့်ခဲ့ရတာ။ ကောင်းတယ်ပေါ့နော်။ သဏ္ဌာန်လုပ် သရုပ်တူကြရတာ ကျွန်မတို့အနုပညာရှင်တွေရဲ့ ဝါသနာပါ။ ကိုနေတိုးကို ဒီနှစ်မှာရစေချင်တယ်။

**အကယ်ဒမီ မယ်လိုဒီ**

ဒီနှစ်တော့မအူဝဲ (အိန္ဒြာကျော်ဇင်) ရမယ်ထင်တယ်။ ရလည်းရစေချင်တယ်။ ကျွန်မကတော့ ဒီနှစ် ရင်ခုန်စရာလည်း ဒီတစ်ကားမှ မပါဘူးလေ။ ကိုယ့်ကားတွေမပါတော့ အမှန်ပြောရရင် သိပ်မသိဘူးဖြစ်နေတယ်။ အမျိုးသားသရုပ်ဆောင်တော့ အားလုံးကောင်းနေတော့လည်း မပြောတတ်ဘူး။ ဒီနှစ်မှာ ထူးထူးခြားခြား တစ်သက်တာဆုဆိုပြီး သက်ကြီးအနုပညာရှင်တွေကိုပေးမယ်ဆိုတဲ့အတွက် ဝမ်းသာတယ်။

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အတွက် အနုပညာရှင်အချို့၏ သုံးသပ်စကားသံများ

**ကိုလင်း**

**အကယ်ဒမီ အိန္ဒြာကျော်ဇင်**

အကယ်ဒမီနဲ့ ပတ်သက်ပြီး ရင်ခုန်မှုကတော့ ရှိပါတယ်။ ကိုယ့်ကိုချစ်တဲ့ ပရိသတ်တွေအတွက် ရွှေစင်ရုပ်ယူပေးချင်ပါတယ်။ အမှန်အတိုင်းပြောရရင်လည်း လိုချင်မိပါတယ်။ သရုပ်ဆောင်ဖြစ်တဲ့အတွက် ကိုယ့်ကြိုးစားထားတာလေးတစ်ခုကို အရာထင်ချင်ပါတယ်။




**အကယ်ဒမီ ယွန်းယွန်း**

ဒီနှစ် အကယ်ဒမီကို ကိုယ့်ရဲ့စီနီယာတွေ ဘယ်သူပဲ ရရပါ။ ညီမကြည့်ဖြစ်တဲ့ဇာတ်ကားကလည်း နည်းပါတယ်။ နောက် ကိုယ်ငယ်ငယ်ထဲက သဘောကျရတဲ့ မအူဝဲ (အိန္ဒြာကျော်ဇင်) ဆိုရင် တော်တော်လည်း တော်တယ်။ သူ့ အရွယ်နဲ့ရထားတဲ့ အကယ်ဒမီဆိုရင် ဒီထက်ပိုရသင့်တယ်။ ညီမကိုယ်တိုင်လည်း ရစေချင်ပါတယ်။ ဒါပေမယ့် တခြားဘယ်သူတွေရရ ပရိသတ်ရဲ့ ဆန္ဒနဲ့ထပ်တူညီရင်တော့ ညီမ ဝမ်းသာပါတယ်။

**ခင်လှိုင်**

လာမယ့် အကယ်ဒမီကို အားလုံးအတွက် ရင်ခုန်ပါတယ်။ ကျွန်တော့်အတွက်တော့ ရင်မခုန်ပါဘူး။ ဒါပေမယ့် ကိုယ့်အနုပညာမောင်နှမတွေထဲက ဘယ်သူပဲ အကယ်ဒမီရရ ကျေနပ်ပါတယ်။



**ကျော်ကျော်**

ဒီနှစ်ကတော့ ကျွန်တော်တော်တော် စိတ်ဝင်စားတာကတော့ အမျိုးသမီးဇာတ်ဆောင်ဆုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီ စင်မြင့်ထက်မှာ အကယ်ဒမီရွှေစင်ရုပ်တုနဲ့ ဝေးနေတာကြာပြီဖြစ်တဲ့သူတွေပေါ့နော်။ ဥပမာပြောရရင် ရင်ဘတ်ထဲကခေါးမှာ လရိပ်ဝေးအဖြစ် သရုပ်ဆောင်ထားတဲ့ မအူဝဲပေါ့နော်၊ သရုပ်ဆောင်တာတော်တော်ကို ကောင်းပါတယ်။ ကောင်းတာထက်ကို ပိုပြီးကောင်းနေတာတွေ့ရတယ်၊ ကျွန်တော်တို့ သရုပ်ဆောင်တိုင်းကြည့်ခဲ့ရတဲ့ ဇာတ်ကားဆိုလည်း မများပါဘူး။ ဒါကြောင့် အမျိုးသမီး ဇာတ်ဆောင်ဆုကတော့ ကျွန်တော်မျှော်မှန်းတာ အိန္ဒြာကျော်ဇင်ပါပဲ။ ။

# အဆိုတော်မနော၏ဘဝကိုပြန်လည်ရိုက်ကူးထားသော "ကမောက်ကမ သမီးယောက်မ"

တေးသံရှင် မနော၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ ကိုဇော် (အရက်ဦး)က ပြင်ဦးလွင်မြို့တွင် စတင်ရိုက်ကူးလျက်ရှိသည်။ သရုပ်ဆောင် ပြေတီဦး၊ မနော၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ဖြူဖြူထွေးနှင့် ဝါရင့်ဟာသ သရုပ်ဆောင်များ ပါဝင်ကြောင်း သိရသည်။



"ဒီရုပ်ရှင်ဇာတ်ကားကြီးကတော့ မောင်လှယ်နှမလှယ်ယူထားတဲ့ သမီးယောက်မအကြောင်းကို ဟာသပုံစံရိုက်ကူးမယ့် အချစ်ဟာသ ဇာတ်ကားကြီးဖြစ်ပါတယ်။ ကာရိုက်တာအနေနဲ့ကတော့ လူအေးလူရိုး အခန်းကပေါ့နော်၊ နာမည်ကတော့ ကိုအေးဆေးတဲ့၊ ဟာသပေါ့၊ အခက်အခဲကတော့ ဒိုင်ယာလော့ခ်တွေကို အလွတ်ကျက်ပြီး ပြောရတာ အဆင်မပြေဘူး၊ ပြီးတော့အရှေ့မှာလည်း ပွဲတွေကရှိတော့ ဒါတွေကို ကြိုမကျက်နိုင်ခဲ့ဘူး၊ ရိုက်ကွင်းပေါ် ရောက်မှဆိုတော့ ပရော်ဖက်ရှင်နယ်တွေလိုတော့ အဆင်သင့်မဖြစ်ဘူး၊ ဒါကို အားလုံးက လက်တွဲခေါ်ကြပါတယ်၊ ဒီအတွက် အဆင်ပြေပေမယ့် ကိုယ့်ကိုယ်ကိုယ် အားမရဘူး၊ သူများကိုလည်း အားနာတယ်၊ Perfect တော့ မဖြစ်ဖူးပေါ့လေ၊ ဒါပေမယ့် ကိုယ့်လိုင်းမဟုတ်တဲ့အတွက်၊ အကောင်းဆုံးကြိုးစားထားပါတယ်၊ ကိုယ့်အတွက်ပထမဆုံးလည်း ဖြစ်တော့ နည်းနည်းတော့ စိုးရိမ်မိတာအမှန်ပါပဲ၊ ဒါပေမယ့် ဒါရိုက်တာကလည်း ကျွန်တော့်ကို လိုအပ်တဲ့ အမူအရာပိုင်းကအစ အကောင်းဆုံး သင်ကြားပေးပါတယ်၊ ကျွန်တော်ဒီကားမှာ ပါဝင်ဖြစ်တာကလည်း ကျွန်တော်က ကိုယ်မလုပ်ဖူးသေးတဲ့ အရာလေးဖြစ်တော့ ပညာရချင်တဲ့ သဘောဆိုလည်း မမှားပါဘူး၊ ဒီအတွက် ပရိသတ်ဘက်က ဝေဖန်မှုလေးတွေကို ကြိုဆိုပါတယ်၊ လိုအပ်တာ တွေရှိရင်လည်း လမ်းညွှန်ပေးကြပါလို့ ပြောချင်ပါတယ်"ဟု မနောက ပြောသည်။

ပရိသတ်များ အားပေးကြည့်ရှုစေလိုပြီး သရုပ်ဆောင်ကောင်းတစ်ဦးဖြစ်ရန်အတွက် သိထားသည့် ခက်ခဲမှုများ ထက်ပိုမိုခက်ခဲနေကြောင်း မနောက ဝန်ခံထားသည်။ လက်တွဲခေါ်ယူပေးခဲ့ကြသည့် ဝါရင့်သရုပ်ဆောင်များဖြစ်သော ပြေတီဦး၊ ခင်လှိုင်၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်နှင့် ဒါရိုက်တာ ကိုဇော်တို့အား အထူးပင်ကျေးဇူးတင်ကြောင်း မနောက ပြောကြားသည်။

"ကျွန်တော့်ဘဝအကြောင်းကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ချင်တာရယ်၊ နောက်ထွက်မယ့်စီးရီးတစ်ခွေလုံးအတွက် ဇာတ်လမ်းထဲ သီချင်းတွေနဲ့အပြီး ထည့်သွင်းပုံဖော်နိုင်ဖို့အတွက် အထူးလေ့လာအတွေ့အကြုံယူရင်း ပညာသင်ခွင့်ရတယ်လို့ ခံယူပြီး ရိုက်ဖြစ်ခဲ့ခြင်းပါ။ အားလုံးနားလည်ခွင့်လွှတ်နိုင်ပါစေခင်ဗျာ"ဟု တေးသံရှင် မနောက ပြောသည်။ **ကိုလင်း**



# ထိုင်း-မြန်မာ ချစ်ကြည်ရေး ရန်ပုံငွေပွဲတော် ထိုင်းနိုင်ငံတွင် ပြုလုပ်မည်

ထိုင်း- မြန်မာ ချစ်ကြည်ရေး ဂီတပွဲတော်အတွက် စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၁၈ ရက်မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ပင်ရွှေညောင်လမ်းရှိ အလိုတော်ပြည့်ကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတော်ကို ပညာရေးနှင့် သဘာဝရေဘေးရန်ပုံငွေအတွက် ရည်ရွယ်ပြီး ထိုင်းနိုင်ငံ မဟာချိုင်ဈေးအနီးရှိ ကွင်းပြင်၌ ဧပြီ ၆ ရက်နှင့် ၇ ရက်နေ့များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ မြန်မာနှင့် ထိုင်းတေးသံရှင်များမှ အတူတကွ ပါဝင်သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ အစိုးရတာဝန်ရှိသူများ အပါအဝင် ထိုင်းတပ်မတော်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ကျင်းပပြုလုပ်သွားရန် စီစဉ်ထားကြောင်း ၎င်းချစ်ကြည်ရေး ဂီတပွဲတော်အား စီစဉ်သူမှာ ရန်ကုန်မြို့အလိုတော်ပြည့်ကျောင်း လက်ထောက်ဆရာတော် အရှင်ကုမာရဖြစ်ကြောင်း သိရှိရသည်။

"အဓိကပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဦးပဥ္စင်းတို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြရောက်တဲ့ နေရာတွေနဲ့ နောက်တစ်ခု ပညာရေးအတွက်ပေါ့နော်၊ နယ်တွေမှာအမှန်တကယ် ကိုပညာရေးနဲ့ပတ်သက်ပြီးလိုအပ်ချက်လေးတွေ အနည်းအကျင်းတော့ရှိနေတာ တွေ့ရတယ်၊ ဒါတွေကို တတ်နိုင်သမျှ သွားရောက်လှူဒါန်းချင်တယ်၊ ဒါကြောင့်မို့ အနုပညာရှင်တွေရဲ့အကူအညီနဲ့ ဦးပဥ္စင်းတို့ တတ်နိုင်သမျှဒီပွဲလေးကိုလုပ်လိုက်ရတာပါ"ဟု အရှင်ကုမာရက ပြောကြားသည်။

အလားတူ မတ်လ ၂၉ ရက်နေ့တွင်လည်း ထိုင်းနိုင်ငံရှိ သတင်းမီဒီယာများသို့ ဂီတပွဲတော်နဲ့ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဟု သိရသည်။ မြန်မာနိုင်ငံမှ အဆိုတော် ထူးအယ်လင်း၊ နေထက်လင်း၊ ဖိုးကာ၊ ရိန်မိုး၊ ကိုသန်းဆွေ၊ ဖိုးဇော်၊ ခိုင်နှင်းဝေ၊ ခွန်းဆင့်နေခြည်၊ ဆုပန်ထွာ၊ ရတနာ၊ ဇေရီမှူးပိုင်၊ အေးချမ်းမိုး၊ ကေသီခိုင်ဝင်း၊ ထွန်းပုလဲရတနာ စသည်တို့မှ ပါဝင်သီဆိုကြမည်ဖြစ်ပြီး ယခုနှစ် ဂု လပိုင်း ၆ ရက်နေ့တွင် ထိုင်းနိုင်ငံ မဟာချိုတွင် ကျင်းပမည်ဟု သိရသည်။ **ကိုလင်း**

# အောင်ပွဲရအားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**မန္တလေး မတ် ၂၀**

ကမ္ဘာ့အားကစားပြိုင်ပွဲ၊ ဖိတ်ခေါ်အာရှအားကစားပြိုင်ပွဲ (၂၉)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီးအားကစားအသင်းများနှင့် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနား ကို မတ် ၁၇ ရက် နံနက် ၉ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ပညာရေးကောလိပ် (မန္တလေး) ပညာ တန်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲအခန်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ စိုးသန်း(ခ) ဦးကျော်စိုးသန်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများမှ မန္တလေးတိုင်းဒေသကြီး ရိုးရာခြင်းလုံးအသင်း၊ အသက် ၂၅ နှစ်အောက်ပြေးခုန်ပစ်အသင်း၊ တင်းနစ်အသင်း၊ ဝူရှူးအသင်းတို့မှ တာဝန်ရှိသူများက စုပေါင်းတံခွန်စိုက်ဆုဖလားများ၊ အမျိုးသား အမျိုးသမီး ပထမတံခွန်စိုက်ဆုဖလားများကိုလည်းကောင်း၊ မန္တလေးတိုင်း ကရာတေးဒိုအသင်းမှစုပေါင်းတံခွန်စိုက်ဆုဖလား၊ ကရာတေးဒို အမျိုးသမီးတံခွန်စိုက်ဆုဖလား၊ ကုမိတဲ့ အမျိုးသမီးဆုဖလား၊ ခတ အမျိုးသမီးဆုဖလားနှင့်ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲ တံခွန်စိုက်ဆုဖလား၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုစုပေါင်းတံခွန်စိုက်ဆုဖလား၊ ဘိလိယက် တံခွန်စိုက်ဆုဖလား၊ မသန်စွမ်းစုပေါင်း တံခွန်စိုက်ဆုဖလား၊ အသက် ၁၈ နှစ်အောက်အမျိုးသားဘောလုံးတံခွန်စိုက်ဆုဖလား၊ ကြက်တောင်၊ ရေကူး၊ ဘတ်စကက်ဘော၊ ဖူဆယ်ဘောလုံး၊ ပိုဗီနမ်၊ အမျိုးသားတံခွန်စိုက်ဆုဖလားများ၊ စားပွဲတင်တင်းနစ်အသင်းနှင့်ဂေါက်သီးအမျိုးသမီးတံခွန်စိုက်ဆုဖလားများကို အသီးသီးတိုင်းဒေသကြီးဝန်ကြီးထံပြန်လည်အပ်နှံကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်း (ခ) ဦးကျော်စိုးသန်း၊ တရားလွှတ်တော် တရားသူကြီးချုပ်ဦးစိုးသိန်း၊ အား/ကာညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အား/ကာမှတာဝန်ရှိသူများက အောင်ပွဲရ မန္တလေးတိုင်း ဒေသကြီး ကိုယ်စားပြုအားကစားအသင်းများမှ အားကစားသမားများအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့်ဒိုင်များအား ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အောင်ပွဲရအသင်းများမှ အားကစားသမားများ၊ ချီးမြှင့်ငွေများမှာ ကမ္ဘာ့အားကစားပြိုင်ပွဲ ကြေးတံဆိပ်ဆုရှင် ငွေကျပ် ၂၅၀၀၀၀၊ ဖိတ်ခေါ်အာရှနှင့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုငွေကျပ် ၁၀၀၀၀၀၊ ငွေတံဆိပ်ဆု ငွေကျပ်၂၅၀၀၀၀၊ ကြေးတံဆိပ်ဆု ငွေကျပ် ၂၀၀၀၀၀ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ငွေကျပ် ၁၀၀၀၀၀၊ ငွေတံဆိပ်ဆု ငွေကျပ် ၉၀၀၀၀၊ ကြေးတံဆိပ်ဆု ငွေကျပ် ၈၀၀၀၀၊ အဖွဲ့ ခေါင်းဆောင်၊ အုပ်ချုပ်သူ နည်းပြနှင့်ဒိုင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ ဖြစ်ပြီး စုစုပေါင်း မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုငွေကျပ် ၉၉၁၂၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကောင်းမွန်ပြည့်စုံသော Credit System ပညာရေးစနစ် စတင်ပြောင်းလဲသင်ကြားလျက်ရှိ

**နေပြည်တော် မတ် ၂၀**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမနှစ်သင်တန်းမှစ၍ စာသင်ကြားမှုနာရီနှင့် သတ်မှတ်သည့်စနစ် (Semester Credit Hour-SCH) ကို စတင်ပြောင်းလဲကျင့်သုံးလျက်ရှိကြောင်း သိရသည်။

"Developing Credit System in Yezin Agricultural University" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ စုဝေးခန်းမ၌ မတ်လ တတိယပတ်က ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားခဲ့သည်။



**စာသင်ကြားမှုနာရီပေါင်း**

"ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမနှစ် သင်တန်းမှာစာသင်ကြားမှုနာရီနဲ့ သတ်မှတ်တဲ့စနစ် (Semester Credit Hour-SCH) ကို စတင်ပြောင်းလဲကျင့်သုံးခဲ့ပါတယ်၊ အရင်တုန်းကတော့ စာသင်နှစ်တစ်နှစ်ကိုစာသင်နှစ်ဝက် နှစ်ခုနဲ့ Semester လို့ခေါ်တဲ့ စနစ်ကို ကျင့်သုံးခဲ့ပါတယ်၊ Semester Credit Hour စနစ်ဆိုတာ ကျောင်းသားကျောင်းသူတစ်ယောက်က ဘာသာရပ်တစ်ခုကို ပြီးဆုံးဖို့အတွက် သူလေ့လာသင်ယူရတဲ့ အချိန်နာရီနဲ့ တိုင်းတာတဲ့စနစ်လို့ ပြောလို့ရပါတယ်၊ စာသင်နှစ်တစ်ဝက်မှာအချိန်အားဖြင့် လေးလကြာမယ်ဆိုပါစို့၊ တစ်ပတ်ကို စာသင်ချိန်တစ်နာရီ ရှိတယ်ဆိုရင်၊ ၁၆ ပတ်ဖြစ်တဲ့အတွက် စာသင်ကြားရမှုနာရီပေါင်း ၁၆ နာရီရှိမယ်ဆိုရင် အဲဒါကို One Semester Credit Hour လို့ခေါ်ပါတယ်၊ တစ်ပတ်ကို အချိန် ၂ နာရီသင်ယူရပြီး စာသင်ကြား ရမှုနာရီပေါင်း ၃၂ နာရီရှိမယ်ဆိုရင် အဲဒါကို Two Semester Credit Hour လို့ခေါ်ပါတယ်၊ များသောအားဖြင့် ဘွဲ့ကြိုသင်တန်းတွေမှာ သင်ကြားပို့ချနေတဲ့ ဘာသာရပ်တွေက Two Semester Credit Hour တစ်နည်းအားဖြင့် 2 credit hour လို့ အတိုကောက်ခေါ်ကြတာဖြစ်ပါတယ်၊ တချို့တက္ကသိုလ်တွေမှာတော့ စာသင်ခန်းမသွားခင် ကြိုတင်ပြင်ဆင်လေ့လာချိန် တစ်နာရီကိုပါထည့်ပေါင်းပြီး စုစုပေါင်းစာသင်ကြားလေ့လာရမှုနာရီပေါင်း ၄၈ နာရီပြည့်မှ 2 credit hour ပေးတဲ့ တက္ကသိုလ်တွေလည်းရှိပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဌာနမှူးစီမံ ဒေါက်တာနေမျိုးအောင်က ပြောသည်။

**တင်ပြဆွေးနွေးခဲ့**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ယခင်ပညာသင်နှစ်များနှင့် မတူဘဲ ၂၀၁၇-၂၀၁၈ပညာ သင်နှစ်မှစပြီး ပညာရေးစနစ်သစ်ဖြစ်သည့် Credit System ကို စတင်ကျင့်သုံးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလို ပြောင်းလဲလိုက်သည့် Credit System ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ပထမနှစ်ဝက် (first semester) မှာ ကျင့်သုံးခဲ့ပြီးဖြစ်၍ ကျင့်သုံးခဲ့သည့် online system (student information system)၊ စာမေးပွဲပုံစံ၊ မေးခွန်းပုံစံ၊ အကဲဖြတ်မှုပုံစံများစသည်တို့ကိုဌာနအလိုက်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျောင်းသားတွေအတွက်ရွေးချယ်စရာ**

"ဒီစနစ်ရဲ့အားသာချက်ကဘာလဲ၊ ဘာလို့ ဒီစနစ်ကို ပြောင်းတာလဲလို့ မေးရင် အကျိုးကျေးဇူးတွေအများကြီးရှိပါတယ်၊ ခု Semester Credit စနစ်မှာတော့ ကျောင်းသားတွေအတွက် ရွေးချယ်စရာဘာသာရပ်တွေရှိလာပါတယ်၊ တကယ်လို့များ ကျောင်းသားကျောင်းသူ တစ်ယောက်က ဘာသာရပ်တစ်ခုမှာ ကျခဲ့ရင် 2 credit hour လျော့သွားပေမယ့်၊ အဲဒီအစားနောက် စာသင် နှစ်ဝက်မှာ ဘာသာရပ်တစ်ခုကို ပိုယူပြီး လျော့သွားတဲ့ 2 credit hour အတွက် အစားထိုးပြန်တက်လို့ ရပါတယ်၊ အရင်တုန်းက စနစ်လိုကျသွားတဲ့အတန်းမှာ တစ်နှစ်လုံးပြန်တက်စရာ မလိုတော့ဘူး ပေါ့၊ ကျောင်းသားတစ်ယောက်နဲ့တစ်ယောက်ရဲ့ အတန်းချိန် အချိန်ဇယားကလည်းမတူနိုင် တော့ဘူး၊ သူတို့အတွက် ကိုယ်ပိုင်အချိန်တွေ ပိုထွက်လာမယ်၊ အဲဒီ အချိန်တွေမှာ သူတို့ဖတ်ချင်တဲ့စာ၊ လုပ်ချင်တဲ့ သုတေသနတွေအပြင် အဆောင်သာယာရေးကိစ္စ၊ အားကစားတွေမှာပိုပြီးလုပ်ဖို့ အချိန်ရလာမယ်၊ ဆရာဆရာမတွေအတွက်လည်း အချိန်တွေ ပိုထွက်လာတဲ့အတွက် သုတေသနလုပ်ငန်းတွေဘက်ကို အချိန်ပိုပေးပြီး လုပ်လာနိုင်မယ်၊ ပြီးတော့ ကိုယ်ရွေးချင်တဲ့ ဘာသာရပ်ကိုဆုံးဖြတ်ချက် မှန်မှန်ကန်ကန်နဲ့ ရွေးချယ်တတ်အောင် လေ့ကျင့်သင်ကြားပေးလိုက်တာဖြစ်လို့ ဘွဲ့ရပြီး အလုပ်အကိုင်ရလာတဲ့အခါ မှန်ကန်ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်ချနိုင်သူတွေဖြစ်လာမယ်၊ အဲဒီလိုအကျိုးကျေးဇူးတွေရလာနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ပညာရေးစနစ်ကောင်းတစ်ခု**

အဆိုပါ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ ပညာရှင် များကလည်း ၎င်းတို့တက္ကသိုလ်များတွင် လက်ရှိကျင့်သုံးနေသည့် Credit System နှင့် ပတ်သက်သည့် အကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ လာမည့် ဒုတိယစာသင်နှစ်ဝက်နှင့် စာသင်နှစ်များတွင် ပိုမိုကောင်းမွန်သည့် Credit System ဖြစ်ရန်နိုင်ငံခြားတက္ကသိုလ်များမှ Credit System နှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း ဆရာဆရာမများမှ ပါဝင်အကြံပြုဆွေးနွေးခဲ့ကြသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**


# ဆောင်းခိုရန်ရောက်ရှိလာသည့် မြက်ခင်းလင်းယုန်ငှက်ကို ကျောက်တံခါးမြို့နယ် ဖဒိုမြို့၌ မွေးမြူထား

**ကျောက်တံခါး မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ၁ ရပ်ကွက် တိုက်နယ်ဆေးရုံအနီး၌ အမျိုးအမည်မသိသေးသည့် အရွယ်မရောက်သေးသော လင်းယုန်ငှက်တစ်ကောင်ကို ငွေကျပ်ငါးသောင်းဖြင့် ဝယ်ယူကာ မွေးမြူထားကြောင်းအဆိုပါ ငှက်ကိုမွေးမြူထားသည့် ပြည်သူတစ်ဦးထံမှ သိရသည်။

"ဒီငှက်ကိုဝယ်ထားတာ သုံးလနီးပါးလောက်ရှိပြီ၊ ငွေကျပ် ငါးသောင်းနဲ့ ပေးဝယ်ထားတာ၊ စဝယ်ကတည်းက ကျန်းမာရေးက သိပ်မကောင်းဘူး၊ အဲဒါနဲ့ ဆေးဝါး ကုပေးထားတာ ငွေနှစ်သောင်းလောက်ကုန်သွားတယ်၊ ရောင်းသွားတဲ့လူက ဒီမြို့ရဲ့အနောက်ဘက် ဘွဲ့ကျင်ကျေးရွာအနီး လယ်ကွင်းထဲက သက်တမ်းရင့် သစ်ပင်တစ်ပင်မှာ အစာရေစာမစားရလို့ အာဟာရပြတ်ပြီး မပျံနိုင်တော့ဘဲ လာနားနေတာကို လေးဂွနဲ့ ပစ်ဖမ်းတာလို့ပြောတယ်၊ အခုတော့ ကျန်းမာရေး ကောင်းသွားပါပြီ၊ မျက်လုံးတစ်ဖက် ထိခိုက်ဒဏ်ရာရထားပါတယ်" ဟု ၎င်းက ပြောသည်။

ယင်းငှက်များမှာ နေရင်းဒေသရှားပါးလာခြင်း၊ သက်ငယ်ကောင်များကို အသိုက်မှ ဖမ်း၍ ရောင်းချခြင်း၊



ပိုးသတ်ဆေးအဆိပ်မိခြင်း၊ အစာရေစာမလုံလောက်ခြင်းတို့ကြောင့်ငှက်များသေဆုံးရခြင်း များဖြစ်လာပြီး မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါ ငှက်နှင့်စပ်လျဉ်း၍ ဆောင်းရာသီတွင် ဒေသပြောင်းရွှေ့ကျက်စားသော မျိုးစိတ် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို တရုတ်၊ မွန်ဂိုလီးယား၊ ရုရှားတို့ဘက်မှ လာရောက်ဆောင်းခိုကြကြောင်း၊ မြက်ခင်းလင်းယုန် အသားစားငှက် အမျိုးအစားမျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် တူရကီ နိုင်ငံတွင် ဥဥသားပေါက်ကြောင်း မှတ်တမ်းရှိခဲ့ပြီး ယခင်က မော်လ်ဒိုဗာ၊ ရိုမေးနီးယား၊ ယူကရိန်းတို့တွင် ဥဥသားပေါက်ကြောင်း၊ ကုန်းငှက်အမျိုးအစားဖြစ်၍ အမြင့်မီတာ ၂၃၀၀ အတွင်း ကျက်စားကြောင်း၊ ဩဂုတ်လမှ အောက်တိုဘာလအတွင်း သားပေါက်ရာသီဖြစ်ပြီး ဇန်နဝါရီလမှ မေလအတွင်း နေရပ်ပြန်လာတတ်ကြောင်း၊ ပင်လယ်ပြင် ဖြတ်သန်းမှုကို ရှောင်တတ်ကြောင်း WCS (Wildlife Conservation Society) မှ ဦးသက်ဇော်နိုင်က ပြောသည်။

သိပ္ပံအမည် Aquila nipalensis ဟု ခေါ်သော မြက်ခင်းလင်းယုန်ငှက်မျိုးစိတ်ကို ၂၀၁၃ ခုနှစ် အထိ Least Concern အဆင့်မှ ၂၀၁၅ ခုနှစ်မှစ၍ အကောင်အရေအတွက် ကျဆင်းမှုမြန်သဖြင့် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်မျိုးစိတ်အဖြစ် အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်ထားကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# မာန်အောင်မြို့နယ်၌ စီမံကိန်းဝင်ကျေးရွာ ၂၅ ရွာ အကောင်အထည်ဖော်လျက်ရှိ

**မာန်အောင် မတ် ၂၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသည့် ကံ့ကော်တောကျေးရွာ၌ သုံးနှစ်ပြည့်နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲနှင့် ကျေးရွာကော်မတီအသစ်ရွေးချယ်ပွဲကို မတ်လဒုတိယပတ်က အဆိုပါကျေးရွာအမကကျောင်း၌ ကျင်းပရာ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ တက်ရောက်ကြသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ မတည်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၇-၂၀၁၈ အထိ ကျေးရွာ ၂၅ ရွာတွင် အကောင်အထည်ဖော်လျက်ရှိရာ ကံ့ကော်တောကျေးရွာသည် သုံးနှစ်ပြည့်သောကျေးရွာဖြစ်ပြီး ယခုအခါ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ငွေသားကျပ် ၄၀၃၃၅၀၀ ရရှိထားပြီဖြစ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ကုလားပဲ အထွက်နှုန်းလျော့ကျ ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိ

**ရေစကြို မတ် ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ယခုအချိန်သည် ကုလားပဲများရိတ်သိမ်းကြသည့်အချိန်ဖြစ်ရာ ယခုနှစ်တွင် ကုလားပဲစိုက်ပျိုးပြီးချိန်က အခါမဲ့မိုးရွာသွန်းခဲ့မှုကြောင့် ကုလားပဲပင်များ အရိုးပုပ်ခြင်း၊ အချဉ်ခတ်လျော့ခြင်းများ ဖြစ်ပွားခဲ့သဖြင့် ကုလားပဲအထွက်နှုန်း လျော့နည်းလျက်ရှိကြောင်းနှင့် လက်ရှိဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် ဈေးကျဆင်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ကုလားပဲ အသီးအပွင့်ဝင်တဲ့အချိန်တုန်းက အခါမဲ့မိုးရွာခဲ့တော့ အသီးအောင်မြင်ရမယ့် အပင်က အချဉ်ခတ်တွေက မိုးရေနဲ့ပါသွားတယ်၊ ဒါ့အပြင် တချို့ အပင်တွေကျတော့လည်း အရိုးတွေပုပ်ကုန်တော့ ဒီနှစ် နှစ်တိုင်းလောက် ကုလားပဲမထွက်ဘူး၊ အထွက်နှုန်းက ကျွန်တော့်စိုက်ခင်းမှာတော့ တစ်ဝက်လောက်လျော့တယ်၊ တခြားသူတွေရဲ့ စိုက်ခင်းတွေမှာလည်း သုံးပုံနှစ်ပုံလောက်ပဲ ကောင်းတဲ့သူနဲ့၊ တစ်ဝက်ပဲကောင်းတဲ့သူနဲ့ အကုန်ကောင်းတဲ့စိုက်ခင်းက မရှိသလောက်ပဲ၊ ဒီနှစ် တောင်သူတွေ အားလုံးနီးပါး ကုလားပဲအထွက်နှုန်း လျော့ကြတယ်"ဟု ကုလားပဲစိုက်တောင်သူတစ်ဦးက ပြောသည်။



ယခုနှစ်တွင် ကုလားပဲစိုက်ပျိုးချိန်က ကုလားပဲမျိုးဈေးမှာ တစ်တင်းလျှင် ကျပ်ငါးသောင်းနှုန်းရှိခဲ့သည်ဟု သိရသည်။ ယခင်နှစ်က ကုလားပဲပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ခန့် ဈေးရခဲ့ပြီး ယခုနှစ်တွင်မူ ကုလားပဲ တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ခန့်သာ ဈေးရကြောင်း သိရသည်။

ရေစကြိုမြို့ ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးဌေးဝင်းက " ဒီနေ့ ရေစကြိုကုန်စည်ဒိုင်မှာ ကုလားပဲပေါက်ဈေးတွေကတော့ ဟော်လန်က ကျပ် ၂၃၅၀၀၊ 929 က ကျပ် ၂၃၀၀၀၊ V2 က ၂၃၀၀၀ ပေါက်ဈေးရှိတယ်၊ မနှစ်က ဒီအချိန်မှာ ၃၇၀၀၀ ပတ်ချာလည်လောက် ပေါက်ဈေးရှိခဲ့တယ်၊ ဒီနှစ် ကုလားပဲဈေးကျတာကတော့ ဈေးကွက်နဲ့ဆိုင်တာပေ့ါ၊ ပဲမျိုးစုံကလည်း ဈေးကွက်ကအေးနေတော့ ဒီနှစ် ကုလားပဲဈေးကွက်ပါ ဈေးအေးနေတယ်"ဟု ပြောသည်။

ကုလားပဲသည် ပုံမှန်အားဖြင့် တစ်ဧကလျှင် ၂၃ တင်းခန့် ထွက်လေ့ရှိသော်လည်း ယခုနှစ်တွင် အထွက်နှုန်းလျော့ကျနေသဖြင့် ထက်ဝက်ခန့်သာ ထွက်ရှိနိုင်မည်ဟု သိရသည်။ ပဲအထွက်နှုန်းနည်းသည့်အထဲတွင် ပဲဈေးမှာလည်း ကျနေသဖြင့် ကုလားပဲစိုက် တောင်သူများအနေဖြင့် အမြတ်ငွေရရှိမှု အလွန်လျော့နည်းလျက်ရှိကြောင်း ကုလားပဲစိုက်တောင်သူများက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**



## ရွှေဆံတော်စေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

**တွံတေး မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၏ ကျက်သရေဆောင် သာသနာ့သမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို မတ် ၂၁ ရက်မှ ဧပြီ ၁ ရက်အထိ ၁၂ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ ပွဲတော်တွင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ကလေးကစားကွင်းများ၊ ဈေးဆိုင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကို ရွှေဆံတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ကျင်းပသွားမည်ဖြစ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ မီးဘေးလုံခြုံရေး၊ ကျန်းမာရေး ဆောင်ရွက်မှုများကို စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း ပွဲတော်ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဦးက ပြောသည်။

ဘုရားပွဲတော်တွင် ဇာတ်သဘင်အဖွဲ့နှစ်ဖွဲ့က ကပြမည့်အပြင် အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ပစ္စည်းများ လာရောက်ရောင်းချမည့်ဆိုင်များ၊ တန်ခူးလပြည့်နေ့တွင် နံနက်စာ စတုဒိသာဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများအား ဒါနပြုခြင်း၊ မတ် ၂၇ ရက်မှ မတ် ၃၁ ရက်အထိတွင် သံဃာတော် ၂၄ ပါးက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ တန်ခူးလပြည့်နေ့တွင် တွံတေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူခြင်း စသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**မျိုးလှိုင်(တွံတေး)**

# သံဃာ့ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**မြင်းမူ မတ် ၂၀**

စစ်ကိုင်းခရိုင် မြင်းမူမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဣဒ္ဓိဇေယျာ သံဃာ့ဆေးရုံ အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ဆေးရုံသစ်ကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဗိုလ်သန်းညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်တင့်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အလှူရှင်များက ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် ထာဝရအလှူငွေ ကျပ်သိန်း ၁၀၀၀ ကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ ဣဒ္ဓိဇေယျာ သံဃာ့ဆေးရုံသစ်မှာ အလျား ၁၀၁ ပေ ၊ အနံ ၄၅ ပေရှိ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၅၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# တပ်မတော်နေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မြောင်းမြ မတ် ၂၀**

(၇၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲကို မြောင်းမြခရိုင် Community Centre ၌ မတ် ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲကို 'တိုင်းချစ် ပြည်ချစ် အမျိုးချစ်သည့် တပ်မတော်' ခေါင်းစဉ်ဖြင့် ကျင်းပပြီး ပြိုင်ပွဲတွင် မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူ ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြကာ Book club အဖွဲ့ဥက္ကဋ္ဌ ဦးမော်မျိုးထွန်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မတ် ၂၅ ရက်တွင် မြောင်းမြခရိုင် Community Centre ၌ ကျင်းပမည့် စာအုပ်စာစောင်ပြပွဲနှင့်အတူ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြောင်းမြခရိုင် Community Centre ကို ပြည်သူများ၊ ဌာနဆိုင်ရာများနဲ့ လူမှုရေးအသင်းအဖွဲ့တွေသာမက ကျောင်းသား ကျောင်းသူတွေရဲ့အရင်းနှီးဆုံး ဝင်ထွက်သွားလာ ဗဟုသုတရှာမှီးရာ နေရာတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ထူးချွန်သော ကျောင်းသား ကျောင်းသူတွေ ပေါ်ထွက်လာအောင် စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# မံဆောင်းတံတားကြောင့် နယ်စပ်ဒေသသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေး လွယ်ကူလျက်ရှိ

**တီးတိန် မတ် ၂၀**

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးခရီးစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့တွင် လမ်းချိုးကာ ရိခေါဒါရ်မြို့နှင့် ရိဒ်ဒေသသို့ ပေါင်းကူးဆက်သွယ်ပေးထားသော မဏိပူရ်မြစ်ကူး မံဆောင်းတံတားသည် အထူးအရေးပါသော တံတားကြီးတစ်စင်းဖြစ်ပြီး မံဆောင်းတံတားကြီးရှိသည့်အတွက် တီးတိန်-ရိဒ် နယ်စပ်ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေး လွယ်ကူပြီး နေ့စဉ်နှင့်အမျှ ကုန်စည်စီးဆင်းမှု မြန်ဆန်အဆင်ပြေလျက်ရှိကြောင်း ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

မံဆောင်းတံတားတွင် ယခင်က တန်ပိုချိန်သည့်ကတ္တားမထားနိုင်ခြင်းကြောင့် ကားကြီး၊ ကားငယ်များ သတ်မှတ်တန်ချိန်ကျော်လွန်ကာ ဖြတ်သန်းခဲ့သော်လည်း ယခုအခါ တံတားအနီးတွင် တန်ပိုချိန်သည့် ကတ္တားတပ်ဆင်၍ ၁၆ တန်ထက်ပိုပါက ဖြတ်သန်းခွင့်မပြုသည့်စနစ်ကို စတင်အသုံးပြုနေပြီဖြစ်ကြောင်းလည်း ဖလမ်းခရိုင် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရိဒ်နယ်စပ်မှ ဒေသခံတစ်ဦးက "ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ကုန်ကားကြီးတွေ၊ ဘတ်စ်ကားကြီးတွေ ဖြတ်သန်းသွားလာခွင့်မပြုတဲ့အတွက် တောင်ပေါ်လမ်းတွေလည်း အပျက်အစီးနည်းတယ်၊ အခုနောက်ပိုင်းမှာတော့ ချင်းတောင်ပေါ်ကို ၁၀ ဘီးကား၊ ၁၂ ဘီးကားကြီးတွေ သွားလာခွင့်ပြုတဲ့အတွက် လမ်းတွေ၊ တံတားတွေ အပျက်အစီးရှိတယ်၊ တံတားတွေရဲ့ခံနိုင်ဝန်နဲ့ ကုန်ကား၊ ဘတ်စ်ကားတွေတင်လာတဲ့ ခရီးသည်၊ ကုန်စည်တွေရဲ့ အနေအထားဟာ စိုးရိမ်စရာပါ၊ တံတားထိန်းသိမ်းမှုတွေကို နှစ်စဉ်ဂရုစိုက်ဖို့လိုတယ်၊ ပြီးတော့ ကုန်ချိန်မတန်တဆ တင်လာတဲ့ ကားတွေကို တားဆီးဖို့လိုတယ်"ဟု ပြောသည်။

မံဆောင်းကြိုးတံတားသည် ၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးတွင် တံတားအောက်ခြေတိုင်တစ်တိုင် နိမ့်ကျသွားသဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရပြီးနောက် တံတားပေါ်ဖြတ်သန်းသည့် ယာဉ်များအနေဖြင့် ၁၆ တန်အထိသာ အများဆုံးထား တင်ဆောင်ဖြတ်သန်းသွားလာကြရန် ဖလမ်းခရိုင် လမ်းဦးစီးဌာနက သတ်မှတ်ခဲ့ကြောင်း၊ ကလေး-ရိဒ်လမ်းပေါ်တွင် ယခင်က ကလေးမြို့စက်မှုဇုန်ထုတ် ဟိုင်မ္ဗာလ်ဂျစ်ကားများသာ အများဆုံး ပြေးဆွဲခဲ့ပြီး လွန်ခဲ့သည့်နှစ်များမှစတင်ကာ ၁၀ ဘီးကား၊ ၁၂ ဘီးကားများ ပြေးဆွဲလာခဲ့ကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

အဆိုပါ ကလေး-တီးတိန်-ရိဒ်နယ်စပ် ကုန်သွယ်ရေးခရီးစဉ်သည် ကလေးမြို့မှ တီးတိန်မြို့အထိ ၅၇ မိုင်ရှိပြီး တီးတိန်မြို့မှ ရိဒ်နယ်စပ်အထိ ၃၂ မိုင်ရှိရာ တီးတိန်-ရိဒ်လမ်းပိုင်းကို ပွင့်လင်းရာသီများတွင် စက်ယန္တရားကြီးများဖြင့် နှစ်စဉ် အကြီးစားပြုပြင်မှုများရှိသည့်အတွက် ယာဉ်သွားလာမှုများ ပို၍အဆင်ပြေသလို ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက်မှာလည်း နေ့စဉ်များပြားလာလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# ပြည်တွင်းပြည်ပမှ လေ့လာသူများဖြင့် စည်ကားနေသော သံလွင်မြစ်ကမ်းဘေးမှ လင်းနို့ဂူ



ကရင်ပြည်နယ်အတွင်းရှိ သဘာဝထုံးကျောက်လိုဏ်ဂူများအနက် နိုင်ငံတကာ ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားသော ဂူတစ်ခုမှာ သန်းပေါင်းများစွာသောလင်းနို့များ ပျော်စံရာ လင်းနို့ဂူဖြစ်သည်။ လင်းနို့ဂူသည် ဘားအံမြို့နယ် သံလွင်တံတားအနီး ဘားကပ်ကျေးရွာရှိ ဘားကပ်ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ တည်ရှိကာ ယခု နွေရာသီပိတ်ရက်အတွင်း နေ့စဉ် နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ လာရောက်၍ စည်ကားလျက်ရှိကြောင်း သိရသည်။

လင်းနို့ဂူအတွင်း၌ လင်းနို့အကောင်ရေ သိန်းဂဏန်းအထိရှိပြီး လင်းနို့မျိုးစိတ် လေးမျိုးခန့်ရှိကြောင်း၊ အသီးစားလင်းနို့ ဟုခေါ်သော (Eonycter-isspelaea) အကောင်ရေ တစ်သိန်းကျော်နှင့် Chaerephonplicatus လင်းနို့အမျိုးအစား သုံးသိန်းကျော်ရှိပြီး ယင်းမျိုးစိတ်၌ပါဝင်သော လင်းနို့များမှ စိုက်ပျိုးရေးအတွက် အသုံးဝင်သော လင်းနို့ချေးအများအပြားကို ရရှိကြောင်း သိရသည်။

လင်းနို့များသည် လိုဏ်ဂူများအတွက် အရေးပါသော မျိုးစိတ်များလည်းဖြစ်ပြီး ၎င်းတို့စွန့်ပစ်သောချေးများသည် လိုဏ်ဂူထဲရှိ တိရစ္ဆာန်များ၏ ဂေဟစနစ် တစ်ခုလုံးကိုလည်း ဖွံ့ဖြိုးတိုးတက်စေသည့်အပြင် လူ့အဖွဲ့အစည်းအတွက်လည်း အရေးကြီးသော ဂေဟစနစ်ဝန်ဆောင်မှုအဖြစ် မြောက်မြားလှစွာသော စိုက်ပျိုးရေးသီးနှံဖျက်ပိုးများကို လင်းနို့များက စားခြင်းဖြင့် ရှင်းလင်းပေးလျက်ရှိသည်။ ထို့အပြင် လင်းနို့ချေးများသည်လည်း သဘာဝမြေဩဇာအဖြစ် သုံးစွဲနိုင်သည်။

"လင်းနို့ချေးကို လင်းနို့ဂူအတွက် သာသနာပြုလုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ သာယာလှပရေးလုပ်ငန်းတွေမှာသုံးဖို့ တစ်နှစ်တစ်ခါ လေလံချပေးတယ်၊ တစ်နှစ်ကို လင်းနို့ချေးက တင်းအရေအတွက် ထောင်နဲ့ချီ ထွက်တယ်လေ၊ လင်းနို့ချေးကို စိုက်ပျိုးရေးလုပ်ငန်းတွေမှာ သဘာဝမြေဩဇာအဖြစ် ပြန်သုံးတယ်၊ တစ်တင်းကို ခုနစ်ထောင်ကျပ်နှုန်းအထိ ရောင်းချရတယ်"ဟု လင်းနို့ဂူကို စောင့်ရှောက်နေသည့် ဦးစန်းဝင်းက ပြောကြားသည်။

လင်းနို့ဂူသည် သဘာဝထုံးကျောက်လိုဏ်ဂူ အမျိုးအစားဖြစ်ပြီး အတွင်း၌ ဂူမှာနှစ်ထပ်ဖြစ်သည်။ အောက်ထပ် ဂူအတွင်းပိုင်းတွင် ပေ ၂၀၀ ခန့်ရှည်လျားကာ အကျယ် ပေ ၈၀ ခန့် ကျယ်ဝန်းသည်။ အောက်ထပ်မှ အပေါ်ထပ်ဂူသို့ တက်ရန် သံလှေကား ပြုလုပ်ပေးထားကာ အပေါ်ထပ်တွင် အကျယ်မှာ ပေ ၄၀ ခန့်သာရှိကြောင်း သိရသည်။ မိုးရာသီတွင် ဂူအတွင်း၌ စိမ့်စမ်းရေများရှိသဖြင့် လင်းနို့ချေးယူရန် မလွယ်ကူဘဲ ယခုကဲ့သို့ ခြောက်သွေ့သည့်အချိန်တွင်မူ တစ်ပတ် တစ်ခါ၊ ငါးရက်တစ်ခါ၊ သုံးရက်တစ်ခါ စသည်ဖြင့် အခြေအနေကြည့်၍ လင်းနို့ချေးများကို ကျုံးယူရကြောင်း သိရသည်။

လင်းနို့ဂူအတွင်းရှိ သိန်းပေါင်းများစွာသော လင်းနို့များသည် ညနေအချိန်သို့ရောက်ရှိပါက မိုင်ရာချီဝေးသော ခရီးများအထိ အုပ်စုလိုက် ပျံသန်းထွက်ခွာ၍ အစာရှာထွက်ကြပြီး နံနက်မိုးသောက်ယံ နေမထွက်မီတွင် လင်းနို့ဂူရှိရာသို့ ပြန်လာကြသည်။ လင်းနို့များထွက်ခွာချိန်သည် အံ့မခန်းသော သဘာဝဖြစ်စဉ် အလှအပတစ်ခုကို ဖန်တီးပေးလျက်ရှိရာ လင်းနို့များ ဂူပြင်ထွက်ချိန်ကို စောင့်ကြည့်လေ့လာပြီး မှတ်တမ်းတင်ကြသည့် နိုင်ငံတကာ ခရီးသွားများအပြင် ပြည်တွင်းခရီးသွားများဖြင့် စည်ကားလှကြောင်း သိရသည်။

"လင်းနို့တွေက သာမန်လတွေဆိုရင် ညနေ ၅ နာရီခွဲဝန်းကျင် ထွက်တယ်၊ အခုလက လင်းနို့တွေ သန္ဓေရှိတဲ့အချိန်ရော နေဝင်နောက်ကျတာရောဆိုတော့ ညနေ ၆ နာရီခွဲဝန်းကျင်မှ ထွက်တယ်၊ အချို့ နိုင်ငံခြားသားတွေနဲ့ ပြည်တွင်းဘုရားဖူးတွေ စောင့်ကြည့်တာကတော့ အရင်လတွေထက်စာရင် လျော့သွားတယ်"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

သာသနာပြုလုပ်ငန်းများ၊ ဂူ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လင်းနို့ဂူသို့ လာရောက်လေ့လာကြသည့် နိုင်ငံခြားသား ဧည့်သည်များကို တစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်း ကောက်ခံပြီး ပြည်တွင်းဘုရားဖူးများနှင့် လာရောက်လေ့လာသူများကိုမူ ကောက်ခံခြင်းမရှိကြောင်း သိရသည်။

နိုင်ငံခြားသားများထံမှ ကောက်ခံရရှိငွေများဖြင့် သမိုင်းအမွေအနှစ်များ ပျောက်ကွယ် မသွားစေရန်အတွက် မြတ်စွာဘုရား၏ ရုပ်ပွားတော်များ၊ စေတီပုထိုးများကို ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ထားကိုးကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဂူထဲတွင် စေတီ ငါးဆူနှင့် မြတ်ဗုဒ္ဓ၏ရုပ်ပွားတော် ၁၃ ဆူအထိ မွမ်းမံပြင်ဆင်ခြင်း၊ အသစ် တည်ထားကိုးကွယ်ခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

လိုဏ်ဂူအတွင်း လင်းနို့များ ပြုလုပ်ပေးသော ဂေဟစနစ်သည် ပျက်စီးလွယ်ပြီး အနှောင့်အယှက်များရှိလာပါက ပျက်စီးမှုများ စတင်ဖြစ်ပေါ်လာစေသဖြင့် လင်းနို့ဂူကို တိုးတက်များပြားစေရန်နှင့် အစဉ်အမြဲတည်ရှိနေစေရေးအတွက် လိုဏ်ဂူများအတွင်းသို့ ဘုရားဖူးနှင့် ခရီးသွားများ လာရောက်လည်ပတ်ခြင်းနှင့် သားရိုင်းတိရစ္ဆာန်များ နေထိုင်ခြင်းကို မျှမျှတတဖြစ်စေရေး ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသားအမွေအနှစ်၏ တစ်စိတ်တစ်ဒေသဖြစ်သော လင်းနို့ဂူကို ဝိုင်းဝန်း ထိမ်းသိမ်းစောင့်ရှောက်ရန်လည်း လင်းနို့ဂူ ထိန်းသိမ်းစောင့်ရှောက်နေသည့် ဂေါပကအဖွဲ့က တိုက်တွန်းနှိုးဆော်ထားကာ လင်းနို့ဂူအဝတွင် တိုက်တွန်းနှိုးဆော်စာကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



ဂူအတွင်းမှ ထွက်လာသော လင်းနို့များ

## သတင်းတိုများ

### မြို့နယ်ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်ဖွဲ့စည်း

မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၄ ရက်က ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(ရန်ကုန်)အဖွဲ့ဝင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ရွေးချယ်ဖွဲ့စည်းရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဘန်နီတင်အောင်က မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်များက အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးကြပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ပြန်လည်ရွေးချယ် အတည်ပြုခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### ရုပ်ပုံဆွဲ၊ ပုံပြောနှင့် စက္ကူခေါက်သင်တန်းဖွင့်

ကယားပြည်နယ် ဖားဆောင်းမြို့နယ် ဝမ်အောင်းကယားကျေးရွာမှ ကျောင်းသားကျောင်းသူများအတွက် နွေရာသီ ရုပ်ပုံဆွဲ၊ ပုံပြောနှင့် စက္ကူခေါက်သင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အဆိုပါကျေးရွာ ဓမ္မာရုံ၌ မတ် ၁၈ ရက်က သွားရောက်ဖွင့်လှစ်ပေးခဲ့သည်။ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်နန်းသဲနုအောင်က သင်တန်းများဖွင့်လှစ်ပေးခြင်းမှာ နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဝါသနာပါရာ သင်တန်းများ တက်ရောက်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ဖြစ်ကြောင်း ပြောကြားပြီး နံရံကပ်စာစောင်များကို ပြသကာ သင်တန်းများကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၁၉ ရက်အထိ နှစ်ရက်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

### တွံတေးမြို့တွင် စာချစ်သူများက စာပေဟောပြောပွဲပြုလုပ်

ပြည်သူလူထု စာပေဖတ်ရှုမှု ပိုမိုများပြားလာပြီး ဗဟုသုတတိုးပွားလာစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ စာချစ်သူများနှင့် အလှူရှင်များဦးဆောင်၍ သတ္တမအကြိမ်မြောက် စာပေဟောပြောပွဲကို မတ် ၁၇ ရက်နှင့် ၁၈ ရက် ညပိုင်းက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရင်ပြင်တွင် ကျင်းပခဲ့ရာ စာရေးဆရာဦးဘုန်း(ဓာတု)၊ ဆရာမိုယ်းဇော်၊ ဆရာမာန်(တောင်လုံးပြန်)တို့က မတ် ၁၇ ရက်တွင်လည်းကောင်း၊ ဆရာအော်ပီကျယ်၊ ဆရာလင်္ကာရည်ကျော်နှင့် ဆရာမင်းခိုက်စိုးစံတို့က မတ် ၁၈ ရက်တွင်လည်းကောင်းဟောပြောခဲ့သည်။ **မျိုးလှိုင်(တွံတေး)**

## ကျေးရွာနေပြည်သူများအား မှူခင်းကျဆင်းရေးနှင့် မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြော

**ထန်းတပင် မတ် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်းမရှိစေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးတို့အတွက် ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာများတွင် လိုက်လံကွင်းဆင်း ပြုလုပ်ပေးလျက်ရှိရာ မတ် ၁၈ ရက်က အစုကြီးကျေးရွာ အမကကျောင်း၌ ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးလူငယ်များ သတိပြုလိုက်နာရန်အချက်များ၊ မှုခင်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေးက ကျေးရွာအတွင်း အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ယင်လုံအိမ်သာများ ရာနှုန်းပြည့် သုံးစွဲခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးအောင်သန်းဦးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့်နည်းစနစ်များအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်း ပပျောက်ရေးနှင့် မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ ကျေးရွာနေပြည်သူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## မီးသတ်စခန်းခွဲ ဖွင့်လှစ်နိုင်ရန် တွေ့ဆုံဆွေးနွေး

**မော်လူး မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် အစိုးရမီးသတ်စခန်းခွဲ ထားရှိနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်သည် မတ် ၁၈ ရက်က မော်လူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရပ်မိရပ်ဖများ၊ ခရိုင်၊ မြို့နယ် ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မော်လူးဒေသသည် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိပြီး နိုင်ငံပိုင်အဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ပေါများကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သောဒေသ ဖြစ်သည်နှင့်အညီ မီးဘေးအန္တရာယ်ဖြစ်ပွားပါက လျင်မြန်စွာ မီးသတ်နိုင်ရန်နှင့် ဆုံးရှုံးနစ်နာမှုများ လျော့ပါးစေရန်အတွက် မော်လူးတွင် အကျယ်ပေ ၂၀၀ ပတ်လည်ရှိ မီးသတ်စခန်းခွဲရုံးကို တည်ဆောက်လိုကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်က ဆွေးနွေးသည်။

ထို့နောက် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက မြို့သစ်အရှေ့ဘက်ရှိ အရပ်ပိုင်မြေကွက်ကို လိုက်လံပြသရာ ထိုမြေနေရာကို နှစ်သက်၍ မီးသတ်စခန်းခွဲရုံး တည်ဆောက်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက အမှုတွဲ အမြန်ဆုံးတည်ဆောက် တင်ပြကြရန် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လမ်းညွှန်မှာကြားသွားသည်။

**ညီမြင့်ထက် (မြန်မာစာ)**

## ပေါင်းလောင်းမြစ်အတွင်း ရေနစ်သူမရှိစေရန် စပီဘုတ်ဖြင့် လှည့်လည်စောင့်ရှောက်

**နေပြည်တော် မတ် ၂၀**

တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးဘာသာရပ် ဖြေဆိုပြီးသည့် ရက်များတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း လှေခွင်းတောင် ပေါင်းလောင်းမြစ်အတွင်း၌ ကျောင်းသား ကျောင်းသူများ အပါအဝင် ဒေသခံပြည်သူများ ရေကူး ဆော့ကစားခဲ့ကြ၍ မြစ်အတွင်း ရေနစ်သူမရှိစေရေးအတွက် ဇေယျာသီရိမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီး ဦးမျိုးသူဝင်းနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် ပူးပေါင်း၍ မြစ်အတွင်း စပီဘုတ်ဖြင့်လှည့်လည်ကာ စောင့်ရှောက်ကြီးကြပ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြစ်အတွင်း ရေကူးသူများအနေဖြင့် မြစ်ကမ်းတစ်လျှောက် ရေနက်ပိုင်းနေရာများသို့ ကူးခတ်သွားလာမှု မရှိစေရေး၊ မူးယစ်သောက်စားပြီး ရေဆော့ကစားခြင်း မရှိစေရေးနှင့် အထွေထွေအန္တရာယ်များ ကျရောက်လာမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ် လှည့်လည်စောင့်ရှောက် ကြီးကြပ်ပေးခြင်းဖြစ်ကာ မြစ်ကြောင်းတစ်လျှောက် စပီဘုတ်ဖြင့် လှည့်လည်၍ စောင့်ရှောက်မှုကို စာမေးပွဲများ ဖြေဆိုပြီးသည့် မတ် ၁၄ ရက်မှစ၍ မတ် ၁၈ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

# ဆေးလိပ်၊ ကွမ်းယာနှင့် ကျန်းမာရေး

**ဒေါက်တာ-မြသန်း**



သာယာသော နံနက်ခင်းတစ်နေ့မှာ ဈေးကိုလမ်းလျှောက်ရင်း ပတ်ဝန်းကျင်တခွင် လေ့လာကြည့်ရှုရင်း ဈေးဝယ်ထွက်ခဲ့ရာ ကွန်ကရစ်လမ်းမ လမ်းသားဖြူဖြူပေါ်တွင်လည်းကောင်း၊ ကတ္တရာလမ်းမကြီးပေါ်တွင်လည်းကောင်း မသတီစရာ ကွမ်းတံတွေး၊ အချွဲသလိပ်၊ ချွေးချေး၊ အမှိုက်သရိုက်နှင့် သစ်ရွက်တွေ တွေ့ရသဖြင့် သိုင်းကွက်နင်း လျှောက်ခဲ့ရသလို လမ်းတစ်လျှောက်တွင် မစင်နံ့၊ သေးနံ့၊ အမိုးနီးယား၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ အပုပ်နံ့တွေ ရှူမိ၍ စိတ်ပျက်လက်ပျက် ဖြစ်မိပါသည်။

အကျင့်ဆိုး စရိုက်ဆိုးတွေကြောင့် ပတ်ဝန်းကျင် အရုပ်ဆိုးသလို အနံ့ဆိုးများကြောင့် ကူးစက်ရောဂါများဖြစ်သည့် တီဘီ၊ ဆေးယဉ်ပါးတီဘီတို့ ကူးစက်လွယ်နေခြင်းကိုလည်းကောင်း၊ non communicable diseases ဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် မြန်မာက ကမ္ဘာတွင် ဒုတိယအဆင့် လိုက်နေသော ကင်ဆာရောဂါဆိုးတွေ အဖြစ်များနေတာကိုလည်းကောင်း တွေးမိပြီး အသိပညာပေး စာစောင်လေး ပညာဒါနပြုရန် စိတ်ကူးမိ၍ အများပြည်သူ သိရှိနားလည် လိုက်နာနိုင်စေရန် စေတနာရှေ့ထား ရေးသားရပါသည်။

**ဆေးလိပ်နှင့် ကွမ်းယာ**

ဆေးလိပ်၊ ဆေးရွက်၊ ကွမ်းယာကို ရှေးယခင်က တောရွာများမှ သက်ကြီးရွယ်ကြီးများသာ စားသုံးကြ၍ ယနေ့အချိန်တွင်မူ ကျောင်းသားငယ်လေးများက ကျောင်းတွင်းအိမ်သာများမှာ စီးကရက်ခိုးသောက်ခြင်း၊ ကွမ်းယာဝါးခြင်းတို့ ရှိနေပြီဖြစ်သည်။ ပြည်သူလူထုအတွင်းမှာ ကွမ်းယာဆိုင်တွေ မှိုလိုပေါက်နေပြီး ဘူးနှင့် တစ်ထောင်ဖိုး၊ ငါးရာဖိုး ဝယ်ယူရန် တန်းစီစောင့်နေရသည်အထိ ကွမ်းယာကို စားလာကြသည်။ မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ကွမ်း စားသုံးခြင်းကြောင့် ရောဂါမျိုးစုံဖြစ်ပွားမှု၊ သေဆုံးမှုတွေနှင့် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်မှာ မတွေးရဲစရာ ဖြစ်နေပါသည်။ တိုင်းပြည်၏ အလှအပကိုလည်း အကျိုးမဲ့ဖျက်ဆီးရာရောက်ပါသည်။

ကွမ်းယာ၊ ဆေးလိပ်၊ စီးကရက် သုံးစွဲရခြင်း အကြောင်းရင်းများမှာ-

၁။ ခံတွင်းချဉ်၊ ခံတွင်းနံ့ဆိုး၍ ကွမ်းဝါး၊ ဆေးလိပ် သောက်ခြင်းမှ အစပြုကာ စွဲလမ်းခြင်းဖြစ်ပါသည်။

၂။ ခေတ်လူငယ်များ၏ စမ်းသပ်လိုစိတ်ကြောင့်လည်းကောင်း၊ မိဘများက ဆေးလိပ်မီးညှိခိုင်းခြင်းမှလည်းကောင်း စမိကြပြီး စမိလျှင်စွဲ၊ စွဲမိတော့ဖြတ်မရ ဖြစ်လာပါသည်။

၃။ ရုပ်ရှင်သရုပ်ဆောင်များ၏ စတိုင်ကို အတုခိုးမှား၍ စတိုင်ရှိမှ စတားဖြစ်မယ်ဟု အတုယူမှားခြင်းမျိုးလည်း ရှိသည်။

၄။ အပေါင်းအသင်းဆွဲဆောင်မှုနှင့် ကြော်ငြာဆွဲဆောင်မှုကို သတိမထားမိ၍ လိုက်လံအတုခိုးမိခြင်းလည်း ရှိသည်။

၅။ ကားမောင်း၊ အလုပ်ကြမ်း၊ စာရေးခြင်းလုပ်ငန်းတွင် အိပ်ငိုက်ပြေစေရန် ကွမ်းဝါးခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ဖြင့်လည်း စွဲသွားနိုင်သည်။

၆။ ဆေးလိပ်ဖြတ်ရန် ကွမ်းအစားထိုးဝါးခြင်းဖြင့် နှစ်ခုလုံးစွဲသွားခြင်းလည်း ဖြစ်လေ့ရှိသည်။



**ကင်ဆာဖြစ်စေသော စီးကရက်**

ဆေးလိပ်(စီးကရက်)တွင် ဆေးရွက်ကြီး၊ ဗာဂျီးနီးယားဆေး၊ မြန်မာဆေးရွက်များကို ဓာတုပစ္စည်းပေါင်းများစွာ ၃၀၀၀ နီးပါးဖြင့် ပေါင်းစပ်ကာ အဆင့်ဆင့် ပြုလုပ်ထား၍ စီးကရက်တွင် ပါဝင်သော ဘင်ဇင်း၊ ကတ္တရာ(နီကိုတင်း-Nicotine)၊ အမိုးနီးယား၊ စတီးယားရစ်အက်စစ်၊ ကာဗွန်မိုနော့ဆိုဒ်၊ နျူကလီးယားကွန်ပေါင်းတို့သည် ကင်ဆာဖြစ်စေပါသည်။ ဆေးရွက်ကြီးတွင် အဓိက နီကိုတင်းသည် လူတို့အား စွဲလမ်းစေသည်။ ကင်ဆာဓာတ်ပေါင်း ၆၀ အထိ ပါဝင်၍ လူတို့အား ကင်ဆာရောဂါ ဖြစ်စေပါသည်။

ကွမ်းယာတွင်ပါဝင်သော ပစ္စည်းများမှာ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေးရွက်ကြီး၊ ဆေးဝါး၊ စမုန်စပါး၊ အာမွှေး၊ နွယ်ချို၊ ဂုံခါး၊ ဖာလာစေ့၊ နာနတ်ပွင့်၊ လေးညှင်း စသည်တို့နှင့်အတူ 92၊ 100၊ 45၊ ဘုရင်မ၊ ပျားရည်နှပ်ဆေးစသည့် ဆေးများဖြင့် စားကြရာ ကွမ်းစားဆေး အများစုမှာ အိန္ဒိယမှ မှာယူ တင်သွင်းပြီး စားသုံးကြခြင်းဖြစ်ပါသည်။ ကွမ်းယာအချိုဆိုလျှင် နာနတ်ယို၊ အုန်းယို၊ ဖရုံယို၊ နှင်းရည်၊ တချို့တွင် သံပရာသီးစိပ် စသည်ဖြင့် အမျိုးမျိုးပေါင်းစပ်၍ စားကြသည်။ ဆေးရွက်များကို စွဲအောင် ဘိန်းဆီများပက်ဖျန်းပြီး စိမ်ထားတတ်ကြောင်းလည်း ကြားဖူးပါသည်။

**ကွမ်းစားခြင်း၏ ဆိုးကျိုးများ**

၁။ သဘာဝ ပုလဲရောင်ကြွေသွားလွှာကို ပျက်စီးစေ၍ ဖရဲစေ့ရောင်သွားများ ဖြစ်စေသောကြောင့် ညစ်ပတ်ခြင်း၊ ကွမ်းနံ့ ဆေးနံ့များကြောင့် အာခံတွင်းနံ့ဆိုးခြင်း၊ သွားများ ကျိုးလွယ်စေခြင်း၊ သွားဖုံးများစား၍ ရေစီးကမ်းပြိုဖြစ်စေခြင်း၊

၂။ အလှအပနှင့် အရွယ်ကို ရင့်ရော်အိုမင်းခြင်း၊

၃။ ကွမ်းတံတွေးများ အဝတ်အထည်တွင် စွန်းထင်း၍ ပျက်စီးနိုင်ခြင်း၊

၄။ ငွေကုန်ကြေးကျများခြင်း၊ တစ်နေ့လျှင် ၂၀၀၀ ဖိုးမှ ၃၀၀၀ ဖိုး စသဖြင့် တိုးတိုး၍ ကုန်ကျခြင်း၊

၅။ ကွမ်းတံတွေးကြောင့် ပတ်ဝန်းကျင်အဆောက်အအုံများ၊ လမ်းများကို အကျည်းတန် ရုပ်ဆိုးစေခြင်း၊

၆။ လျှာပေါ်ရှိ Taste buds ခေါ် အရသာခံအဖုကလေးများ ပျက်စီးသွား၍ အငန်ဓာတ်ကို ပိုစားမိခြင်း၊

၇။ ပါး၊ ပါးစောင်နှင့် လည်ချောင်း၊ အစာမျိုပြွန်တို့ရှိ သွေးကြောများထဲသို့ nicotine နှင့် ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများ စိမ့်ဝင်၍လည်းကောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးသို့ သွေးကြောများမှ စိမ့်ဝင်၍လည်းကောင်း ရောဂါများ ရစေနိုင်ခြင်းတို့ဖြစ်သည်။

ကွမ်းစားခြင်းကြောင့် အောက်ပါရောဂါများ ရစေသည်။

သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၍ Myocardial Infarct နှလုံးရောဂါ၊ လေသင်တုန်း လေဖြတ်ရောဂါ၊ သွေးကြောပိတ်ခြင်း ကျဉ်းခြင်းကြောင့် ဦးနှောက်နှင့်အာရုံကြောရောဂါ၊ သတိမေ့ရောဂါ၊ မှတ်ဉာဏ်နည်းရောဂါ၊ မျက်စိအာရုံကြောများခြောက်၍ မျက်စေ့နောက်အလွှာ Retinal များ ကွာကျခြင်းနှင့် မျက်စေ့မှုန်ရောဂါ၊ နားအာရုံကြောများ ထိခိုက်ကာ နားလေးရောဂါ စသည့် ရောဂါများ ရစေသည်။

**ကွမ်းယာနှင့် ကင်ဆာ**

ဆေးရွက်ကြီးငုံလေ့ရှိသူများ၊ ကွမ်းယာတွင် ဆေးများများထည့်စားသူများသည် ကင်ဆာပိုမိုဖြစ်နိုင်ပါသည်။ ပါး၊ ပါးစောင်၊ လျှာ၊ သွားဖုံး၊ လည်ချောင်း၊ အစာမျိုပြွန်၊ အစာအိမ်၊ အသည်းတို့ကို ကင်ဆာဖြစ်စေသည့် မှိုတက်သောကွမ်းသီး၊ ဆေးနှင့် အခြားပါဝင်သော ပစ္စည်းများမှာလည်း ကင်ဆာဖြစ်စေသော အာလဖာတော့စင် မှိုဓာတ်ကြောင့် cirrhosis of liver အသည်းရောင်အသားဝါရောဂါ၊ လေထိုးလေအောင့်၊ ရင်ဘတ်အောင့်ခြင်းနှင့် ဆီးအိမ်ကင်ဆာ စသည်တို့ဖြစ်စေနိုင်ပြီး အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာ၊ ကိုယ်ဝန်ဆောင်မိခင်များတွင် သန္ဓေသားကို ထိခိုက်၍ ရင်ကြပ်ပန်းနာခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် သန္ဓေသားပျက်စီးခြင်းတို့ ဖြစ်စေနိုင်ပါသည်။ ကလေးများတွင် မွေးရာပါ နှလုံးနှင့် နားလေးခြင်း စသည်များ ဖြစ်နိုင်ပါသည်။

ဆေးလိပ်၊ ကွမ်းယာတို့တွင် ပါဝင်သော ဆေးရွက်ကြီးရှိ နီကိုတင်းသည် သွေးကြောများကို မာပြီး ကျဉ်းမြောင်း ပိတ်ဆို့စေ၍ လက်၊ ခြေနှင့် အင်္ဂါအစိတ်အပိုင်းများသို့ သွေးမစီးနိုင်သဖြင့် gangrene ခေါ် ခြေပုပ်၊ လက်ချောင်းပုပ်ဖြစ်၍ မခံမရပ်နိုင် မည်းခြောက်ကာ ဖြတ်ပစ်ရတဲ့အထိ ဖြစ်စေသည်။

**Heart Burn ခေါ် ရင်ခေါင်းမှပူလောင်ခြင်း**

ကွမ်းစားခြင်းကြောင့် လည်ချောင်းနာခြင်းနှင့် ကွမ်းစားရင်းလေပြွန်ပိတ်ကာ ရုတ်တရက် လေကြောင်းပိတ်၍ သေဆုံးနိုင်ခြင်း ဖြစ်စေသလို ဆေးရွက်ကြီး များများစားမိက နီကိုတင်းအဆိပ်ကြောင့် မူးဝေ၊ အော့အန်၊ ဝမ်းသွား၊ ချွေးစေးများထွက်ခြင်း ဖြစ်တတ်ပါသည်။ ဆေးရွက်ကြီးအနံ့ မခံနိုင်သောသူများမှာ Nicotine Shock ခေါ် နားရွက်များ၊ မျက်နှာများ ပူထူနီရဲ မူးဝေအော့အန်၍ ကလေးများမှာ သတိလစ်တတ်ပါသည်။ စီးကရက်များကို ပစ္စလက်ခတ်ထားခြင်းဖြင့် ကလေးများက ပါးစပ်ထဲထည့်မိ၊ စုပ်မိကြလျှင်လည်း အန္တရာယ်ရှိပါသည်။

ကွမ်းတွင်ပါသည့် ထုံးဓာတ်သည်လည်း သွားများအပေါ် Scaling ဖြစ်၍ သွားတိုက်ဖန်များလျှင် ကြွေများ ပါးလွှာပေါက်ပြဲပြီး သွားကိုက်၊ သွားနာ၊ သွားကျဉ်၊ သွားဖုံးရောဂါရခြင်း၊ ကင်ဆာဖြစ်ခြင်းတို့ ဖြစ်နိုင်သလို ထုံးကြောင့် အသည်း၊ သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးလမ်းကြောင်းပြွန်၊ ဆီးအိမ်တို့တွင် ကျောက်တည်၍ ခွဲစိတ်ကုသရသဖြင့် အန္တရာယ်ရှိပါသည်။

**ရှောင်လေဝေးဝေး**

ဆေးလိပ်နှင့် ကွမ်းယာတို့သည် ရောဂါအမျိုးမျိုးကို ရရှိစေသလို အထူးသဖြင့် ကြောက်မက်ဖွယ်ကောင်းသော ကင်ဆာရောဂါ ဖြစ်စေခြင်း၊ အနာဂတ် ရင်သွေးများကိုပါ ထိခိုက်စေခြင်းတို့ကြောင့် ငွေဖြင့်ဝယ်ယူနေရသော ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာစားသုံးခြင်းကို ယနေ့မှစ၍ ရှောင်သင့်ပါသည်။ "ရှောင်လေဝေးဝေး ဆေးရွက်ကြီး၊ ဆေးလိပ်နှင့် ကွမ်းယာဘေး"ဟု ဆောင်ပုဒ်ကို လက်ကိုင်ထား၍ သတိ တမံ၊ ဉာဏ် မြေကတုပ်၊ ပညာဉာဏ် ချွန်းနဲ့အုပ်ကာ ကွမ်းယာ ဆေးလိပ် မစားမသောက်တတ်ပါက လက်တည့်မစမ်းမိစေရန်နှင့် စွဲနေပါက စိတ်ကိုပိုင်နိုင်စွာဖြင့် ယတိပြတ်ဖြတ်ရန် လိုပါသည်။

မျိုးဆက်သစ် ကလေးငယ်များအား မကောင်းသည့် အမွေဆိုး၊ အမူအကျင့်ဆိုးများ အမွေမပေးမိစေရန် မိဘ၊ ဘိုးဘွား၊ ဆရာသမားနှင့် အသိပညာရှင်များက ငယ်ရွယ်စဉ်ကစ၍ စည်းကမ်းနှင့် သွန်သင်တားမြစ်ရပါမည်။ ကျောင်းအတွင်း စည်းကမ်းများကို လိုက်နာစေရပါမည်။ ကျောင်းနှင့် ဝန်းကျင်မှာ အရက်၊ ဆေးလိပ်၊ ကွမ်းယာများ ရောင်းချခြင်းကိုလည်း တားမြစ်ပိတ်ပင်ရပေမည်။

ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေစဉ်ကာလတွင် လှပသန့်ရှင်းသပ်ရပ်သော အဆင့်အတန်းမြင့်သော မြို့တော်များဖြစ်စေရန်အတွက်လည်းကောင်း၊ လူတိုင်း ကျန်းမာပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံဂုဏ် မြင့်တင်နိုင်ရန်အတွက်လည်းကောင်း၊ အနာဂတ်သားကောင်းရတနာ မျိုးဆက်သစ်များ ဖြစ်လာပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက်လည်းကောင်း ကွမ်းယာနှင့် ဆေးလိပ်တို့ကို ရှောင်ကြဉ် တိုက်ဖျက်ကြရန် လူတိုင်းကိုယ်စီ တာဝန်ရှိသည်ဖြစ်၍ အားလုံးဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

**"ဆေးလိပ်နှင့် ကွမ်းယာတို့သည် ရောဂါအမျိုးမျိုးကို ရရှိစေသလို အထူးသဖြင့် ကြောက်မက်ဖွယ်ကောင်းသော ကင်ဆာရောဂါဖြစ်စေခြင်း၊ အနာဂတ် ရင်သွေးများကိုပါ ထိခိုက်စေခြင်းတို့ကြောင့် ငွေဖြင့်ဝယ်ယူနေရသော ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာစားသုံးခြင်းကို ယနေ့မှစ၍ ရှောင်သင့်ပါသည်၊ "ရှောင်လေဝေးဝေး ဆေးရွက်ကြီး၊ ဆေးလိပ်နှင့် ကွမ်းယာဘေး"ဟု ဆောင်ပုဒ်ကို လက်ကိုင်ထား၍ သတိ တမံ၊ ဉာဏ် မြေကတုပ်၊ ပညာဉာဏ် ချွန်းနဲ့အုပ်ကာ ကွမ်းယာ ဆေးလိပ် မစားမသောက်တတ်ပါက လက်တည့်မစမ်းမိစေရန်နှင့် စွဲနေပါက စိတ်ကိုပိုင်နိုင်စွာဖြင့် ယတိပြတ်ဖြတ်ရန် လိုပါသည်"**

## ဆောင်းမြေပဲများသိမ်းချိန်တွင် ထယ်ထိုးပြီး နုတ်သိမ်းနေရ၍ အရှုံးပေါ်နေ

**စဉ့်ကူး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ယခုနှစ် ဆောင်းမြေပဲ စတင်စိုက်ပျိုးချိန်က အချိန်အခါမဲ့ မိုးရွာသွန်းခဲ့မှုကြောင့် အပင်များ မြေကြပ်ပြီး ယခု မြေပဲသိမ်းချိန်တွင် အပင်ကို လက်ဖြင့်နုတ်သိမ်း၍မရဘဲ ထယ်ထိုးပြီး နုတ်သိမ်းနေကြရကြောင်းနှင့် ထိုသို့ နုတ်သိမ်းရသဖြင့် အထွက်နှုန်းကျဆင်းကာ အရှုံးပေါ်လျက်ရှိကြောင်း ဆောင်းမြေပဲ စိုက်တောင်သူများထံမှ သိရသည်။

တောင်သူများအနေဖြင့် ယခုနှစ်တွင် ယခင်နှစ်ကလို မြေပဲမရကြကြောင်း၊ ယခင်နှစ်က မြေပဲတစ်တင်းချ စိုက်ပျိုးသည့် လယ်မြေမှ မြေပဲတောင့် အနည်းဆုံး တင်း ၅၀ မှ မြေကောင်းလျှင် ၇၅ တင်းအထိ ထွက်ရှိကြောင်း၊ သာမန်အားဖြင့် မြေပဲဆန် တစ်တင်းလျှင် အနည်းဆုံး မြေပဲတောင့် ၂၅ တင်းထွက်လျှင် တောင်သူများ တွက်ချေကိုက်ပြီး အရှုံးမရှိကြောင်း၊ ယခုနှစ်တွင်မူ မြေပဲကို လက်ဖြင့်နုတ်သိမ်း၍မရဘဲ ထယ်ထိုးပြီး နုတ်သိမ်းစုပုံလုပ်ငန်းများ ဆောင်ရွက်ရခြင်းကြောင့် ထယ်ထိုးခြင်းအတွက် နေ့တွက်လုပ်ခပါ ထပ်ဆောင်းပေးရသလို မြေပဲအထွက်နှုန်းလည်း လျော့နည်းခဲ့မှုကြောင့် တောင်သူများ အရှုံးပေါ်ကြခြင်းဖြစ်ကြောင်း သာယာဝတီကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးလှရွှေက ပြောသည်။

"အခုနှစ် ဆောင်းမြေပဲစိုက်တောင်သူတွေ ကံမကောင်းကြဘူး၊ မြေပဲစိုက်ချိန်က မိုးရေနစ်သွားလို့ မြေပဲကို ငွေတိုးယူပြီး နှောက်တစ်ကြိမ် ပြန်စိုက်ရတယ်၊ မိုးရွာလို့ ပဲပင်တွေ မြေကြပ်တော့ နုတ်မရလို့ ထယ်ထိုးလှန်ပြီး ပဲပင်တွေ ကောက်ယူစုပုံရတော့ လုပ်အားခပေးရ၊ လုပ်မယ့်လူမရှိလို့ ထမင်းပါကျွေးပြီး လုပ်ခိုင်းရနဲ့ ဒီနှစ် တောင်သူတွေ တော်တော်များများ အရှုံးပေါ်ကြတယ်၊ အရင်းမရတဲ့အပြင် အရှုံးပေါ်နေတော့ သမချေးငွေတွေ၊ ကျေးလက်ဦးစီးဌာနက အရင်းမပျောက် မတည်ချေးငွေနဲ့ လယ်ယာဘဏ်ကချေးထားတဲ့ ချေးငွေတွေ ပြန်ဆပ်ဖို့တော့ ခပ်ခက်ခက်ပဲ"ဟု ဘဏ်စုံချေးငွေ ထုတ်ယူသုံးစွဲ၍ မြေပဲစိုက်ပျိုးခဲ့သူ တောင်သူတစ်ဦးက ပြောသည်။

**ဝင်းမောင်**



## အမှန်တကယ်ဆင်းရဲသော အိမ်ထောင်စု ၁၀၀ အား ကျပ်တစ်သိန်းစီ ဝေငှပေး

**မန္တလေး မတ် ၂၀**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် မြို့ပတ်လမ်း အနောက်ဘက်ဘေးတွင် ကျူးကျော်တဲဖြင့် နေထိုင်ကြပြီး အမှန်တကယ်ဆင်းရဲသော အိမ်ထောင်စု ၁၀၀ အား ဗီယက်နမ်ဘုန်းတော်ကြီးတစ်ပါး ဦးဆောင်သောအဖွဲ့က အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းစီကို မတ် ၁၇ ရက်က ဝေငှပေးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ဘုန်းတော်ကြီး Mr.Nguyen Ba Vinh နှင့် ဗီယက်နမ်သီလရှင် Mrs.Mal Ngoc Kieu တို့ ဦးဆောင်သော အဖွဲ့က ကျူးကျော်တဲဖြင့်နေထိုင်ရသော အိမ်ထောင်စုများထံသို့ သွားရောက်၍ အမှန်တကယ် ဆင်းရဲသူများအား အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို လိုက်လံဝေငှ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်စံမောင်**

## သဘာဝဘေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြော

**ဟိုပင် မတ် ၂၀**

ကချင်ပြည်နယ် ဟိုပင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် တကွင်းကျေးရွာတို့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲများကို မိုးညှင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ မတ် ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးသင်ရေးတန်းကျောင်း၌ ကျင်းပသည့် ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွေး ဦးဆောင်သော အဖွဲ့ဝင်များက ရာသီအလိုက်ဖြစ်ပေါ်တတ်သော မီးဘေး၊ လေပြင်းမုန်တိုင်းဘေး၊ ငလျင်ဘေး၊ မိုးကြိုးဘေး၊ မြေပြိုဘေး၊ ရေဘေး စသည့် ဘေးအန္တရာယ်များအကြောင်းနှင့် သဘာဝဘေးများ ဖြစ်ပေါ်ခဲ့ပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဗွီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသဟောပြောခဲ့သည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် တကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဟောပြောပွဲကို ထပ်မံပြုလုပ်ခဲ့ပြီး တကွင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းလောမာန်နှင့် ပြည်သူများ အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ **မင်းမင်းဦး**

## ဝန်ထမ်းသစ်အခြေခံသင်တန်းဖွင့်

**ကျိုင်းတုံ မတ် ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အခြေခံရုံးလုပ်ငန်းခွင် သင်တန်းဖွင့်ပွဲကို မတ် ၁၅ ရက်က ကျိုင်းတုံမြို့ ဒုတိယပြည်နယ်ဦးစီးမှူးရုံးခန်းမတွင် ပြုလုပ်သည်။ အခမ်းအနားတွင် ခေတ္တဒုတိယပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ၊ ဌာနမှဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဝန်ထမ်းသစ်များ လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် အခြေခံစစ်ရေးပြ၊ရုံးစာရေးသားနည်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဆိုင်ရာ ဘာသာရပ်များပို့ချသွားမည် ဖြစ်သည်။ **ပြည်နယ်(ပြန်/ဆက်)**



## ကျေးရွာ ကွန်ကရစ်တံတားသစ် ဖွင့်လှစ်

**ဝါးခယ်မ မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မိုးမခအုတ်ကျင်းကျေးရွာအုပ်စု ကျွဲလမ်းကြီးကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အချိန်အခါမရွေး ဆက်သွယ်သွားလာမှု အဆင်ပြေစေရေးအတွက် စိမ်းလန်းမြေ ကွန်ကရစ်တံတားသစ်ကို မတ် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စိမ်းလန်းမြေ ကွန်ကရစ်တံတားကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဝါးခယ်မမြို့နယ် ပြည်သူ့လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀၅ သိန်းတို့ဖြင့် အရှည် ပေ ၆၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တိုင်၊ သံပေါင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်း တံတားအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြိုးပပ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ကျေးရွာမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကာ တံတားသစ် ဆောက်လုပ်ပြီးစီးမှုကြောင့် မိုးမခကျေးရွာ၊ ကျွဲလမ်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ အူကျွန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ကျုံကပြင်ကျေးရွာတို့မှ ဒေသခံပြည်သူများအနေဖြင့် လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လိင်အကြမ်းဖက်မှုများကို ကြီးလေးသောပြစ်ဒဏ်ချမှတ်ရန် ဆန္ဒထုတ်ဖော်

**ရန်ကုန် မတ် ၂၀**



လိင်အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား ကြီးလေးပြစ်ဒဏ်များ ချမှတ်ပေးရေး ဝိုင်းဝန်းဆန္ဒထုတ်ဖော်ပွဲနှင့် လိင်အကြမ်းဖက်မှု ကြိုတင်ကာကွယ်ရေး ပညာပေးလှုပ်ရှားမှုများ၊ သရုပ်ပြမှုများ၊ ဖြစ်ရပ်မှတ်တမ်းများ ပြန်လည်ပြောပြခြင်း အစီအစဉ်များကို အနုပညာရှင် သရုပ်ဆောင်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများက ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်၍ ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်း၌ မတ် ၁၈ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

ပညာပေး ဟောပြောမှုများတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ဇူဇန်နာလှလှစိုးနှင့် Legal Clinic Myanmar မှ ဥပဒေပညာရှင် ဒေါ်လှလှရီတို့က "အရွယ်မရောက်သေးသည့် အသက် ၁၄ နှစ်အောက် ကလေးငယ်များအား အဓမ္မပြုကျင့်မှုနှင့် ပတ်သက်၍ ကျူးလွန်သူများသည် ဥပဒေအရ ထောင်အနှစ် ၂၀ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း၊ ပြစ်မှုထင်ရှားသူများကိုလည်း အဆိုပါပြစ်ဒဏ် ပေးလျက်ရှိကြောင်း" ဟောပြောသည်။

သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံရသူများအား လူမှုကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နေသူ ကိုစိုးထိုက်(ဖဒို)ကလည်း သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားပါက ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်ရုံဖြင့် မပြီးဆုံးသေးကြောင်း၊ ကျူးလွန်စော်ကားခံရသူများအပေါ် ပြစ်တင်ဝေဖန်မှုများမပြုဘဲ ပြန်လည်တည်ထောင်ပေးရေးနှင့် လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဝိုင်းဝန်းစောင့်ရှောက်မှုပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါလှုပ်ရှားမှု ဆောင်ရွက်ရာတွင် လိင်အကြမ်းဖက်မှု ပပျောက်ရေးနှင့် ပတ်သက်သည့် သတိပေးပိုစတာ၊ ဆိုင်းဘုတ်များ၊ လိင်အကြမ်းဖက်မှုဆန့်ကျင်ရေး ရင်ထိုးများ၊ စာအုပ်များလည်း ဝေငှပေးခဲ့ကာ ကလေးများအား လိင်အကြမ်းဖက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သတိပြုဖွယ်ရာများ၊ လိင်အကြမ်းဖက်မှုခံရပါက ကလေးများအနေဖြင့် အော်ဟစ်အကူအညီ တောင်းခံတတ်ရန်နှင့် နီးစပ်ရာ မိဘ၊ ဆရာသမားများထံ တိုင်ကြားတတ်ကြစေရန် သင်ကြားပေးခြင်း သရုပ်ပြအစီအစဉ်များကို ပြုလုပ်ခဲ့ပြီး လှုပ်ရှားမှုတွင်ပါဝင်သူ ပြည်သူများက ဆင်တူအင်္ကျီများဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် ဖယောင်းတိုင်များ ထွန်းညှိဆုတောင်းခဲ့ကြသည်။ **သန့်ဇင်ဝင်း**

## စာအောင် သံဃာတော်နှင့် သီလရှင်များအား စာအောင်ဆုလက်မှတ် ဆက်ကပ်ပွဲကျင်းပ

**မန္တလေး မတ် ၂၀**

၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ အခြေပြုမူလတန်း စာမေးပွဲများတွင် အောင်မြင်တော်မူကြသည့် မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ စာအောင် သံဃာတော်နှင့် သီလရှင်များအား စာအောင်ဆုလက်မှတ် ဆက်ကပ်ပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲကို မတ် ၁၇ ရက်က မဟာလောကရံသီ အိမ်တော်ရာစေတီတော် ဓမ္မဗိမာန်တွင် ကျင်းပရာ မြို့နယ်သြဝါဒါစရိယဆရာတော်များ၊ မြို့နယ်သံဃနာယက အဖွဲ့ဆရာတော်များ၊ စာအောင်သံဃာများနှင့် သီလရှင်ဆရာလေးများ ကြွရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာဂွေးချိုတိုက် မေသက်ဘရားသားကျောင်းဆရာတော်က သြဝါဒကထာနှင့် သီလပေးတရား ချီးမြှင့်ပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးဝင်းမြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ တာဝန်ရှိသူများက သြဝါဒါစရိယဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ဥပတ္ထမကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များက စာအောင်သံဃာတော်နှင့် သီလရှင်များအား စာအောင်လက်မှတ်များ ဆက်ကပ်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တို့မှ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ ရပ်ကွက်အလိုက် အလှူရှင်များ၊ လူမှုရေးဘာသာရေး အသင်းအဖွဲ့ဝင်များနှင့် သီးခြားအလှူရှင်များက ဗိမာန်တော်အတွင်းနှင့် ရင်ပြင်တော်ပေါ်တို့တွင် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ စုပေါင်းလောင်းလှူခဲ့သည်။

စာအောင်ဆုနှင်းသဘင်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲတွင် ဓမ္မာစရိယ စာအောင်သံဃာတော် နှစ်ပါး၊ နိကာယ်စာမေးပွဲ စာအောင်သံဃာတော်နှစ်ပါး၊ ပထမကြီးတန်း စာအောင် ၂၈ ပါး၊ ပထမလတ်တန်း စာအောင် ၆၃ ပါး၊ ပထမငယ်တန်း စာအောင် ၁၁၂ ပါး၊ အခြေပြုမူလတန်း စာအောင် ၇၂ ပါး စုစုပေါင်း ၂၇၉ ပါးနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် သုံးဘာသာဖြင့် အောင်မြင်သူ ၁၉ ဦး၊ နှစ်ဘာသာဖြင့် အောင်မြင်သူ ၁၃ ဦး၊ တစ်ဘာသာဖြင့် အောင်မြင်သူ ၁၀၈ ဦး စုစုပေါင်း ၁၄၀ ဦး တို့ကို စာအောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ပေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မိုင်းဒဏ်သင့်ပြည်သူများနှင့် မသန်စွမ်းသူများ အကူအညီပေးရေးအဖွဲ့ အစည်းအဝေးကျင်းပ

**ဘားအံ မတ် ၂၀**

ကရင်ပြည်နယ် မိုင်းဒဏ်သင့်ပြည်သူများနှင့် မသန်စွမ်းသူများ အကူအညီပေးရေးအဖွဲ့၏ သုံးလပတ်အစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်ခန်းမ၌ မတ်လ ဒုတိယပတ်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်တာငြိမ်းက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်မင်းက အစည်းအဝေးပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ Humanity and Inclusion မှ HMA Coordinator Ms.Donna က မိုင်းအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများအား အကူအညီပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

KNU ကရင်အမျိုးသားအစည်းအရုံး ငြိမ်းချမ်းရေးအဖွဲ့အစည်း လူအခွင့်အရေးကော်မတီဥက္ကဋ္ဌ Dr. Ed Marta ကလည်း ကရင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို အမြန် လုပ်ဆောင်ပေးစေလိုကြောင်း ပြောကြားသည်။ "မိုင်းရှင်းလင်းရေးလုပ်ငန်းတွေ မကြာမီလုပ်မယ်ဆိုတာကို သိပ်ပြီးဘဝင်မကျဘူး၊ လုပ်သင့်လုပ်ထိုက်တာကြာပြီ၊ လုပ်ကြမယ်ဆိုပြီး ပြောနေတာ အခုထက်ထိ မလုပ်ဖြစ်သေးဘူး၊ မြန်မြန်လုပ်စေချင်တယ်၊ ကျွန်တော်တို့ဝန်ထမ်းတွေ အားလုံးကပါ ပါဝင်လုပ်ဆောင်မှာဖြစ်ပါတယ်၊ မိုင်းရှင်းလင်းရေးလုပ်မယ့်နေရာမှာ မလုပ်ဘဲနေရင် အောင်မြင်မှာမဟုတ်ဘူး၊ ကရင်ပြည်နယ်မှာ မြိုင်ကြီးငူဒေသအထက်မှာ မိုင်းအများ ဆုံးရှိနိုင်တယ်၊ မိုင်းရှင်းမှပဲ ပြည်သူလူထုတွေဟာ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်မှာဖြစ်တယ်"ဟု ၎င်းကပြောသည်။



"မိုင်းရှင်းလင်းရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် ကရင်ပြည်အစိုးရအဖွဲ့က ဆန္ဒပြင်းပြနေတယ်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်ကလည်း မိုင်ရှင်းလင်းရေး အမြန်ဆုံးလုပ်ဖို့ ရည်ရွယ်ထားပါတယ်၊ အစိုးရဌာနဆိုင်ရာနဲ့ အဆုံးအဖြတ်ပေးနိုင်မယ့် တာဝန်ရှိသူတွေကို ဆင့်ကဲဆင့်ကဲ တင်ပြဆောင်ရွက်ထားလို့ မကြာမီ အဖြေတစ်ခုထွက်ပေါ်လာတော့မှာပါ၊ ပြည်သူလူထုမျှော်လင့်နေတဲ့ ဆန္ဒတွေ ပြည့်ဝစေမယ့် အဖြေဖြစ်မယ်လို့ မျှော်လင့်တယ်"ဟု ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အဖွဲ့အစည်းများက ကူညီပေးရာတွင် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ ယခင်လုပ်ကိုင်ခဲ့သော အားနည်းချက် အားသာချက်များကို အခြေခံကာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် မည်သည့်လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်မည် စသည်တို့ကို ဌာနဆိုင်ရာများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ကော်သူလေး ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာနမှ ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများက ဆွေးနွေးခဲ့ကြပြီး မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးစသည့် ခေါင်းစဉ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ **မင်းရာဇာ**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ Crans Montana Forum ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

## အာဖရိကဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများ ဆွေးနွေး



**ကာဆာဘလန်ကာ မတ် ၂၀**

မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Crans Montana Forum ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် တည်ထောင်သူ Ambassador Jean Poul Carteron နှင့် မတ် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် Rhapsody သင်္ဘောပေါ်ရှိ ဟိုတယ်ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အာဖရိကဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများ၊ အခွင့်အလမ်းများ၊ Crans Montana Forum နှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သံအမတ်ကြီး ဦးမြင့်လွင် နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်သည် မတ် ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် မော်ရိုကိုနိုင်ငံ Rhapsody သင်္ဘောပေါ်ရှိ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် စာမျက်နှာ ၄ ကော်လံ ၁ ❒

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် Crans Montana Forum ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် တည်ထောင်သူ Ambassador Jean Poul Carteron တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**ယနေ့ မာတိကာ**


မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက် စာ » ၁၁

မတ္တရာမြို့နယ် ကုန်းတန်းကြီး ကျေးရွာရှေ့ ဧရာဝတီမြစ်ကမ်း၌ လင်းပိုင်အသေတစ်ကောင်တွေ့ စာ » ၁၂

ဗြိတိန်ခွဲထွက်မှု အပြောင်းအလဲ ကာလဆိုင်ရာ သဘောတူစာချုပ် ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ ချုပ်ဆို စာ » ၁၄


# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၀**


မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ပြန်လည်ဝင်ရောက်မည့်သူများ၏ အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ၊ အိမ်ထောင်စုဓာတ်ပုံများနှင့် ရွာအမည်၊ တစ်ဦးချင်းအမည်ကို အနီးစပ်ဆုံး စိစစ်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသည့် အစ္စလာမ်ဘာသာဝင် ၈၀၃၂ ဦးအနက် မတ် ၁၉ ရက် အထိ စိစစ်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သူ ၁၉၃ ဦးကို ထပ်မံစိစစ်နိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကို နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်ဘက်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး နှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ▼

# အာရှဘိလိယက်ပြိုင်ပွဲတွင် မြန်မာမှ အောင်ဌေးနှင့် နေသွေးဦး ထိုင်းကစားသမားများကို အနိုင်ရရှိ



ထိုင်းကစားသမားကို အနိုင်ရခဲ့သည့် နေသွေးဦး ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှဘိလိယက်ပြိုင်ပွဲ အာရှယူ-၂၁ စနူကာအမျိုးသားပြိုင်ပွဲနှင့် အာရှအမျိုးသမီးစနူကာပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်၌ ကျင်းပရာ နံနက်ပိုင်း ပွဲစဉ်များတွင် မြန်မာဘိလိယက်ကစားသမားများဖြစ်သည့် အောင်ဌေးနှင့် နေသွေးဦးသည် ထိုင်းကစားသမားများကို အနိုင်ကစားနိုင်ခဲ့သည်။ အာရှဘိလိယက်ပြိုင်ပွဲ၏ နံနက်ပိုင်းပွဲစဉ်များတွင် အောင်ဌေးသည် ထိုင်းနာမည်ကြီး ဘိလိယက်ကစားသမား ပရာပွတ်ကို လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။

အောင်ဌေးသည် ပွဲငယ်သုံးပွဲဆက် အနိုင်ရခဲ့ပြီး စတုတ္ထနှင့် ပဉ္စမပွဲငယ်တွင် ပရာပွတ်က ပြန်လည်အနိုင်ရခဲ့သောကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ဆဋ္ဌမပွဲငယ်တွင် အောင်ဌေး အနိုင်ကစားခဲ့သောကြောင့် လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ❖



တပ်မတော်(လေ)အသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၀**

၂၀၁၈ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲအုပ်စုပဉ္စမနေ့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ သိမ်ဖြူလူငယ်အသင်းနှင့် တပ်မတော်(လေ) အသင်း နိုင်ပွဲရခဲ့သည်။

ယနေ့ကျင်းပသည့် ပွဲများတွင် သိမ်ဖြူလူငယ်အသင်းက All Star အသင်းကို ငါးဂိုး-တစ်ဂိုး၊ တပ်မတော် (လေ)အသင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ❍


"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံးမြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရုံ၊ ရမှတ်များရုံသာမက နိုင်ငံ့သားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
ဧပြီ ၃၀ ရက် ဖွင့်ပြီ
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ လှူစ္စီတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၁၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာနေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူးဦးအောင်မိုး
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်
အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

၂၀၁၈ ခုနှစ်၊ မတ် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြဘတ်စ်ကားတွေနဲ့ ကတ်စနစ်

● ဝေယံဦး



ရန်ကုန်မြို့သမိုင်းလမ်းဆုံမှာရှိတဲ့ ကျိုက်ဝိုင်းဘုရားလမ်းဘက်သွားမယ့် ဘတ်စ်ကားမှတ်တိုင်ကနေပြီး အမှတ် ၈၈ ဝိုင်ဘီအက်စ် ဘတ်စ်ကားပေါ်သို့ အိတ်ကပ်ထဲနှိုက်လိုက်တဲ့အချိန်မှာ ငွေကျပ် ၂၀၀ တန်မရှိဘဲ ငွေကျပ် ၁၀၀၀ တန်တွေသာ ရှိနေတာမို့ ငွေပုံးနားရပ်ပြီး နောက်ထပ်ထပ်ခရီးသည် ထပ်မတက်တော့တာမို့ ကားမောင်းထွက်လာတဲ့အခါ မတတ်သာရပ်ကာ ငွေ ၁၀၀၀ တန်ကိုင်ပြီး လိုက်လာခဲ့ရပါ ကားပေါ်တက်လာတဲ့ ခရီးသည်လေးဦးကို စောင့်ကာ ငွေကျပ် ၂၀၀ စီယူပြီးနောက် ကျပ် ၁၀၀၀ ကို ငွေပုံးထဲထည့်ပြီး ကားနောက်တက်လိုက်ပါတယ်၊ ငွေပုံးထဲကို ငွေကျပ် ၂၀၀ ထည့်ဖို့ တက်လာမယ့် ခရီးသည်တွေကို စောင့်လိုက်ပါတယ်၊ နောက်တယ်၊ ထိုင်ခုံနေရာတွေရှိပေမယ့် မထိုင်ရဘဲ နောက်ထပ်ဘက်ရွှေ့လာတဲ့အခါ ထိုင်ခုံလွတ်တွေ မရှိတော့ဘူး။

တကယ်တော့ ရန်ကုန်မြို့ဟာ ဝိုင်ဘီအက်စ်ဘတ်စ်ကား ယာဉ်လိုင်းတွေ စတင်ပြေးဆွဲပြီး ယာဉ်နောက်လိုက်တွေမရှိတဲ့နောက်ပိုင်းမှာ ငွေပုံးတိုက်ရိုက်ယာဉ်စီးခ ထည့်တဲ့စနစ်က တဖြည်းဖြည်း အသားကျလာပေမယ့် ငွေကျပ် ၂၀၀ တန် အခက်အခဲနဲ့ နေ့စဉ်ခရီးသည်တွေ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါတယ်၊ ဝိုင်ဘီအက်စ်ဘတ်စ်ကားစီးခရီးသည်တွေအနေနဲ့ ငွေကျပ် ၂၀၀ တန်ကို ကြိုကြိုတင်တင် ရှာဖွေရတဲ့အခက်အခဲက နေ့စဉ်နဲ့အမျှ ကြုံတွေ့လာရတဲ့အခါ စိတ်အနှောင့်အယှက် ဖြစ်လာပါတယ်။

ဒါကို ဘယ်လိုဖြေရှင်းမလဲဆိုတာနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို ငွေပေးချေမှုကတ်စနစ်နဲ့ အစားထိုးဆောင်ရွက်သွားမယ်လို့ တာဝန်ရှိသူတွေ ပြောကြားထားပြီး တင်ဒါစိစစ်ရေးလုပ်ငန်းတွေလည်း လုပ်ကိုင်ထားပြီးဖြစ်ပါတယ်၊ ငွေပေးချေမှုကတ်စနစ်ကို ရန်ကုန်မြို့ခရီးသွားပြည်သူက မြန်မြန်ထွက်ပေါ်လာစေဖို့ စောင့်မျှော်နေကြပြီ ဖြစ်ပါတယ်။

ဝိုင်ဘီအက်စ် ခရီးသည်တင်ယာဉ်လိုင်းတွေပေါ်မှာ ယာဉ်စီးခငွေပေးချေစက်တွေ တပ်ဆင်နိုင်အောင် ကြိုးစားနေပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းလောက်မှာ အဲဒီစက်တွေ တပ်ဆင်နိုင်မယ်လို့လည်း ဆိုနေပါတယ်။ ဒီလို တပ်ဆင်တဲ့အခါ ဝိုင်ဘီအက်စ်ယာဉ်လိုင်း တစ်လိုင်းချင်းစီကို တပ်ဆင်မှာဖြစ်ပြီး သုံးလအတွင်းမှာ ရန်ကုန်မြို့ဝိုင်ဘီအက်စ်ယာဉ်တွေအားလုံး အပြီးတပ်ဆင်နိုင်ဖို့လည်း မျှော်မှန်းထားကြောင်း သိရပါတယ်။

အဲဒီလို ယာဉ်စီးခ ငွေပေးချေစက်တွေ တပ်ဆင်ပြီးတာနဲ့ ကတ်စနစ်အသုံးပြုနိုင်အောင်လို့ ကတ်လုပ်ငန်းတွေကိုလည်း တင်ဒါအောင်တဲ့ကုမ္ပဏီက ကြိုတင်ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီလို အကောင်အထည်ဖော်နိုင်ဖို့အတွက် နည်းပညာဆိုင်ရာ အချက်အလက်တွေကို အမှားအယွင်းမရှိအောင် ကြိုးစားနေတယ်လို့ဆိုပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ ယာဉ်စီးခကို ခရီးစဉ်မိုင်နှုန်းနဲ့ ကောက်ခံမှာဖြစ်ပြီး ခရီးစဉ်စီးနင်းခငွေကြေးကို အနည်းဆုံးငွေကျပ် ၁၀၀၊ ၂၀၀ နဲ့ ၄၀၀ ကျပ် စတဲ့ ကျသင့်နှုန်းအတိုင်း ဖြတ်တောက်သွားမယ်လို့ သိရပါတယ်။


ရန်ကုန်မြို့ ပြည်သူတွေဟာ နေ့စဉ် ယာဉ်အမျိုးမျိုးနဲ့ သွားလာနေကြတာဟာ လူဦးရေ သန်းချီပြီး ရှိနေပါတယ်။ ယခင်ကထက်စာရင် ရန်ကုန်မြို့တွင်းမှာ ဘတ်စ်ကားနဲ့ ခရီးသွားလာရတာဟာ ယခုဆိုရင်အများကြီး တိုးတက်လာ

အချပ်ပို(ဃ) သို့

ဓာတ်ပုံ-ကေဇင်









စာမျက်နှာ (ခ)

## ပြန်လည်နိုးထလာသော တပ်မတော်ပန်းခြံအတွင်းမှ မြင်ကွင်း



စာမျက်နှာ (ဂ)

## ရန်ကုန်မြစ်ပြင်အလှဖြင့် မြို့ပြမွန်းကျပ်မှုကို ကုစားရာဝယ်



# ပြန်လည်နိုးထလာသော တပ်မတော်ပန်းခြံအတွင်းမှ မြင်ကွင်း

——— တင်ဝင်းလေး(ကြည့်မြင်တိုင်)



**လွန်ခဲ့သော** ၁၂ နှစ်ကျော်ရှေ့ပိုင်းကာလများက ယခုကဲ့သို့ မတ် ၂၇ ရက် (တော်လှန်ရေးနေ့/တပ်မတော်နေ့)နီးတိုင်း ရန်ကုန်မြို့ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းထောင့်မှ လူအများ ခေါ်ဆိုခဲ့သည့် "တော်လှန်ရေးပန်းခြံ" ယခုနောက်ပိုင်း ပြောင်းလဲလိုက်သည့် "တပ်မတော်ပန်းခြံ" အတွင်း၊ အပြင် အနီးတစ်ဝိုက်တွင် ပြင်ဆင်ခြင်း၊ မွမ်းမံခြင်းတို့ဖြင့် လှုပ်ရှားမှုများကို နှစ်စဉ် မြင်တွေ့ခဲ့ရဖူးသည်။

တစ်ပတ်၊ ၁၀ ရက်မက တပ်မတော်သားများ လေ့ကျင့်ချီတက်မှုများကို မြင်တွေ့နေခဲ့ရသည်။ အားမာန်အပြည့်ဖြင့် ဟစ်ကြွေးသီဆိုသော စစ်သီချင်းများက ပန်းခြံအနီး ဝန်းကျင်တစ်ခွင် လွှမ်းခြုံနေစေခဲ့သည်။

နိုင်ငံတော်အလံ၊ တပ်မ၊ တပ်ရင်းဆိုင်ရာ အလံများက ပန်းခြံစည်းရိုးပတ်လည်တွင် အရောင်အသွေး စုံလင်စွာဖြင့် လေအဝှေ့တွင် လွင့်ပျံနေသည်။ ပန်းခြံတစ်ဝင်းလုံးတွင်လည်း ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်စုံပန်းအလှများက သူ့ထက်ငါ အလှချင်း ပြိုင်နေကြသည်။

**အတိတ်က သက်သေများ**

မတ် ၂၇ ရက်(တော်လှန်ရေးနေ့/တပ်မတော်နေ့)တွင် အစပထမ၌ ညနေပိုင်းချီတက်ခဲ့ကြသည်။ နောက်မှ နံနက်ခင်းတွင် ချီတက်ခဲ့ကြခြင်းဖြစ်သည်။ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အနော်ရထာ၊ အလောင်းဘုရား၊ အောင်ဆန်း စသည့် စစ်ကြောင်းချီ တပ်မတော်သားများကို နယ်ပယ်အသီးသီးမှ အနုပညာရှင်များနှင့်အတူ ပြည်သူများက အောင်သပြေပန်းတို့ဖြင့် ကမ်းလှမ်းမှု၊ ဖြူလွှလွှ စံပယ်ပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆိုမှုကလည်း စထွက်သည့် စုရပ်မှသည် ပန်းခြံအဝင်မုခ်ဦးအထိပင် ဖြစ်သည်။ တပ်မတော်သားများအတွက် ခွန်အားများ ဖြစ်စေခဲ့သည်။ တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်ကြောင်း အတိတ်က သက်သေများဟုပင် ဆိုရမည်ဖြစ်သည်။

နေ့အလင်းရောင် ပျောက်လာသည်နှင့် ပန်းခြံအတွင်းမှ မီးရှူး၊ မီးပန်းရောင်စုံများက အသံနှင့်အတူ ကောင်းကင်ထက်သို့ လွင့်ဖြာတက်လာခဲ့သည်။ ငယ်စဉ်က ထိုနေ့ရောက်တိုင်း မိဘများနှင့်အတူ ပန်းခြံအနီး သွားရောက်ကြည့်ခဲ့ရဖူးသည်။ "ဖောက်-ရှူး" ဟူသော အသံနှင့်အတူ မီးပန်းများကို မြင်ရတိုင်း "ဟေး" ဟူ၍ ကလေးပီပီ လက်ခုပ်လက်ဝါးတီး၍ ပျော်ခဲ့ရဖူးသည်။ ယနေ့တိုင် မှတ်မိနေဆဲဖြစ်သည်။




ရန်ကုန်တွင် ထိုကဲ့သို့ နိုင်ငံ့အင်အားကို မမြင်ရ၊ မတွေ့ခဲ့ရသည်မှာ ဆယ်စုနှစ်တစ်ခုကိုပင် ဖြတ်ကျော်လာခဲ့ပြီဖြစ်သည်။ တိပစွာဆိုရသော် ၂၀၀၆ ခုနှစ်နောက်ပိုင်းမှပင် ယနေ့တိုင်ပင် ဖြစ်သည်။

**ပြန်လည်နိုးထလာ**

၂၀၁၈ ခုနှစ် မတ် ၂၇ ရက်သည် (၇၃)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ တပ်မတော်နေ့အား ကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ရှိ တပ်မတော်ပန်းခြံ(တော်လှန်ရေးပန်းခြံ)တွင် တပ်မတော်နေ့ အငွေ့အသက်များ ပြန်လည်နိုးထလာသည်ကို တွေ့မြင်နေရသည်။ ပန်းခြံအတွင်း၌ တပ်မတော်ဆိုင်ရာ ပုံသဏ္ဍာန်များဖြစ်သည့် ရုပ်လုံး၊ ရုပ်ကြွ ဒီဇိုင်းများကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။





ယင်းသို့ တွေ့မြင်လာရခြင်းအပေါ် စေ့ငုနိုင်ရန်အတွက် လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ပါရမီလမ်းထောင့်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးမှ အတွင်းရေးမှူး ဦးမိုးမင်းဝင်းနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

၎င်းက "ဒီပန်းခြံက အရင်တုန်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ် လက်အောက်မှာပါ၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က စတင်ပြီး တပ်မြို့စည်ပင်သာယာရေးရုံးအဖွဲ့က လက်ခံပြောင်းလဲရယူခဲ့တာပါ၊

**အချပ်ပို (ဃ) သို့**

အချပ်ပို (ဃ) သို့

မြင့်မောင်စိုး

# မြို့ပြရန်ကုန်မြင်ကွင်းထဲက လမ်းဘေးဈေးဆိုင်များ

**ရန်ကုန်** မြို့ကြီးဟာ လူဦးရေထူထပ်တဲ့ မြို့ကြီးဖြစ်သလို လမ်းဘေးဆိုင်တွေကလည်း အလွန် ပေါများပါတယ်၊ ဒီလမ်းဘေးဈေးဆိုင်တွေဟာ ရောင်းချသူတွေအတွက်ရော ဝယ်ယူစားသုံးကြသူတွေအတွက်ပါ အရေးပါနေတာကို သတိပြုမိပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံလူတန်းစား အများစုဟာ ဒီလမ်းဘေးဈေးဆိုင်လေးတွေကို မှီခိုအားထားနေကြရလို့ပါပဲ။ အခြေခံလူတန်းစားတွေရဲ့ ဝင်ငွေအနေအထားအရ ဆိုင်ကြီးတွေမှာ ပုံမှန်စားသုံးဖို့ဆိုတာ တကယ်မလွယ်တဲ့ကိစ္စပါ။ ဒါကြောင့် လမ်းဘေးဈေးဆိုင်လေးတွေဟာ အခြေခံလူတန်းစားတွေအတွက်တော့ တန်ဖိုးရှိတဲ့နေရာလေးတွေလို့ ဆိုရမှာပါ။

ဒီလိုလူနေမှုစနစ်ကို အခြေခံပြီး ပေါ်ပေါက်လာတဲ့ လမ်းဘေးဈေးဆိုင်လေးတွေဟာ ရန်ကုန်မြို့ရဲ့ မြို့နယ်တိုင်းလိုလိုမှာ ရှိနေပါတယ်။ လမ်းဆုံလမ်းခွတွေ၊ လမ်းထိပ်တွေ၊ လမ်းဘေးတွေမှာ ပုံစံအမျိုးမျိုးနဲ့ ရှိနေကြတာပါ။ အချို့က ကွမ်းယာနဲ့ တွဲဖက်ပြီး အသင့်စားသုံးနိုင်တဲ့ မုန့်ထုပ်တွေ ချိတ်ဆွဲရောင်းတဲ့ ဆိုင်တွေ၊ အချို့ကျတော့ လက်ဖက်ရည်၊ ကော်ဖီ၊ ထမင်းကြော်ဆိုင်တွေ၊ ကြာဆံ၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါးဆိုင်တွေ၊ ထမင်းဆိုင်တွေ စုံလို့ပါ။ ဒီလမ်းဘေးဈေးဆိုင်လေးတွေဟာ အရည်အသွေးပြည့်ဝတဲ့ စားသောက်ကုန်တွေကို ကျန်းမာရေးနဲ့ ညီညွတ်အောင် ရောင်းချနိုင်ပြီလားဆိုတာကတော့ မေးခွန်းထုတ်စရာ တစ်ခုဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မြို့ကြီးမှာနေထိုင်ကြတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အခြေခံလူထုကျန်းမာရေးနဲ့ ဆက်စပ်နေလို့ပါပဲ။ ဒါနဲ့ပတ်သက်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနက တာဝန်ရှိသူတစ်ဦးက အခုလို ပြောဆိုတာလေးတွေတော့ ရှိပါတယ်။



**လက်ထောက်ဌာနမှူး ဒေါက်တာရွှေဘော်**

"အစားအသောက် ကိုင်တွယ်ရောင်းချသူတွေအနေနဲ့ သတိပြုလိုက်နာရမယ့်အချက်တွေ ရှိပါတယ်၊ သန့်ရှင်းလတ်ဆတ်တဲ့ အစားအသောက်တွေ ရောင်းချကြပါ၊ အစားအစာတွေကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ အစားအသောက်တွေ ချက်ပြုတ်ပြုပြင်ရာမှာ အသုံးပြုတဲ့ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းတွေကို သန့်ရှင်းတဲ့ ရေနဲ့ ဆေးကြောပါ၊ အစားအသောက် ကိုင်တွယ်ပြင်ဆင်သူဟာ တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ အမှိုက်သရိုက်တွေကို စနစ်တကျ စွန့်ပစ်ပါ စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

အစားအသောက်တွေ ချက်ပြုတ် ပြင်ဆင်တဲ့နေရာမှာ သန့်ရှင်းရေးဟာ အဓိက အရေးကြီးပါတယ်၊ နောက်ဖေးလမ်းကြားနဲ့ နီးတဲ့နေရာ၊ အိမ်သာနဲ့ နီးတဲ့နေရာတွေမှာ ချက်ပြုတ် ရောင်းချတာတွေ မလုပ်သင့်ပါဘူး။ ပြီးတော့ ပိုးဟပ်၊ ကြွက်၊ ခြင်၊ ယင်နှိမ်နင်းရေးကိုလည်း ပုံမှန်ဆောင်ရွက်သင့်ပါတယ်။ အစားအသောက်တွေအတွက် အသုံးပြုတဲ့ ဇွန်း၊ ခက်ရင်း၊ ဓား၊ စဉ်းတီတုံး၊ အိုးခွက်ပန်းကန်ခွက်ယောက်တွေကိုလည်း သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြီး အမြင့်တစ်နေရာမှာ ထားသင့်ပါတယ်၊ အန္တရာယ်ရှိတဲ့ ယမ်းစိမ်းလိုမျိုး ဓာတုပစ္စည်းမျိုးကို ချက်ပြုတ်တဲ့နေရာမှာ မထားသင့်ပါဘူး၊ ခွေး၊ ကြောင်၊ ဝက် အစရှိတဲ့ အိမ်မွေးတိရစ္ဆာန်တွေကိုလည်း ချက်ပြုတ်တဲ့နေရာတွေမှာ ရှိမနေသင့်ပါဘူး၊ ချက်ပြုတ်တဲ့သူတွေအနေနဲ့ တစ်ကိုယ်ရေသန့်ရှင်းရမယ့်အပြင် ဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ဝမ်းကိုက်ရောဂါ စတဲ့ ကူးစက်တတ်တဲ့ရောဂါတွေ မရှိဖို့လည်း လိုအပ်ပါတယ်၊ ဒါမှ သန့်ရှင်းတဲ့ အစားအသောက်တွေ ချက်ပြုတ်နိုင်မှာ ဖြစ်ပါတယ်။

လူတို့ နေ့စဉ်စားသောက်နေတဲ့ အစားအသောက်တွေဟာ အန္တရာယ်ရှိတဲ့ ဗက်တီးရီးယားပိုးမွှားတွေနဲ့ ထိတွေ့ဆက်စပ်နေပါတယ်။ ဗက်တီးရီးယားပိုးမွှားတွေကို သတိပြုဖယ်ရှားစားသုံးသင့်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း အခုလို ဆိုပါတယ်။

**လက်ထောက်ဌာနမှူး ဒေါက်တာမြင့်သန်းထွန်း**

"ဗက်တီးရီးယားနဲ့ ပတ်သက်လို့ စားသောက်ဆိုင်တွေ သိစေချင်တဲ့ အချက်လေးတွေ ရှိပါတယ်၊ ဗက်တီးရီးယားဆိုတာ အလွန်သေးငယ်ပြီး ကျွန်တော်တို့ သာမန်မျက်စိနဲ့ မမြင်နိုင်ပါဘူး၊ ဓာတ်ခွဲခန်းမှာ စစ်ဆေးကြည့်မှ တွေ့နိုင်တာဖြစ်ပါတယ်၊ အစားအသောက် ကိုင်တွယ်ရောင်းချသူတွေဟာ အရေးကြီးပါတယ်၊ ဗက်တီးရီးယားပိုးမွှားတွေဟာ လုံလောက်တဲ့ လေတို့၊ ရေတို့၊ အပူချိန်တို့ ရှိမယ်ဆိုရင် အသက်ရှင်နေထိုင်နိုင်ပါတယ်၊

အချပ်ပို (ဂ) သို့

# ရန်ကုန်မြစ်ပြင်အလှဖြင့် မြို့ပြမွန်းကျပ်မှုကို ကုစားရာဝယ်

မောင်သင်းပျံ့

**ရန်ကုန်** မြစ်ပြင်သည် အနောက်ဂေါ်ယာကျွန်းသို့ ဝင်လုဆဲနေမင်းကြီး၏ ဆည်းဆာအလှကြောင့် ပုစွန်ဆီရောင်သမ်းလျက်ရှိသည်။ ဗိုလ်တထောင်ဆိပ်ကမ်းတွင် လေညင်းခံသူ၊ လမ်းလျှောက်သူ၊ မြစ်ပြင်အလှ ခံစားသူ၊ စင်ရော်အစာကျွေးသူနှင့် မြစ်ပြင်တွင် အပျော်စီးသင်္ဘောဖြင့် အပန်းဖြေလိုက်ပါမည်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ ဗိုလ်တထောင်ဆိပ်ကမ်းအလှကြောင့် ရန်ကုန်မြို့ပြ၏ ညနေဆည်းဆာအလှသည် ပို၍တင့်တယ်လှပနေဟန်ရှိသည်။ ဆိပ်ကမ်းတွင် ယာဉ်များစီစီရီရီရပ်နားထားပြီး စားသောက်ဖွယ်မျိုးစုံဆိုင်များတွင်လည်း လာရောက်စားသောက်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့် လေကိုရှူရှိုက်၍ မြို့ပြ၏ တစ်နေ့တာမွန်းကျပ်မှုကို အစားထိုးဖြေဖျောက်ခြင်းဖြင့် ကိုယ်စိတ်လန်းဆန်းပေ့ါပါးနေကြလျက်ရှိသည်။ အုပ်လိုက် တိုးဝေ့ပျံသန်းနေကြသော စင်ရော်ငှက်များနှင့် ဗိုလ်တထောင်ဆိပ်ကမ်းက ရန်ကုန်မြို့ပြ၏ အလှကို ပို၍ပေါ်လွင်စေလျက်ရှိသည်။



ညနေ ၅ နာရီခွဲတွင် ဗိုလ်တထောင်ဆိပ်ကမ်းတံတား အမှတ်(၃)(၄)တွင် ရပ်နားထားသော မြစ်ပြင်သွား အပျော်စီး သင်္ဘောများပေါ်ဝယ် လိုက်ပါစီးနင်း အပန်းဖြေသူတို့ဖြင့် မိသားစုလိုက်၊ အဖွဲ့လိုက် ရောက်ရှိနေကြသည်။ အချို့မှာ ဘဝ ကြင်ဖော် လက်တွဲဖော်ဖြင့် ရန်ကုန်မြစ်၏ လေပြေလေညင်းကို ခံစားရန် လိုက်ပါလာကြခြင်းဖြစ်သည်။ ဤဆိပ်ကမ်းတွင် အပျော်စီးသင်္ဘော ခုနစ်စင်းဖြင့် ရန်ကုန်မြစ်၏ ဆည်းဆာအလှနှင့် သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ရန် မြို့ပြနေပြည်သူတို့ စိတ်အပန်းဖြေကြလျက်ရှိသည်။

ဗိုလ်တထောင်ဆိပ်ကမ်းမှ ညနေ ၅ နာရီခွဲတွင် ထွက်ခွာလာသော Royal green river princess (Luxury overnight boat) မှာ မြစ်ပြင်အလယ်မှ ရေလမ်းကြောင်းအတိုင်း တည်ငြိမ်စွာမောင်းနှင်လျက်ရှိသည်။ သင်္ဘောပေါ်မှ နှစ်ကူးသင်္ကြန်တေးသီချင်းက ရန်ကုန်မြစ်ပြင်ဝယ် လွင့်ပျံ့မြူးကြွလျက်။ သင်္ဘောပေါ်မှ ဝေ့ယမ်းနှုတ်ဆက်သူ၊ ဖြတ်သန်းသွားလာသော စက်လှေ၊ သင်္ဘောများပေါ်မှ ပြန်လည်နှုတ်ဆက်သူတို့ဖြင့် ညနေဆည်းဆာမြစ်ပြင်ပေါ်ဝယ် အပျော်စီးသင်္ဘောဖြင့် လိုက်ပါလာသူတို့မှာ စိတ်လက်ပေ့ါပါး ပျော်ရွှင်နေကြလျက်ရှိသည်။ နိုင်ငံခြားသားများလည်း လိုက်ပါကြပြီး အချို့မှာ မိသားစုလိုက်ပါလာကြရာ ကလေးများမှာ စင်ရော်ငှက်များကို အစာကျွေးရသည်ကို အထူးပျော်ရွှင်နေကြလျက်ရှိသည်။ ဤသို့ အပန်းဖြေခြင်းသည် နိုင်ငံ့ဝန်ထမ်းဖြစ်စေ၊ စီးပွားရေးလုပ်ကိုင်သူများဖြစ်စေ မည်သူမဆို မြို့ပြ၏ မွန်းကျပ်မှုကို ပြေပျောက်စေမည်မှာ အမှန်ပင်ဖြစ်သည်။ နိုင်ငံတော်အတွက် အခွန်ရရှိပြီး ပြည်သူတို့အတွက်လည်း ကျန်းမာရေးနှင့်အညီ စိတ်အေးချမ်းသာမှု ရရှိစေသောကြောင့် ရန်ကုန်မြစ်အတွင်း အပန်းဖြေခရီးသွားလုပ်ငန်း ရေရှည်ရပ်တည်နိုင်ရန် လိုအပ်မည်ဖြစ်သည်။ အာဆီယံနိုင်ငံအချို့တွင် နှစ်စဉ် ပြည်ပဝင်ငွေကို ခရီးသွားလုပ်ငန်းဖြင့် ရရှိနေကြသည့်နည်းတူ ဒေသတွင်း ခရီးသွားလုပ်ငန်းများ အောင်မြင်စေရန် မြို့ပြနှင့် ကျေးလက်တို့တွင် ရှေးဟောင်းယဉ်ကျေးမှုနှင့် ခေတ်သစ်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

ရန်ကုန်မြစ်ပြင်အတွင်း အပန်းဖြေသင်္ဘောမှာ မြစ်ဝဘက်ရှိ ဆိပ်ကြီးသင်္ဘောကျင်းအထိ ဖြည်းညင်းစွာ မောင်းနှင်လာရာ ရေလယ်တွင် ဆိုက်ကပ်ထားသော ဆီတင်သင်္ဘောများ၊ သန်လျင်တံတားနှင့် တိုက်တာအဆောက်အအုံများ တွေ့မြင်ရပြီး မြစ်ဝဘက်တွင် စက်လှေ၊ သင်္ဘောများ ရပ်နားထားသည်ကို သဘာဝပန်းချီကားတစ်ချပ် ရေးဆွဲထားသည့်ပမာ လှပလျက်ရှိသည်။ သင်္ဘောမှာ နှစ်ထပ်သင်္ဘောဖြစ်ပြီး အပေါ်ဆုံးအထပ်တွင် ဘားခန်းနှင့် လေညင်းခံအပန်းဖြေရန် စားပွဲဝိုင်းများ စီစီရီရီထားရှိပြီး ဒုတိယထပ်တွင် ဘူဖေးစားသောက်ခန်းနှင့် ကာရာအိုကေသီဆိုရန် စီစဉ်ထားရှိသည်ကို တွေ့ရသည်။ ရောင်စုံတောက်ပနေသော မီးလုံး၊ မီးတန်းများဖြင့် အပျော်စီးသင်္ဘော၏ ပုံသဏ္ဍာန်ကို နေဝင်သွားသောအခါ ပို၍ထင်ရှားစွာ တွေ့မြင်ရလျက်ရှိသည်။ ထိုနေရာမှ ပြန်လှည့်လာချိန်တွင် အမှောင်ထုဝင်ရောက်လာပြီဖြစ်သည်။ သီချင်းသံများ ပျံ့လွင့်လျက် မိမိတို့မိသားစုလိုက်၊ အဖွဲ့လိုက် လွတ်လပ်ပေ့ါပါးစွာဖြင့် သီချင်းဆိုသူ၊ ဓာတ်ပုံရိုက်သူ၊ စကားလက်စုံကျသူတို့ဖြင့် ရန်ကုန်မြို့ပြ၏ တစ်နေ့တာ မွန်းကျပ်မှုကို ဖြေဖျောက်စေလျက်ရှိသည်။ ညပိုင်းဖြစ်၍ သင်္ဘောကပ္ပတိန်မှ အထူးဂရုစိုက်မောင်းနှင်လျက် သင်္ဘောရှေ့မှ လှစ်ခနဲဖြတ်သန်းသွားသော စက်လှေများကို ဂရုပြုလျက်ရှိသည်။ အချို့စက်လှေတို့မှာ အချက်ပြမီးရောင် မပါဘဲ ရန်ကုန်မြစ်အတွင်း သွားလာလျက်ရှိသည်ကို တွေ့ရသည်။ အမှောင်ထုအောက်တွင် ဝေလငါးကြီးတစ်ကောင် တရွေ့ရွေ့လှုပ်ရှားလာသည့်ပမာ နိုင်ငံခြားသင်္ဘော နှစ်စင်း ဆူးလေဆိပ်ကမ်းဘက်သို့ ဖြည်းညင်းစွာ မောင်းနှင်သွားသည်ကိုလည်း တွေ့ရသည်။ ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောဖြစ်သော ချယ်ရီသင်္ဘောက ခရီးသည်များကို ပို့ဆောင်ပေးလျက် မီးရောင်ထိန်လင်းလျက် သွားလာလျက်ရှိသည်ကို တွေ့ရသည်။

ည ၇ နာရီခွဲတွင် ဗိုလ်တထောင်ဆိပ်ကမ်းသို့ အပျော်စီးသင်္ဘောပြန်လည်ဆိုက်ကပ်လာခဲ့ပြီဖြစ်သည်။ ညပိုင်း ရန်ကုန်မြစ်ပြင်တွင် ရောင်စုံအပျော်စီးသင်္ဘောများဖြင့် အပန်းဖြေသွားလာနေကြသည်မှာ ရန်ကုန်မြို့ပြနေပြည်သူတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ မြို့ပြအလှနှင့် လိုက်ဖက်ညီစေရန် ဗိုလ်တထောင်ဆိပ်ကမ်းကို ထပ်မံပြုပြင်ရန် လိုအပ်မှုများရှိနေပြီး အပျော်စီးသင်္ဘောများ အန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန် ဆိပ်ခံဇောတံတားနှင့် ဆိပ်ခံဇောများ သန့်ရှင်းလှပခိုင်ခံ့ရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် ဗိုလ်တထောင်ဆိပ်ကမ်း ကမ်းနားသန့်ရှင်းသာယာလှပရန် လုပ်ဆောင်နိုင်ပါက ရန်ကုန်မြို့ပြဆိပ်ကမ်းအဖြစ် ထင်ပေါ်လာမည်ဖြစ်သည်။ လမ်းပေါ်ဈေးသည်များနေရာတွင် ဆိုင်ခန်းများဖြင့် လည်းကောင်း၊ လာရောက်အပန်းဖြေသူတို့ရပ်နားနိုင်ရန် ကားပါကင်နေရာများနှင့် နှစ်ကြာစွာတည်ရှိခဲ့သော ဆိပ်ခံတံတားများ ပြန်လည်အစားထိုးပြုပြင်ခြင်းဖြင့် မြို့ပြနေပြည်သူတို့ အပန်းဖြေရာ ဗိုလ်တထောင်ဆိပ်ကမ်းသာယာလှပရန် လိုအပ်လျက်ရှိနေပါသည်။

ရန်ကုန်မြစ်ပြင် အပန်းဖြေခရီးသွားခြင်း လုပ်ငန်း ပိုမိုတိုးတက်အောင်မြင်ပါက ခရီးသွားရာသီတွင် နိုင်ငံခြားသားများကို ပို၍ဆွဲဆောင်နိုင်သော ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် တွေ့မြင်လာရမည်ဖြစ်ပြီး မြို့ပြနေပြည်သူများ ရန်ကုန်မြစ်ပြင်အလှဖြင့် မြို့ပြမွန်းကျပ်မှုကို ဖြေဖျောက်စေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



**အပန်းဖြေသင်္ဘော Royal green river princess ဖြင့် လိုက်ပါစီးနင်းသော ခရီးသည်များကို တွေ့ရစဉ်။** ဓာတ်ပုံ- ငြိမ်းချမ်း

**မြို့ပြရန်ကုန်မြင်ကွင်းထဲက လမ်းဘေးဈေးဆိုင်များ ...မှ**

ဇက်တီးရီးယားတွေက လူ၊ တိရစ္ဆာန်တွေရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေမှာ ကပ်ငြိနေတတ်သလို အစားအသောက်တွေမှာလည်း တွေ့ရတတ်ပါတယ်။

ဇက်တီးရီးယားမှာ အစာအဆိပ်သင့်တဲ့ ပိုးရှိတယ်၊ ဝမ်းလျှော ဝမ်းပျက်စေတဲ့ ပိုးရှိတယ်၊ ကာလဝမ်းရောဂါဖြစ်စေတဲ့ ပိုးရှိတယ်၊ ဒီဇက်တီးရီးယားတွေဟာ ရေနဲ့ အစားအသောက်တွေမှာ အများဆုံး တွေ့ရလေ့ရှိပါတယ်၊ ဇက်တီးရီးယားမှာ ၄၀ ဒီဂရီစင်တီဂရိတ်နဲ့ ၆၀ ဒီဂရီစင်တီဂရိကြားမှာ ပေါက်ပွားတတ်ကြပါတယ်၊ ၆၀ ဒီဂရီစင်တီဂရိတ်အထက် အပူပေးမယ်။ ဒါမှမဟုတ် ၅ ဒီဂရီစင်တီဂရိတ်အောက် အေးခဲအောင် လုပ်မယ်ဆိုရင် ဇက်တီးရီးယာတွေ သေမှာဖြစ်ပါတယ်၊ ဒါကြောင့် အစားအသောက်တွေ ချက်ပြုတ်ရာမှာ ပွက်ပွက်ဆူအောင်



**ဒေါက်တာ ရွှေဘော် လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ**

ချက်ပြုတ်ဖို့ လိုပါတယ်၊ ကျွန်တော်တို့ အစားအသောက်တွေ ချက်ပြုတ်ရောင်းချတဲ့အခါမှာ ကျန်းမာရေးနဲ့ ညီညွတ်ရမယ်၊ အာဟာရလည်း ပြည့်ဝရမယ်၊ ဓာတုဆေးဝါးကလည်း လွတ်ကင်းဖို့ လိုပါတယ်။ ရောင်းချတဲ့အစားအသောက်တွေဟာ သန့်ရှင်းရမယ်၊ လတ်ဆတ်ရမယ်လို့ အသိပေးခြင်းဖြစ်ပါတယ်”။



**ဒေါက်တာ မြင့်သန်းထွန်း လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ**

ဒါကတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာနမှ တာဝန်ရှိသူတွေက စားသောက်ဆိုင်တွေ၊ လမ်းဘေးဈေးဆိုင်တွေ သန့်ရှင်းတဲ့စားသောက်ဆိုင်တွေ ဖြစ်ဖို့ ကျန်းမာရေးနဲ့ ညီညွတ်ဖို့ ပြောကြားခဲ့ပါတယ်။ ရန်ကုန်မြို့တော်ကြီးမှာ လမ်းဘေးဈေးဆိုင်တွေ အဆင့်မြင့်မားဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် ရောင်းချတဲ့ဈေးဆိုင်တွေ ဖြစ်လာဖို့ဆိုတာ မြို့တော်စည်ပင်တစ်ခုတည်းနဲ့ လုပ်ဆောင်လို့ မရနိုင်ပါဘူး။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်အသင်းက သင်တန်းပေးတာမျိုး၊ FDA က အခါမလပ် စစ်ဆေးကြပ်မတ်တာမျိုး၊ ကောင်းမွန်တဲ့ အစားအသောက်တွေ ရောင်းချနိုင်ဖို့ ငွေကြေးအရင်းအနှီး ပံ့ပိုးကူညီတာမျိုး စတဲ့ဘက်ပေါင်းစုံက ပူးပေါင်းဆောင်ရွက်မှုတွေ၊ အဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်သွားရဦးမှာပါ။ ဒါမှ ရန်ကုန်မြို့ကြီးကို သန့်ရှင်းလတ်ဆတ်တဲ့ လမ်းဘေးဆိုင်လေးတွေနဲ့အတူ အရှေ့တစ်ခုဆီသို့ ပို့ဆောင်ပေးနိုင်မည် မဟုတ်ပါလား။ ။

# အခွန်ဥပဒေသစ်နှင့် မကြာမီပြောင်းလဲမည်ဟု မျှော်လင့်ရသည့် ရန်ကုန်ကားဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၈၅ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Kluger | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၈၀ |
| Fit Gp1 | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၉၅ |
| Latio | 2007 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Parado | 1997 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၀ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၅ |
| Cedric | 2000 | ရန်ကုန် | 2500cc | အပြင်ဈေး | ၁၃၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ဧပြီ ၁ ရက်တွင် စတင်ပြောင်းလဲကျင့်သုံးတော့မည့် အခွန်ဥပဒေသစ်ကို စောင့်ကြည့်ရင်း ကားလောကသားများ ရင်ခုန်နေကြရပြီး ကားဈေးနှုန်းများမှာလည်း အမြင့်ဈေးဖြင့်သာ ငြိမ်သက်နေဆဲဖြစ်ကြောင်း ရန်ကုန်ကားဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုဘဏ္ဍာရေးနှစ်မကုန်မီ စာရင်းအင်းအချက်အလက်များအရ ပြည်တွင်းထုတ်ကားများနှင့် ပြည်ပမှ မှာယူတင်သွင်းခဲ့သည့် ကားများကို ကောက်ခံခဲ့သည့် ဝင်ငွေခွန်ကောက်ခံသည့် ပုံစံပြောင်းလဲမည်ဟု ထွက်ပေါ်လာသည့်သတင်းစကားများအရ ကားဈေးနှုန်းများ ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းကြသူများလည်းရှိသည်။ ယခုရက်ပိုင်း သင်္ကြန်ကာလနီးလာသော်လည်း ကားအရောင်းအဝယ်မှာမူ ယခင် သီတင်းပတ်အတိုင်း အေးစက်ဆဲပင်ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။

"ကားဈေးနှုန်းတွေက အခွန်ဥပဒေအသစ်နဲ့ ရန်ကုန်လိုင်စင်ကိစ္စ အပြောင်းအလဲကြောင့် စောင့်ကြည့်ကြသူတွေ များပါတယ်၊ အရင်က သင်္ကြန်မရောက်ခင် အခုကာလဆိုရင် အရောင်းအဝယ် အားကောင်းတယ်၊ နယ်ဝယ်လက်လည်း အများကြီးလာတယ်၊ ရန်ကုန်ဝယ်လက်လည်း များတယ်၊ အထူးသဖြင့် အကြမ်းခံတဲ့ကားတွေ သင်္ကြန်လည်ကြဖို့ဝယ်တာရှိတယ်၊ ဒီနှစ်တော့ အရောင်းအဝယ်က နည်းနည်းရှိပေမယ့် အရင်နှစ်ကလောက် အားမကောင်းဘူး"ဟု ကားဝယ်ရောင်းကိုသက်ဦးမောင်က ပြောသည်။

ထို့ပြင် အခွန်ဥပဒေစောင့်ကြည့်ရသည့် အတွင်း ရန်ကုန်လိုင်စင်များ ပြောင်းလဲကျင့်သုံးမည့် အခြေအနေများကြောင့် စောင့်ကြည့်နေကြသူများ များပြားနေကြောင်း၊ ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်အနည်းငယ် တက်လာနေကြောင်း ကားလောကအတွင်းမှ သိရှိရသည်။

ကားပွဲစားတန်းများအပြင် ကားအရောင်းပြခန်းများတွင်လည်း အရောင်းအဝယ်မှာ ပုံမှန်သာရှိနေပြီး တစ်ပတ်အတွင်း တစ်စီး၊ နှစ်စီးစသာ ရောင်းချနေကြရကြောင်း၊ အရောင်းအဝယ်ဖြစ်ရန်မှာ လာမည့် ဧပြီလ ၁ ရက်နေ့ အပြောင်းအလဲပေါ်တွင် မူတည်နေကြောင်း သိရသည်။

"ယခုနှစ်မှာ ဝင်ငွေခွန်က ငွေကျပ်သိန်း ၃၀၀ အောက်ကားတွေကို ၁၅ ရာခိုင်နှုန်း၊ ငွေကျပ်သိန်း ၃၀၀ အထက်ကားတွေကို ၂၀ ရာခိုင်နှုန်း၊ ငွေကျပ် သိန်း ၁၀၀၀ အထက်ကားတွေကို ၃၀ ရာခိုင်နှုန်း ကောက်နေတာပါ၊ လာမယ့်နှစ်မှာတော့ ဘယ်လိုလာမယ်ဆိုတာ တိတိကျကျ မသိရသေးပါဘူး၊ ကြားနေရတဲ့သတင်းတွေအရကတော့ သုံးရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်းကြားကို မခွဲခြားဘဲ ကောက်ခံသွားမယ်လို့တော့ သိထားပါတယ်၊ ဒါကအမှန်ဆိုရင်တော့ ကားဈေးက ကျိန်းသေပေါက်ကို ကျဆင်းသွားဖို့ ရှိနေပါတယ်၊ လက်ရှိမှာတော့ အားလုံးက စောင့်ကြည့်နေကြဆဲပါ"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ဆိုသည်။

ထို့ပြင် ရန်ကုန်လိုင်စင် လိုအပ်သူတွေအတွက် ရန်ကုန်လိုင်စင်ကိုလည်း သတ်မှတ်နှုန်းထားတစ်ခုဖြင့် ထုတ်ပေးမည်ဟူသည့် အသံများလည်း ထွက်ပေါ်လျက်ရှိရာ ကားဝယ်လိုသူအများစုမှာ လက်ရှိတွင် မဝယ်သေးဘဲ ဈေးမေးမြန်း၍ အပြောင်းအလဲကိုသာ စောင့်ဆိုင်းနေကြချိန်ဟု ဆိုရမည်ဖြစ်သည်။

စလစ်ဈေးနှုန်းများမှာလည်း အရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး ငွေကျပ်သိန်း ၁၁၀ နှင့်အထက်တွင် ရှိနေကြောင်း၊ အရောင်းပြခန်းအချို့တွင် အရစ်ကျစနစ်ဖြင့် ရောင်းချသည့် မော်တော်ကားများကိုလည်း လက်ရှိတွင် ဝယ်ယူသူမရှိသလောက် နည်းပါးနေပြီး လာရောက်၍ ဈေးစုံစမ်းကြသူများသာ များပြားနေကြောင်း သိရှိရသည်။

"ရန်ကုန်လိုင်စင်နဲ့ပတ်သက်ပြီး ကားတင်သွင်းခွင့်မူကြမ်းထွက်ပြီးထားပေမယ့် အခုချိန်ထိ အတည်မပြုနိုင်သေးတဲ့အတွက် အရောင်းအဝယ်က ဆက်လက်ပြီး အေးစက်နေဦးမှာပါပဲ၊ အခုအချိန်မှာ အခွန်များများနဲ့ ဝယ်ထားရတဲ့ ကားပိုင်ရှင်တွေကလည်း မျက်ခုံးလှုပ်လှုပ်နဲ့ပဲ ကျဈေးမရောက်မချင်း တင်းခံနေကြမယ်လို့ ထင်ပါတယ်။ ဒါတင် မကသေးပါဘူး၊ ဝင်ငွေခွန်ကို လျှော့ပေးမယ်ဆိုတဲ့အတွက်လည်း တက်ဈေးနဲ့ဝယ်ထားကြသူတွေ နစ်နာဆုံးရှုံးမှုတွေကို ကုစားဖို့ အစီအစဉ်လည်း အစိုးရက လုပ်ပေးသင့်တယ်လို့ ထင်ပါတယ်၊ ဝယ်ယူမယ့် သူတွေကတော့ ဒီကာလက ဝယ်ဖို့ မသင့်တော်သေးတဲ့ သီတင်းပတ်ပဲဖြစ်ပြီး ဧပြီလ ပိတ်ရက်တွေ ကျော်တဲ့အထိ စောင့်ကြည့်နေသင့် တယ်လို့ အကြံပေးချင်ပါတယ်"ဟု ကားလောက ကျွမ်းကျင်သူတစ်ဦးက ထောက်ပြထားသည်။ ။



---

### ရန်ကုန်မြို့ပြ ဘတ်စ်ကားတွေနဲ့ ကတ်စနစ်...မှ

ပါတယ်။ လေအေး စက်တပ်ထားတဲ့ ဘတ်စ်ကားအသစ်တွေ၊ စိတ်နှလုံးမချမ်းမြေ့စရာ ပြုမူပြောဆိုတတ်တဲ့ ယာဉ်နောက်တွေ မပါရှိမှုတွေ၊ ကား မှတ်တိုင်တွေမှာ အချိန်ကြာမြင့်စွာ ရပ်ထားမှုတွေက အတော်လေးနည်းပါးသွားလို့ ပြည်သူတွေ စိတ်ချမ်းသာမှု အများကြီးရရှိလာပါတယ်။

ဒါကြောင့် ရန်ကုန်မြို့နေ ဘတ်စ်ကားစီး နေ့စဉ်သွားလာနေကြတဲ့ ပြည်သူတွေအတွက် စိတ်မသက်သာစရာဖြစ်နေတဲ့ ယာဉ်စီးခ ငွေကျပ် ၂၀၀ ပေးနေရတဲ့ ကိစ္စကို အမြန်ဆုံး ဖြေရှင်းပေးနိုင်တဲ့ကတ်စနစ် ထွက်ပေါ်အသုံးပြုနိုင်ဖို့ပါပဲ။ ဒီလို ကတ်စနစ်ပြုလုပ်အသုံးပြုနိုင်ခဲ့ရင်တော့ ခရီးသည်တွေအတွက် ယာဉ်ပိုင်ရှင်တွေအတွက်ပါ အဆင်ပြေမယ့် အခြေအနေဖြစ်သွားပါလိမ့်မယ်။

ယာဉ်ပိုင်ရှင်တွေအတွက် ခရီးသည်တွေထံက ယာဉ်စီးခအပြည့်အဝရရှိစေမှာဖြစ်သလို ယာဉ်စီးခ လျှော့ထည့်ခြင်း၊ ပိုထည့်မိခြင်းတွေလည်း မရှိနိုင်တော့ပါဘူး။ ဒ့ါအပြင် အချို့ယာဉ်မောင်းတွေနဲ့ မသမာမှုတွေလည်း ရှိတော့မှာ မဟုတ်ပါဘူး။ ခရီးသည်တွေအတွက်လည်း ယာဉ်စီးခကို တကူးတက ရှာဖွေစရာမလိုဘဲ အလွယ်တကူ တိတိကျကျ ပေးချေနိုင်တော့မှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ဝိုင်ဘီအက်စ်ယာဉ်လိုင်းပေါင်း ၉၂ လိုင်းကျော် ရှိနေပြီး ဝိုင်ဘီအက်စ်ဘတ်စ်ကားအစီးရေ ၄၀၀၀ ကျော် ရှိနေပါတယ်။ အခု ပြုလုပ်နေတဲ့ ယာဉ်စီးခပေးချေကတ်ဟာ ရန်ကုန်မြို့မှာ သွားလာနေတဲ့ ယာဉ်လိုင်းအသီးသီးရဲ့ဘတ်စ်ကားခတွေကို ပေးချေနိုင်မှာဖြစ်လို့ ခရီးသည်တွေအတွက် အဆင်ပြေပြေ စီးနိုင်ကြမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ ဘတ်စ်ကားခ ငွေပေးချေကတ်အတိုင်း အသုံးပြုနိုင်အောင် ကြိုးစားဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ဒီလို ယာဉ်စီးခပေးချေကတ်ကို ပြည်သူတိုင်း လက်လှမ်းမီဝယ်ယူနိုင်တဲ့ကတ်စနစ်မျိုး ထုတ်လုပ်သွားဖို့ ရှိနေပြီး လွတ်လပ်စွာ ဝယ်ယူအသုံးပြုနိုင်အောင်လည်း စီစဉ်ဆောင်ရွက်သွားဖို့တော့ ရှိနေတာအမှန်ပါပဲ။

ဒီလို ယာဉ်စီးခ ငွေပေးချေကတ်စနစ်ကိုလည်း တစ်ကြိမ်နည်းပညာအဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားမှာဖြစ်တာမို့ အမှားအယွင်းနည်းပြီး အခက်အခဲမရှိဘူးဆိုတော့ နှစ်ဦးနှစ်ဖက်အဆင်ပြေကာ ဝိုင်ဘီအက်စ်ရဲ့ကောင်းသတင်းနဲ့အတူ ပြည်သူတွေရဲ့အားထားစီးနင်းမှုကို ရရှိစေမှာဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မြို့နေ ဘတ်စ်ကားစီး ပြည်သူတော့ ဘတ်စ်ကားစီးနင်းခ အလွတ်တကူ ပေးချေနိုင်တဲ့ ကတ်စနစ်ကို စောင့်မျှော်နေပြီဖြစ်သလို အမြန်ဆုံး အသုံးပြုနိုင်တယ်ဆိုရင်တော့ ရန်ကုန်မြို့ပြည်သူများရဲ့ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတစ်ခုကို ဖြစ်သွားနိုင်တာကတော့ အမှန်ပါပဲ။ ။

---

**နိုင်ငံတော်အလံအထိမ်းအမှတ် ဝါ၊ စိမ်း၊ နီ သုံးရောင်မှာလည်း တောက်ပသောရောင်စဉ်များဖြင့် စိုပြည်သကဲ့သို့ နောက်ခံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဝင်းဝါသော ရွှေရောင်အဆင်းနှင့် ပန်းခြံအတွင်းမှ မီးအလှသဏ္ဍာန်တို့က ထူးခြားဆန်းပြားသော ပန်းချီကားချပ်ကြီးသဖွယ် မြင်တွေ့ရမည်**

**အချပ်ပို (ခ)မှ**

ပန်းခြံကြီးကို ပြန်လည်ရှင်းလင်း ပြုပြင်ပြီး ၂၀၁၄ ခုနှစ်မှာ အများပြည်သူ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ပြန်ဖွင့်လှစ်ပေးခဲ့တာပါ၊ အခမဲ့ နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိပါ" ဟု ရှင်းပြပေးခဲ့သည်။

အတွင်းရေးမှူး ဦးမိုးမင်းဝင်းကပင် " အခု မြင်တွေ့လာရတာကတော့ (၇၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြည်း၊ ရေ၊ လေ ဆိုင်ရာ ယာဉ်ယန္တရား၊ လက်နက်တွေကို LED မီးလုံးတွေနဲ့ ဒီဇိုင်းထွင်ပြီး ရုပ်လုံးဖော် ပြသဖို့ စီစဉ်နေတာပါ" ဟု ဆိုသည်။

၃၂ ဧက ကျော် ကျယ်ဝန်းသော ပန်းခြံကြီးအတွင်း လျှောက်လမ်းများတစ်လျှောက် အပင်ကြီး၊ အပင်ငယ်များပေါ်၌ ရောင်စုံမီးလုံးငယ်များဖြင့် ချိတ်ဆွဲအလှဆင်သွားမည်ဟု သိရသည်။

ထို့အပြင် သမိုင်းတစ်ရပ်ဖြစ်ခဲ့သည့် ၁၉၄၅ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း စစ်ထွက်မိန့်ခွန်းပြောရာတွင် တည်ရှိခဲ့သည့် အထင်ကရမှတ်တိုင်"သပြေကြီးပင်"နှင့် ဗိုလ်ချုပ်၏ မြင်းချည်ခဲ့ရာ "သပြေကြီးပင်" နှစ်ပင်မှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လဲပြိုခဲ့သည်။ ယခု ယင်းနှစ်နေရာတွင် သပြေကြီးပင် နှစ်ပင်အစားထိုးစိုက်ပျိုးခဲ့ပြီး ထိုအပင်နှစ်ပင်စလုံးတွင် အလှဆုံးဖြစ်စေရန် မီးလုံးများဖြင့် ချိတ်ဆွဲထားမည်ဟု သိရသည်။

အတွင်းရေးမှူး ဦးမိုးမင်းဝင်းကပင် "ယာဉ်၊ ယန္တရား၊ လက်နက် ရုပ်လုံးဖော်ပြကွက်အနေနဲ့ဆိုရင် တင့်ကားပုံစံ လေးစီး၊ တိုက်လေယာဉ်ပျံပုံစံ နှစ်စင်း၊ ကယ်ရီယာ(စစ်သုံးလေယာဉ်)ပုံစံ တစ်စင်း၊ မေယုစစ်သင်္ဘောပုံစံတစ်စင်း၊ အမြောက်ပုံစံ ခြောက်လက်၊ အဝေးပစ်ဒုံးပုံစံ လေးစင်းနဲ့ ရေဒါပုံစံတစ်လက်ပါ" ဟု ဆိုခဲ့သည်။

**အနုပညာခံစားချက်များလည်းရှိ**

ထို့အပြင် စစ်သားတစ်ဦး၏ နှလုံးသားဝယ် အနုပညာခံစားချက်များလည်း ရှိတတ်ပါသည်ဟူသော အသွင်ကိုဆောင်သည့် ပြကွက်များ၊ ဂီတနယ်မှ စောင်းကောက်ပုံစံမီးအလှ၊ ပတ္တလားပုံစံမီးအလှနှင့် ပျံဝဲနေသော လိပ်ပြာပုံစံ မီးအလှတို့ကလည်း မြင်သူတကာ ငေးလောက်ပါပေသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု လက္ခဏာ ဆွမ်းတော်အုပ်ပုံစံနှင့် နေရာအနှံ့ ပွင့်နေသော ကြာပန်းသဏ္ဍာန် မီးအလှတို့မှာလည်း ကြည့်တိုင်း ဆန်းသစ်နေခဲ့သည်။ (၇၃)နှစ်မြောက် တပ်မတော်နေ့ဟူသော စာတန်းအပြင် နိုင်ငံတော်အလံအထိမ်းအမှတ် ဝါ၊ စိမ်း၊ နီ သုံးရောင်မှာလည်း တောက်ပသောရောင်စဉ်များဖြင့် စိုပြည်သကဲ့သို့ နောက်ခံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဝင်းဝါသော ရွှေရောင်အဆင်းနှင့် ပန်းခြံအတွင်းမှ မီးအလှသဏ္ဍာန်တို့က ထူးခြားဆန်းပြားသော ပန်းချီကားချပ်ကြီးသဖွယ် မြင်တွေ့ရမည်ဖြစ်သည်။

ညပိုင်း မီးအလှဆင်ပြင်ဆင်မှုများကို ဓာတ်ပုံမှတ်တမ်းတင်စဉ် တာဝန်ရှိသူ အင်ဂျင်နီယာတစ်ဦးက "အခုလို တပ်မတော်နေ့ ဂုဏ်ပြုမီးအလှဒီဇိုင်းတွေကို နေပြည်တော်နဲ့ ရန်ကုန်မှာ ပြုလုပ်နေတာပါ၊ အများပြည်သူတွေ စိတ်လက်ချမ်းသာစွာနဲ့ အပန်းပြေစေဖို့ပါ၊ မြန်မာပြည်မှာ ဒီလိုအတတ်ပညာရှင်တွေ ရှိတယ်ဆိုတာ သိစေချင်တာလည်း ပါပါတယ်၊ တပ်မိသားစုဝင်များနဲ့ အတတ်ပညာရှင်တွေပေါင်းစုပြီး လုပ်တာပါ"ဟု ဆိုသည်။

ပန်းခြံအတွင်း အလှဆင်ထားမှုများကို ပန်းခြံ မူလဖွင့်ချိန်နှင့် တစ်ဆက်တည်း ညနေ ၆ နာရီတွင် မီးများ စတင်ထွန်းညှိထားမည်ဖြစ်ပြီး မည်သူမဆို ဝင်ကြေးမရှိ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဓမ္မစေတီလမ်းဘက် မုခ်ဦးအနီးမှ လေတိုက်တိုင်း လည်နေသော ရောင်စုံစက္ကူကြယ်ပေါင်းမိုးအောက်မှ ဖြတ်သန်းလာစဉ် အတွေးတစ်ခု ဝင်လာခဲ့သည်။

**ကလေးငယ်များ မြင်စေတွေ့စေချင်**

နှစ်အတော်ကြာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ရန်ကုန်မြို့မှ တော်လှန်ရေးပန်းခြံခေါ် တပ်မတော်ပန်းခြံတွင် ယခုလိုအချိန်၌ တပ်မတော်၏ အသွင်သဏ္ဍာန် အငွေ့အသက်များ ပြန်လည်သက်ဝင်နိုးထလာပြီကို တွေ့မြင်ရသကဲ့သို့ လှပဝေဆာ ရောင်စဉ်ဖြာသော မီးရှူးမီးပန်းအလှများကိုပါ ယနေ့ ကလေးငယ်များ မြင်စေတွေ့စေချင်သည်မှာ အမှန်ပင်ဖြစ်တော့သည်။ ။